
ရွှေဝကား
၁၇၆၀



# သီရိကြယ်စင်

## ချစ်ခြင်းဖွဲ့တဲ့လေပြေ

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း၊ ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# သီရိကြယ်စင်

## ချစ်ခြင်းကိုဖွဲ့တဲ့လေပြည်

## အခန်း(၁)

သဒ္ဒါကြည်ဖြူ . .

နောက်ဆုံးပေါ်ဒီဇိုင်းနှင့် ခေတ်ပေါ် ကောင်မလေး တစ်ယောက်။

ခေတ်ပေါ်ကောင်မလေးဆိုပေမယ့် ဖက်ရှင်မဂ္ဂဇင်းစာအုပ်တွေထဲက မော်ဒယ်ကောင်မလေးတွေလိုတော့ ပေါ်ပေါ်ရော်ရော် မဝတ်ချင်ပါဘူး။

မြန်မာအမျိုးသမီးဆိုသည့် အခြေခံစိတ်ဓာတ်၊ မရှိမဖြစ်စိတ်ဓာတ်လေးကြောင့် ကြည်ဖြူဝတ်တာမှန်သမျှအားလုံး လုံလုံခြုံခြုံ။

ပေါ်အောင်ဖော်မှ ခေတ်မီတာမဟုတ်ပါဘူး။ အင်တာ နေရှင်နယ်မီအောင် ထွင်ဝတ်လို့လည်းရပါတယ်။

ယခု သဒ္ဒါကြည်ဖြူဝတ်ဆင်ထားတာ ခေတ်မမီဘူးလို့ ဘယ်သူပြောလို့ရသလဲ။ ဖက်ရှင်ရှော့တွေမှာ အလှပြထားသည့် ဖယောင်းရုပ်လေးလို စင်းလုံးချောကိုယ်ခန္ဓာနှင့် ပြစ်မျိုးမှည့် မထင်သည့်ပုံစံလေးမှာ စကတ်အရှည်ကြီးနှင့်။ ရယ်ဒီမိတ်ပုံဆန်း နှစ်ထပ်အင်္ကျီတိုတိုလေးက အဝါဖန့်ဖန့်လေးဖြစ်သည်။

မနေ့ကမှပြောင်းလာသည့် သည်ရပ်ကွက်ထဲမှာ တစ်ဖက် ခြေရင်းခြံက ပန်းမျိုးစုံဖူးပွင့်ဝေဆာနေသည်ကို ခိုးကြည့်ပြီး ကြည်ဖြူ တော်တော်အသည်းယားနေမိသည်။

အဲဒီခြံကို ဘယ်သူပိုင်တာလဲ။ အဲဒီပန်းတွေဟာ အလှ စိုက်ထားတာလား။ ရောင်းဖို့လား။

စဉ်းစားကြည့်ရတာတော့ မသေချာပါ။ တစ်ဖက်ခြံမှအိမ် လေးသည် သစ်သားတစ်ထပ်အိမ်လေးဖြစ်ပေမယ့် ခြံကလေး ကျဉ်းကျဉ်းမှာ စိုက်ပျိုးထားလိုက်သည့်ပန်းတွေဆိုတာ ကမ္ဘာမြေ ပြင်ပေါ်မှာ ပန်းတွေရောင်စုံကြဖြန့်ထားသည့်နှယ်။





အိမ်ကလေးကိုမြုပ်လို့။ ပန်းတွေကြားမှ အရုပ်အိမ်လေး။ ပုံစံကြည့်ရတာ ပန်းတွေသည် ရောင်းဖို့လည်းဖြစ်နိုင်သည်။ အလှစိုက်ထားတာလည်းဖြစ်နိုင်သည်။

ကြည်ဖြူတို့အိမ်ဘက်မှာတော့ နှစ်ထပ်တိုက်ကြီးကခမ်းနား ကြီးကျယ်ပေမယ့် အရင်နေထိုင်သွားသည့်လူများသည် ပန်းမချစ် တတ်သူများဖြစ်ပေမည်။

ခြံထဲမှာ တင်းနစ်ကုတ်နှင့် ရေကူးကန်ကိုသာ အသားပေး ပြီးဆောက်ထားသည်။ ကျန်တာ ဘာပင်မှမရှိ။ အဲ. . ဘုရားစူး လွတ်အောင် ခြံထောင့်မှာတော့ သနပ်ခါးပန်းပင်တစ်ပင်တော့ တွေ့ရသည်။

မနက်ကတည်းက တစ်ဖက်ခြံကို အပေါ်စီးမှမြင်ရအောင် အပေါ်ထပ် မိမိအခန်းမှချောင်းကြည့်နေမိသည့်ကြည်ဖြူသည် တစ်ဖက်ခြံမှပန်းတွေကို ဘယ်လိုနည်းနှင့်ခိုးထုတ်ရပါ့မလဲဟု ကြံစည်နေမိသည်။

ခိုးစားတဲ့အသီးမှ ပိုချိုသတဲ့။

ကြည်ဖြူမှာ (၁၀)နှစ်သမီးကတည်းက မိခင်ဆုံးပါးသွား

ခဲ့ပြီး အလုပ်သိပ်များသည့်ဖခင်ကြီးက ဆွေးမျိုးနီးစပ်တော်သည့် အရိုးကြူကို အိမ်တော်ပါသဘောမျိုး၊ နာနီသဘောမျိုး သူမအတွက် ပေးထားခဲ့လေသည်ဖြစ်ရာ စာသိပ်မတတ်သည့်၊ အသိဉာဏ်နည်းပါးသည့်အရိုးကြူက ကြည်ဖြူကို မဟုတ်သည့်အတတ်တို့ကို ဝါသနာထုံစေခဲ့ပါ၏။

ကြည်ဖြူကိုယ်တိုင် ဒုတိယနှစ် ဓာတုဗေဒကျောင်းသူဖြစ်ပေမယ့် ငယ်ကျင့်လေးတွေက မပျောက်။

ဥပမာ-ပန်းခိုးချင်တာမျိုးပေါ့။ ဝယ်မယ်ဆို တစ်ခင်းလုံးတောင်ဝယ်နိုင်ပေမယ့် သူများခြံထဲကအလှဆုံးပန်းကို အလစ်သုတ်ချင်စိတ်က တားမရ၊ ဆီးမရ။

သူတစ်ပါးပစ္စည်းဆို အပ်တိုတစ်ချောင်းတောင်မယူချင်ပေမယ့် ပန်းတော့မရ။ ငါးပါးသီလကိုလုံချင်ပေမယ့် ပန်းလှလှတွေ့ရင်တော့ ကြည်ဖြူစိတ်မခိုင်ချင်တော့ပါ။

ယခုလည်း အပေါ်စီးမှမြင်နေရသည့်ပန်းခင်းနှင့်အိမ်လေးကို သူမစိတ်ဝင်စားစွာနှင့် အကြံထုတ်ပြီးကြည့်နေမိစဉ် ထိုအိမ်လေးထဲမှ ချောမောလှပသည့် အသက်သုံးဆယ်အရွယ်ရှိ အမျိုးသမီးတစ်ဦးထွက်လာလေသည်။

အဲ. . ခြံပိုင်ရှင်ပဲဖြစ်ရမယ်။ သည်ရပ်ကွက်ထဲမှာ နှစ်ထပ်





တိုက်တွေ၊ သုံးထပ်တိုက်တွေမင်းမူနေသည့်ကြားထဲ သူတို့အိမ်ကလေးကတော့ သစ်သားအိမ်ဖြစ်သည်။

သို့သော် လှတာပါပဲ။ အမျိုးသမီးကို သဒ္ဒါကြည်ဖြူ စိတ်ဝင်တစားကြည့်နေမိဆဲ ထိုအမျိုးသမီးက အိမ်ထဲသို့လှမ်းပြီး အသံပြုလိုက်သည်။

"သားရေ. . လူလူရေ. . ထဈော့ကွယ်၊ ပန်းပင်တွေရေလောင်းပါဦး၊ ရာသီဥတုကပူလာပြီလေ၊ ရေရွှဲရွှဲလောင်းစမ်းပါ၊ ထ. . ထ. . ၊ မကြီးဈေးသွားလိုက်ဦးမယ်၊ ပန်းဖောက်သည်တွေလာရင် ခူးပြီးသားပန်းတွေပေးလိုက်"

ညွှန်ကြားချက်ပေးပြီး ထိုအမျိုးသမီးခြံပြင်သို့ထွက်သွားလျှင် ကြည်ဖြူ စိတ်ဝင်စားစွာကြည့်နေမိ၏။

အသက်သုံးဆယ်ကျော်မှ် သူမ၏အလှက အစွမ်းကုန်ပွင့်နေသည့်နှင်းဆီတစ်ပွင့်နှယ်။

အပျိုပေါက်လေးတွေလို ပါးပါးလျားလျားမဟုတ်ဘဲ လုံးကြီးပေါက်လှနီးပါးထွားကျိုင်းပြီး ဝတ်စားဆင်ယင်ပုံကလည်း ယဉ်ကျေးသိမ်မွေ့ပုံပင်။

ဘုရားရေ. . အဲဒါ အပျိုကြီးလား။ ယောကျ်ားနဲ့လား။ ငါ့ဖေဖေက မုဆိုးဖို၊ ကုမ္ပဏီသူဌေး။ ဖေဖေ့ကို ငါဘယ်လိုဝှက်ထားရပါ့မလဲ။

အပြာရောင်ဝတ်စုံနွဲ့နွဲ့လေးနှင့် ဈေးသွားသည့်အမျိုးသမီး၏အလှအပေါ် သဒ္ဓါကြည်ဖြူ စိုးရိမ်ပူပန်နေမိစဉ် အိမ်ထဲမှ ကောင်လေးတစ်ယောက် အိပ်ချင်မူးန်မွှားနှင့်ထွက်လာ၏။

ဟင်း. . . လွန်တာပေါ့။ နံနက်(၈)နာရီပဲကျော်နေပြီ။ ကြည်ဖြူဆို နံနက်(၆)နာရီကပင် အိပ်ယာမှထစမြဲ။

ဘာရယ်မဟုတ်။ ကျောင်းပိတ်ရက်မို့ နေရာမှမထဘဲ ကြည်ဖြူဆက်ကြည့်နေလိုက်လျှင် ထိုကောင်လေးက သူ့ပန်းပင်များကိုရေလောင်းဖို့ စတင်ပြင်ဆင်နေသည်။

အင်း. . ကောင်လေးဆိုပေမယ့် ငါ့ထက်တော့မငယ်ပါဘူး။ ငါက (၁၉)နှစ်ဆိုတော့ သူလည်း (၁၉၊၂၀)လောက်ရှိမှာပေါ့။ ဒီကောင်လေးဟာ စောစောကအစ်မကြီးရဲ့သားတော့ ဟုတ်မည်မထင်။ မောင်နှမပဲဖြစ်ရမည်။

အရိုးကြူသွန်သင်ဆုံးမထားလို့ ယောကျ်ားလေးဆို အလိုလို





ပင်အမြင့်ကတ်မုန်းတီးနေတတ်သည့် သဒ္ဓါကြည်ဖြူ၏မျက်ဝန်းထဲမှာ ထိုကောင်လေး၏အသွင်က အမြင်ကတ်စရာ။

ကြည့်ပါဦး။ ရုပ်ကိုက ဆောင့်ကြွားကြွားနဲ့။ အပိုးကိုမကျိုးဘူး။ ငါ ရုပ်ချောတယ်ဆိုပြီး ဘဝင်မြင့်နေတဲ့ရုပ်။ ရုပ်ကိုက စူပုတ်နေတာပဲ။ တစ်လောကလုံးကို သူရှာကျွေးနေရတဲ့အတိုင်းပဲ။

ဆံပင်တိုတိုက ထိုးထိုးထောင်ထောင်နှင့် နက်နက်မှောင်မှောင်။ ဝင်းပသောအသားအရည်က အဖြူရောင်။

ဟင်း. . ယောကျ်ားလေးများ အသားဖြူရင် သိပ်အမြင်ကတ်တာပဲ။ မိန်းမကျလို့။

သို့သော် ထိုကောင်လေးအသားက အလုပ်ကြမ်းလုပ်ရသည့်သူမို့ အဖြူရောင်ဆိုပေမယ့် နေ၊ရေ၊လေ၊မိုး ဒဏ်ကြီးလေးပါးနှင့် သမထားသည့်အရောင်မို့ တော်ပါသေးသည်။

ရုပ်ကတော့ ဘာမထီရုပ်နှင့်။ ကြံ့ခိုင်တောင့်တင်းသော ခန္ဓာကိုယ်က ခပ်မတ်မတ်။ ဂျင်းဘောင်းဘီမွဲပြာပြာနှင့် တီရှပ်ချိုင်းပြတ်ဝတ်ထားသည့်အောက်မှာပင် သူ့ခန္ဓာကိုယ်က ခပ်ကျစ်ကျစ်။

မျက်နှာကလည်း ဒီလောက်မာထားတာတောင် ကြည့်ကောင်းနေရသေးသည်။ ဘာတွေကကြည့်ကောင်းနေတာလဲ။ ကြည့်ကောင်းနေတာတော့အမှန်။

နာမည်ကလည်း "လူလူ"တဲ့။ ကြဲကြဲဖန်ဖန်။ လူဖြစ်ကြောင်း ကြေငြာထားတာပေါ့။ သူမကြည့်နေဆဲ ကောင်လေးက သူ့ခြံ သေးသေးထဲမှ ပန်းခင်းများ၊ ပန်းအိုးများကို ရေပိုက်တစ်ခုနှင့် ရွှဲနစ်နေအောင် လိုက်လောင်းနေသည်။

အင်း. . ငါတို့အိမ်ဘက်မှာကျ ပန်းပင်လည်းမရှိဘူး။ ပန်း အိုးလည်းမရှိဘူး။ သူတို့ခြံဘက်သွားပြီး စပ်စုဦးမှ။

ပြောပြောဆိုဆိုနှင့်ပင် သဒ္ဒါကြည်ဖြူ ပြတင်းပေါက်မှခွာပြီး အောက်ထပ်သို့ဆင်းခဲ့၏။

မီးဖိုထဲမှာတော့ အရီးကြူက တကုတ်ကုတ်ချက်ပြုတ်လျက်။ သူ့ထောက်ကတော့ မညို။

သားအဖနှစ်ယောက်ထဲသာရှိသည့်အိမ်မို့ ဖေဖေက အလုပ်များသူပီပီ အိမ်မှာအမြဲရှိနေတာ ကြည်ဖြူနှင့်အရီးကြူ တို့သာ။



တကယ်တော့ ကြည်ဖြူဟာ ကိုယ့်ကိုယ်ကို ထိန်းကျောင်းပြီးနေရသူပါပင်။ သို့သော် သူမ၏ဝလေ့စရိုက်အရ ကြည်ဖြူ့ဘဝဟာ အလိုလိုလုံခြုံပြီးလည်းဖြစ်ပါသည်။

ကြည်ဖြူဟာ အရီးကြူရဲ့အပျိုကြီးဝါဒအောက်မှာကြီးပြင်းရသူပီပီ ပင်ကိုယ်စိတ်က ယောကျ်ားမုန်းဝါဒီတစ်ဦးသည်။

နောက် မိခင်နှင့်ဖခင်၏အုပ်ထိန်းမှုအောက်မှာ ကျပ်ကျပ်မတ်မတ်မကြီးပြင်းရသူမို့ ရိုင်းသည်။ မာသည်။ ကြမ်းလည်းကြမ်းတမ်းလှပါသည်။

သည်ကြားထဲ ဖေဖေခိုင်းလို့ ဂျူဒိုတွေ၊ ကရာတေးတွေပါ စပ်စပ်၊ စပ်စပ်နှင့်သင်ထားလိုက်ရလျှင် သူမအသွင်က မြင်းချိုတပ်ပေးထားသလိုဖြစ်နေရတော့၏။

ယခုလည်း ပိုက်ဆံအိတ်သေးသေးလေးဆွဲပြီး သူမတစ်ဖက်ခြံသို့လျှောက်လာခဲ့သည်။ ခြံက တံခါးဖွင့်ထားသည်မို့ ခြံထဲသို့ သူမ ခွင့်မတောင်းဘဲဝင်လာခဲ့လျှင် ပန်းခင်းတွေကြားမှာ ကြည်ဖြူ့ကို လူလူဆိုသည့်ကောင်လေး မမြင်လိုက်ပါချေ။

"ကောင်းတယ်၊ ငါ့ကိုမမြင်ဘူး၊ ဝါသနာအရ ပန်းလေးတစ်ပွင့်၊ နှစ်ပွင့်တော့ခိုးဦးမှ"

အတွေးဖြင့် ကြည်ဖြူ နှင်းဆီပန်းခင်းကြားမှာ ငုတ်ခနဲ ထိုင်ချလိုက်ပြီး အသွေးအရောင်တွေရဲရဲစိုနေသည့် နှင်းဆီပွင့်ကြီး တစ်ပွင့်ကို ဘယ်လိုခူးရ ခိုးရပါ့မလဲဟု စဉ်းစားကြံစည်နေမိသည်။

အင်း. . . သူ ဟိုဘက်က ပော်လန်ပန်းခင်းတွေဘက် ရေလောင်းနေတုန်း ခူးရမယ်။

အတွေးဖြင့် သူမ နှင်းဆီပွင့်ကြီးကို အရိုးပါ ဆတ်ခနဲခူး ထည့်လိုက်လျှင် ကပျာကယာခူးရသောကြောင့် အပင်ရင်းမှ နှင်းဆီဆူးက သူမ၏လက်ကို ဟက်ကနဲထိုးခွဲလိုက်လေသည်။

"အား. ."

အကိုင်းရင့်မှဆူးကြမ်းကြောင့် လက်ညှိုးနုနုလေးခမျာ သွေးတွေငေါက်ငေါက်ပန်းထွက်နေရလျှင် ကြည်ဖြူ လန့်အော် မိသွားရသည်။

သည်အခါ လူလူဆိုသည့်ကောင်လေးမှာ သူမရှိရာသို့ အလန့်တကြားပြေးလာလေ၏။ သူ့လက်ထဲမှရေပိုက်ကိုလွှတ်ချ ပြီး အပြေးရောက်လာပုံက အလန့်တကြားနိုင်လှပေ၏။

"ဟင်. . နင်ဘယ်သူလဲ၊ ငါ့ခြံထဲ ဘယ်တုန်းကရောက်နေ





တာလဲ၊ ကျွတ် . . မမကလည်း ခြံတံခါးပိတ်ဖို့မေ့သွားတယ်ထင် တယ်၊ ကဲ. . ပြော. . နင်ဘာလုပ်ဖို့ရောက်နေတာလဲ၊ ပန်းခိုး မလို့လား"

"အောင်မာ. . နင့်ပန်းက ဘယ်လောက်တန်ဖိုးရှိလို့လဲ၊ လူကြည့်ပြီးပြော၊ နင့်ခြံထဲကို ပန်းဝယ်မလို့လာတာ၊ သိလား"

"ဒါဆို ဘာလို့အားလို့အော်ရတာလဲ၊ ပန်းဝယ်ဖို့လာတယ် ဆိုရင် ပထမဆုံးနင်လုပ်ရမယ့်အလုပ်က ပိုင်ရှင်ကိုလှမ်းပြီးခေါ် ရမယ်၊ နောက် ကိုယ်ဝယ်ချင်သလောက်ပြောပြီးဝယ်ရမယ်၊ ခု တော့ ကိုယ့်ဘာသာခိုးပြီးခူးလို့ ပန်းတွေက ဒဏ်ခတ်လိုက်တာ၊ သူခိုးဖမ်းလိုက်တာ"

နှင်းဆီပန်းခင်းရောင်စုံကြားမှ သူ့အသွင်က ပန်းတွေနှင့် ပဏာရနေပေမယ့် သူ့စကားက ညစ်ကျယ်ကျယ်။

မှန်နေပေမယ့် ကြည်ဖြူမခံနိုင်ပါ။

"အောင်မယ်. . နင့်စကားက ရင့်လိုက်တာ၊ နင့်ပန်းတွေ အားလုံးကို ငါဝယ်နိုင်တယ်သိလား၊ ခုလည်း ခူးပေမယ့် ပိုက်ဆံ ပေးမှာ၊ နင်သိပ်မကြီးကျယ်နဲ့သိလား၊ အီး. . . "

တကယ်လည်းမှန်နေတာမို့ သူက နင်းကန်ပြီး အတိအကျ တွေစွပ်စွဲနေသောအခါ ကြည်ဖြူ ငိုချလိုက်မိတော့သည်။

သူ့ကိုလည်း မုန်းလိုက်တာ။ ဖြစ်နိုင်လျှင် ရိုက်သတ်ချင် စိတ်ပင်ပေါက်မိ၏။

လူလူ့မှာလည်း ထိုကောင်မလေးကိုကြည့်ပြီး ချက်ချင်းပင် သနားသွားမိ၏။

ကြည့်ပါဦး။ အရုပ်လှလှလေးလို ဂျစ်တစ်တစ်ကောင်မလေး ဟာ ချစ် ရာအလွန်ကောင်းနေတာလည်းအမှန်။

မွေးကတည်းက နေမထိ၊ လေမထိနှင့် မှန်လုံအိမ်ထဲမှာ များမွေးဖွားခဲ့လေသလားမသိ။ သူစိုက်ထားသည့်နှင်းဆီပွင့်ချပ် တွေလို ကောင်မလေး၏အသွင်က နူးနူးညံ့ညံ့။

မျက်လုံးလေးတွေ ရွှန်းလဲ့နေတာ၊ နှာတံလေးတည်နေပုံ နှင့် နှုတ်ခမ်းလေးအိထွေးနီရဲပုံ၊ ပါးလေးတွေမို့ဖောင်းနေပုံလေး တွေဟာ တစ်သက်မမေ့ချင် ၁။

ဒီလောက်ချစ်စရာကောင်မလေးဟာ ဘွားကနဲ ဘယ်လို လုပ်ရောက်လာခဲ့တာလဲ။



သူကလည်း ဒီလောက်ချစ်စရာကောင်းတဲ့ကောင်မလေး ကိုများ ပန်းသူခိုးလို့စွပ်စွဲမိရသေးသည်။ တကယ်ဆို တစ်ခင်းလုံး လည်းခိုးတာမဟုတ်။ တစ်ပွင့်လောက်များ ယူပစေပေါ့။

ငါကလည်း ကပ်စေးနှဲလိုက်တာလွန်ပါရော။ ကိုယ့်ကိုယ် ကိုရှုချပြီးသည့်အခါ လူလူ့စိတ်တွေ ကြည်လင်လာပြီး ငိုနေသည့် ကောင်မလေးကိုချော့ဖို့ စတင်ကြိုးစားမိတော့သည်။

"ဟော့. . ဟော့. . မငိုနဲ့ မငိုနဲ့ ငါတောင်းပန်တယ်၊ တကယ် တော့ ပန်းတစ်ပွင့်နဲ့ငါတို့ ဘာမှဖြစ်မသွားသင့်ဘူး၊ မှန်း. . ပြ ပါဦး၊ ငါ့ခြံထဲကပန်းပင်ကြောင့် ခုလိုဒဏ်ရာအနာတရ ရသွား တာမို့ ငါ့မှာတာဝန်ရှိပါတယ်"

သူက နူးညံ့ကြင်နာစွာပြောပြီး ကြည်ဖြူအနားသို့ကပ်လာ လျှင် ကြည်ဖြူက သူ့ကိုမျက်စောင်းထိုးလိုက်သည်။

"အပိုတွေလာပြောမနေနဲ့၊ ရှင့်ကိုမကျေနပ်ဘူးသိလား"

"ငါတောင်းပန်ပါတယ်ကွာ၊ ကဲ. . ဆေးထည့်ပေးမယ် လေ၊ ရုပ်ရှင်တွေထဲကလို၊ ဝတ္ထုတွေထဲကလိုတော့ မင်းလက်ညှိုး ကို ပါးစပ်နဲ့စုပ်ပေးလို့မဖြစ်ဘူးထင်တယ်"

"ကြောင်တောင်တောင်တွေလာပြောမနေနဲ့၊ ကဲ. . ပြော၊ ရှင့်ခြံထဲမှာရှိတဲ့ပန်းပင်တွေ ကျွန်မလိုချင်တယ်၊ ကျွန်မကိုရောင်း"

သူမက ခပ်ထန်ထန်ပြောပြီး တောင်းဆိုလိုက်လျှင် လူလူမျက်လုံးပြူးသွားသည်။

မလွယ်တဲ့ကောင်မလေးပါလား။ ဒါမှမဟုတ် စိတ်မှန့်ရဲ့လားမသိ။ ပန်းတွေဝယ်မှာမဟုတ်ဘဲ ပန်းပင်တွေပါဝယ်မည်လို့ဆိုပေတာကိုး။

သို့သော် ကောင်မလေးနှင့်ပြဿနာထပ်ပြီးမတက်လိုသည်မို့ အတတ်နိုင်ဆုံး ပြေပြေပြစ်ပြစ်ဆက်ဆံဖို့ လူလူစိတ်ကူးရပါသည်။

သူကတော့ ပြေပြေပြစ်ပြစ်နှင့် သံခင်း၊ တမန်ခင်းတွေဆိုတတ်မည်မဟုတ်။ ဒီတော့ မမကြီးနှင့်လွှဲပေးမှဖြစ်မည်။

"ရပါတယ်၊ နင်လိုတာရောင်းပေးရတာပေါ့၊ တစ်ခြံလုံးတော့ မဝယ်ပါဘူးနော်"

"အိုး. . တစ်ခြံလုံးကပန်းပင်တွေကို ရွှေ့လို့ရရင် ရွှေ့ချင်တယ်၊ ပိုက်ဆံဘယ်လောက်ကုန်ကုန်"





ကောင်မလေးက ငွေစကားပြောလျှင် လူလူတွေးမိသည်မှာ ဒီကောင်မလေးဟာ စိတ်မနှံ့ဘူးရယ်လို့ဖြစ်သည်။

သို့သော် ရုပ်ကတော့ စိတ်မနှံ့သည့်ရုပ်မဟုတ်သည်မို့ လူလူ အူကြောင်ကြောင်ဖြစ်ရ၏။

"ဟုတ်ပြီလေ၊ ငါက ပိုင်ရှင်မဟုတ်လို့ ရောင်းခွင့်မရှိဘူး၊ မကြီးပြန်လာမှ နင်လိုချင်တာတောင်းဝယ်ပေတော့၊ ဟုတ်ပြီလား၊ ကဲ. . ငါဘာကူညီရမလဲ၊ ဘာဆက်လုပ်ပေးရမလဲ၊ ရေလောင်းလို့မပြီးသေးဘူး"

လူလူတောင်းပန်ပြီး ရေလောင်းလက်စနေရာသို့ ပြန်သွားမည်ပြင်တော့မှ ကောင်မလေးက သူ့ကိုခွင့်ပြုလိုက်သည်။

"ကောင်းပြီလေ၊ နင်လုပ်စရာရှိတာဆက်လုပ်ပေတော့၊ ငါ နင့်ပန်းပင်တွေကိုလျှောက်ကြည့်ရင်း နင့်မကြီးကိုစောင့်မယ်၊ ဖြစ်လား"

"ငါကဖြစ်ပါတယ်၊ ဒါပေမယ့် ငါ့မကြီးကကြာဦးမှာ၊ နင့်အိမ်ကဖြစ်ပါ့မလား၊ နင်အကြာကြီးပျောက်နေရင် လိုက်ရှာမှာပေါ့"

"မပူနဲ့၊ ငါတို့အိမ်က ဟိုမှာလေ"

"ဟင်. . "

သူမက သူတို့ခြံနှင့်ကပ်လျက်ခြံကို လက်ညှိုးထိုးပြလိုက်လျှင် လူလူအံ့ဩရပါသည်။

"ဩော်. . ဟိုတစ်နေ့ကပြောင်းလာတာထင်တယ် ဟုတ်လား၊ ပစ္စည်းတွေအများကြီးပဲလေ"

"ဟုတ်တယ်၊ လူကတော့ ငါနဲ့ဖေဖေနဲ့နှစ်ယောက်တည်းရယ်၊ ကျန်နှစ်ယောက်က အကူ၊ ဒါထက် နေပါဦး၊ နင့်နာမည်ကဘယ်သူ. . "

ချစ်စရာကောင်မလေးက သူ့ကိုစစ်ဆေးမေးမြန်းနေလျှင် လူလူပြုံးမိသည်။

အင်း. . ငါလည်း ငါ့အစဉ်အလာတွေကို ဆန့်ကျင်နေမိပါလား။ တကယ်တော့ လူလူ့စတိုင်က မိန်းကလေးများနှင့်တွေ့လျှင် ခပ်မာမာ။

ကိုယ်က ချောလို့မဟုတ်ပါဘူး။ တစ်ချို့မိန်းကလေးတွေက မျက်နှာချိုလျှင် အထင်သေးတတ်ကြပြီး မျက်နှာရှုံ့လို့တောင် အမည်ပေးကင်ပွန်းတပ်ကြလို့ပါပဲ။

အဲ. . မျက်နှာတင်းမှ မာနမင်းသားရယ်လို့ လက်တို့





သဘောကျတတ်သည်လေ။ ဒါပေမယ့် ယခုတော့ လူလူ့မျက်နှာရေစိုနေတဲ့ထန်းလျက်ခဲကြီးလို ချိုအိလို့။

"ငါ့နာမည် ဘုန်းခန့်လူလူ၊ မကြီးနာမည်က ချစ်သက်လူ၊ ငါတို့မှာ မိဘတွေမရှိတော့ဘူး၊ မိဘတွေအမွေဖြစ်တဲ့ ဒီခြံနဲ့အိမ်ကလေးမှာပဲ မောင်နှမနှစ်ယောက်အတူနေကြတယ်"

"ဩော်. . သနားစရာပဲနော်၊ အေးလေ. . ဘာထူးလို့လဲ ငါတို့သားအဖနှစ်ယောက် လောကကိုရင်ဆိုင်ရသလို နင်တို့လည်း မောင်နှမနှစ်ယောက်ရင်ဆိုင်ရတာပဲ"

"ဟုတ်တယ်၊ ငါတို့နှစ်ယောက်ရဲ့ဘဝက အတူတူပဲနော်၊ ဒါကြောင့် ခုချိန်ကစပြီး ငါတို့နှစ်ယောက်မိတ်ဆွေဖြစ်ကြစို့"

ဘုန်းခန့်လူလူဆိုသည့်ကောင်လေးက သဘောကောင်းစွာ ကမ်းလှမ်းလာခဲ့လျှင် ကြည်ဖြူ ခပ်မဲ့မဲ့လေးပြုံးပြမိ၏။

"မဖြစ်နိုင်သေးပါဘူး၊ လောကမှာ မယုံရဆုံးသတ္တဝါဟာ ယောကျ်ားတွေပဲတဲ့"

"ဘယ်သူပြောတာလဲ၊ ပက်စက်လိုက်တာဟာ"

"အရီးကြူပြောတာလေ၊ အရီးကြူဆိုတာ ငါ့ရဲ့အထိန်းတော်ကြီးပေါ့"

"နေစမ်းပါဦး၊ သူပြောတိုင်းလက်ခံရအောင် နင့်မှာ ကိုယ်ပိုင်ဦးနှောက်မရှိဘူးလား၊ စာမတတ်ဘူးလား၊ သူများပြော တိုင်းယုံရအောင် ပြောတဲ့သူက တကယ့်ပညာရှိကြီးကိုး"

ဘုန်းခန့်လူလူဒေါသတွေထွက်လာပြီး နင်းကန်ပြောနေလျှင် ကြည်ဖြူကလည်း သည်းမခံပါချေ။

"သူဥပမာပေးသမျှ ဟုတ်နေတာပဲဟာ၊ ကဲပါလေ. . ဒါတွေမဆွေးနွေးချင်သေးပါဘူး၊ ငါ နင့်ကိုခုချက်ချင်းကြီးတော့ မိတ်ဆွေအဖြစ် လက်မခံချင်သေးဘူး၊ လောလောဆယ် နင် ငါ့ကိုပန်းပင်တစ်ချို့ရောင်းပေး၊ ဒါဆို မိတ်ဆွေဖြစ်ဖို့၊ မဖြစ်ဖို့ စဉ်းစားမယ်"

မျက်နှာလေးမော့ကာ သူမပြောလိုက်လျှင် ဘုန်းခန့်လူလူ တော်တော်အမြင်ကတ်သွားမိ၏။ သို့သော် သူမက မလိမ်မိုး မလိမ်မာမိန်းမငယ်လေးတစ်ယောက်မို့ ခွင့်လွှတ်ရင်း ခေါင်းညိတ် ပြလိုက်ရ၏။

"နင့်သဘောပဲ၊ ပန်းပင်ရောင်းတာတော့ မကြီးပြန်လာမှ ဖြစ်မယ်၊ လောလောဆယ် ပန်းတွေသာဝယ်သွားပေတော့"





"အလကားရောမပေးဘူးလား၊ ကပ်စေးနှဲလိုက်တာ"

"ဆ ယ်ပွင့်လောက်ဝယ်ရင် တစ်ပွင့်အလကားပေးမှာပေါ့၊ ငါတို့က ပန်းရော င်းပြီးမှ ထမင်းစားရတာမို့ ကိုယ့်ထမင်းကျွေးတဲ့ပန်းတွေကို တန်ဖိုး ားတာပါ၊ ကပ်စေးမနဲ့ပါဘူး"

"ဒါဆိုလည်းပြီးရော၊ စ်ထောင်ဖိုးပေး"

"အိုကေ. . ရတယ်၊ အပိုလည ်းပေးလိုက်မယ်နော်"

ထိုနေ့က သူမညွှန်ပြသည့် နှင်းဆီပန်း ရောင်စုံအပွင့်ကြီးများကို တစ်ထောင်ဖိုးတိတိ ဘုန်းခန့်လူလူ ခူးပေးလိုက် ရပါလေသည်။

# အခန်း(၂)

ကျောင်းပိတ်ရက်လည်း ကျောင်းပိတ်ရက်မို့ သည်နေ့တော့ ကိုယ့်ခြံထဲမှာ ပန်းတွေနှင့် ဟုန်းကနဲလှပသွားဖို့ပဲ သဒ္ဓါကြည်ဖြူ စိတ်အားထက်သန်နေမိသည်။

သည်တော့ ဘုန်းခန့်လူလူ၏ဈေးသွားသည့်မကြီးဆိုတာကို သူမ ကိုယ့်ခြံထဲမှ ထိုင်စောင့်နေမိသည်။

ခြံထဲမှာ ပန်းအိုးတွေနှင့် ဘယ်လိုလှပအောင်ထားလိုက်မည်ဟုလည်း စိတ်ကူးနေမိ၏။

ခေါင်းရင်းဘက်မှ တင်းနစ်ကုတ်နှင့် ခြံနောက်ဘက်မှ





ရေကူးကန်ကတော့ ထားပါတော့။ ခြံရှေ့ကွက်လပ်မှာ မြက်ခင်းလှလှစိုက်လို့လည်းရသည်။ နောက် နှင်းဆီပန်းခင်းလေးကို ပန်းအိုးတွေနှင့် ချက်ချင်းပင်ဖန်ဆင်းပစ်လိုက်မည်။

နာမည်တောင်ပေးထားလိုက်ပါရဲ့။

ပဥ္စလက်ပန်းခင်းလေးလို့။ ပဥ္စလက်နှင်းဆီခင်းလေးပေါ့။

ကိုယ့်အတွေးနှင့်ကိုယ် စိတ်ချမ်းသာနေမိစဉ် တစ်ဖက်ခြံထဲသို့ မကြီးဆိုသူဝင်သွားသည်ကိုမြင်လိုက်ရလျှင် ကြည်ဖြူထခုန်မိ၏။

“ဟော. . လာပြီ. . လာပြီ၊ ငါ အကျိုးအကြောင်းသွားပြောပြမယ်၊ သူလိုသလောက်ငွေပေးလိုက်ရင် ရမှာပါ၊ ဒီ မကြီးဆိုတာ ဟိုကောင်လေးထက်တော့ သဘောကောင်းပုံပဲ”

ချက်ချင်းပင် တစ်ဖက်ခြံထဲသို့ ကြည်ဖြူလျှောက်သွားလိုက်၏။

“ဟော. . . သားပြောတာ အဲဒီကောင်မလေးပဲ”

လူလူက သူ့ထက်တောင်လျှင်သေး၏။ ယခုမှပြန်လာသည့်အစ်မကို ချက်ချင်းပင်သတင်းပေးပြီးပါလေပြီ။

ဈေးခြင်းကိုဘေးမှာချပြီး ဧည့်ခန်းထဲမှာထိုင်စကားပြော

နေသည့်မကြီးချစ်သက်လူက သူမကို ဖော်ရွေစွာပင်ဆီးကြိုလေသည်။

“လာ. . ညီမ. . လူလူပြောလို့ ညီမကို ကူညီချင်ပါတယ်၊ ညီမဖြစ်ချင်တဲ့ပုံစံကိုပြောလေ၊ မမကူညီမှာပေါ့”

အနားကပ်ကြည့်မှ အတော်ချောမောပြေပြစ်သည့်ချစ်သက်လူကို ကြည်ဖြူ ချက်ချင်းပင်ခင်မင်သွားမိပါ၏။ လူလူနှင့်တော့ တခြားစီ။ လူလူက စိတ်ပုပ်သည်။ လူတစ်ဖက်သားကို မကူညီချင်။

ကြည်ဖြူ မကြီး၏အနီးရှိ ကြိမ်ဆက်တီတစ်လုံးမှာ ဝင်ထိုင်လိုက်၏။

“ဒီလိုပါမမ၊ ကြည်ဖြူ့နာမည်က သဒ္ဒါကြည်ဖြူပါ၊ ဟိုဘက်ခြံမှာနေပါတယ်”

“သြော်. . နာမည်လေးကချစ်စရာကွယ်၊ လူနဲ့လည်းလိုက်ပါတယ်”

“ကျေးဇူးတင်ပါတယ်မမ၊ ကြည်ဖြူလေ မနေ့ကတည်းက မမတို့ခြံလေးကိုကြည့်ပြီး အရမ်းသဘောကျနေတာ၊ နှင်းဆီပန်း





တွေရောင်စုံပွင့်နေတာများ ကမ္ဘာကြီးတောင်မူးမေ့သွားလောက်တယ်”

သဒ္ဒါကြည်ဖြူ စိတ်ပါလက်ပါပြောပြနေသည်မို့ မျက်လုံးလေးများရွှန်းလက်နေလျှင် လူလူကတော့ မသိမသာခိုးကြည့်နေမိသည်။

“သြော်. . ညီမရယ်. . ”

“ဟုတ်တယ်မမရဲ့၊ ကြည်ဖြူတို့ခြံဖက်ကိုလည်း ကြည့်ပါဦး၊ ပိုင်ရှင်မနေတာကြာလို့လားမသိဘူး၊ မြက်ခင်းတွေကလည်း ခြောက်လို့၊ ပန်းတွေလည်း တစ်ပင်မှမရှိဘူး၊ တကယ့်ကန္တာရကြီးလိုပဲ၊ အဲဒါ မမတို့မောင်နှမကူညီပေးပါဦး၊ ကြည်ဖြူ့သဘောကတော့ ပျိုးပင်လေးတွေကစပြီးမစိုက်ချင်ဘူး၊ ကြာတယ်၊ စိတ်လည်းမရှည်ဘူး၊ ခုချက်ချင်း ပန်းပင်တွေနဲ့လှပစိုပြည်သွားတာမျိုးလိုချင်တာ၊ ဟုန်းကနဲ ပြောင်းလဲလှပသွားတာဖြစ်ချင်တာ၊ ငွေက အရေးမကြီးပါဘူး၊ ဘယ်လောက်ကုန်ကုန်ပါ”

သဒ္ဒါကြည်ဖြူက သူမ၏သဘောထားကို ပွင့်ပွင့်လင်းလင်းပင်ပြောပြလိုက်လျှင် လူလူက ဖြည့်ဆည်းပေးချင်ပြီး ချစ်သက်လူကတော့ အကျပ်ရိုက်သွားလေ၏။

နှင်းဆီပျိုးပင်လေးတွေရှိပေမယ့် ကြည်ဖြူလိုချင်တာက

အပင်ကြီးတွေမဟုတ်ပါလား။ လောလောဆယ်ပွင့်နေသည့်အပင်ကြီးတွေ၊ ငွေဘယ်လောက်ကုန်ကုန်ဆိုပေမယ့် တစိမ့်စိမ့်ပွင့်နေသည့်ပန်းပင်များ[illegible]လိုတန်ဖိုးဖြတ်မှာလဲ။

မောင်နှမနှစ်ယောက်သာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အကျပ်ရိုက်နေကြစဉ် ကြည်ဖြူကတော့ ဘာမှမတွေးတောဘဲနှင့် သူမလိုချင်သည့်ပန်းပင်တွေကို ရွေးချယ်ဖို့သာ စိတ်စောနေတော့သည်။

"ထလေမမ၊ ကြည်ဖြူလိုချင်တဲ့အပင်တွေရွေးမယ်၊ မမတို့မနစ်နာစေရပါဘူး၊ ကြည်ဖြူ့ကို တန်ရာတန်ဖိုးတောင်းပေါ့၊ ကြည်ဖြူ့ခြံလေးလှအောင်လုပ်ပေးကြပါနော်၊ ပန်းပင်လေးတွေကိုကြည့်ပြီး ကြည်ဖြူစိတ်ချမ်းသာချင်လို့ပါ၊ မေမေမရှိတော့ ကတည်းက ဖေဖေကလည်း အနားမှာနေမပေးနိုင်တော့ ကြည်ဖြူ [illegible]သွေ့ခဲ့တာကြာပါပြီ၊ ပန်းပင်လေးတွေကိုကြည့်ပြီး [illegible]မလား၊ စိုပြည်မလားလို့ပါ"

သူကလေး၏ သနားစဖွယ်ညို့ငယ်ငယ်အပြောလေးကြောင့် လူလူကတော့ ချက်ချင်းပင်အရည်ပျော်သွားခဲ့ပြီး မကြီးကတော့ တစိမ့်စိမ့်အရည်ပျော်ပြိုကျသွားလေသည်။



"ကဲပါမကြီးရယ်. . ကြည်ဖြူစိတ်ချမ်းသာအောင် ပန်းအိုးတွေခွဲပေးလိုက်ကြရအောင်ပါ၊ လူလူ ပန်းပျိုးပင်တွေကို မြန်မြန်ပွင့်အောင် ဂရုစိုက်ပေးပါ့မယ်နော်"

"အေးပါ. . နင်သဘောတူလည်း ပြီးရောပေါ့၊ ကဲ. . ဘယ်လိုရွှေ့မှာလဲ၊ ကားနဲ့ရွှေ့မှာလား၊ လူသယ်ရမှာတော့ မလွယ်ဘူးနော်"

"အို. . မမတို့လူလူတို့သဘောတူပြီဟုတ်လား၊ ကြည်ဖြူဝမ်းသာလိုက်တာ၊ ဟုတ်ပြီ. . ဟုတ်ပြီ၊ ကြည်ဖြူကားသွားယူလိုက်ဦးမယ်နော်"

ကလေးတစ်ယောက်နှယ် ကြည်ဖြူ တစ်ဖက်ခြံသို့ပြန်ပြေးသွားလျှင် မောင်နှမနှစ်ယောက်သား စိတ်မသက်မသာနှင့် သက်ပြင်းကိုယ်စီချလိုက်ကြရသည်။

"ဂျိုဟ်ဝင်တာပါပဲလူလူရယ်၊ ငါ့အပင်တွေတော့ကုန်ပါပြီ၊ နင်ကလည်း ပိုးကြေးပန်းကြေးတွေလုပ်နေတယ်"

"အံမယ်. . မကြီးနော်. . မကြီးသဘောတူလို့ရောင်းပြီး လူလူ့ကိုလွှဲမချပါနဲ့၊ ပန်းအိုးဖိုးလည်း တန်ရာတန်ကြေးတောင်းယူလိုက်ပေါ့၊ ဘာခက်တာလိုက်လို့"

"ဟဲ့. . ငါ့အပင်တွေက လှိုင်လှိုင်ပွင့်နေတဲ့အပင်တွေ၊ ဘယ်လိုလုပ်ပြီး တန်ဖိုးဖြတ်လို့ရမလဲ"

"လောဘလည်းလျှော့ပေါ့မကြီးရဲ့၊ ကြည့်ကျက်တောင်းပေါ့"

မောင်နှမနှစ်ယောက် စကားများနေကြစဉ် တစ်ဖက်ခြံမှ သဒ္ဓါကြည်ဖြူ ကားလေးနှင့်ပြန်ရောက်လာလေ၏။

သူ့ကားလေးက အကြမ်းသုံးကားလေး။ ပန်းပင်တွေတင်လို့ရပါသည်။ မောင်နှမနှစ်ယောက်က ပန်းပင်တွေကိုနှမြောနေလို့ ရင်ထဲမချိပေမယ့် သူမကတော့ တလှိုက်လှိုက်နှင့်ဝမ်းသာရွှင်မြူးနေလေသည်။

"ကြည်ဖြူ့ကို တစ်မျိုးတည်းမပေးနဲ့နော်၊ အရောင်စုံအောင်ပေးနော်၊ ဟိုအပင်လေး မလှဘူးလားဟင်၊ လူလူ. . ဒီအိုးတွေကားပေါ်တင်ပေး"

သူမလိုချင်သည့်နှင်းဆီပန်းပင်များကို အိုးလိုက် ကားပေါ်သို့ ကိုယ်တိုင်ရွေ့တင်နေရင်းမှ လူလူ့ကိုလည်းအတင်ခိုင်းလိုက်သေး၏။





ချစ်သက်လူမှာ ကိုယ့်စိတ်ကိုတရားနှင့်ဖြေနေရပေ၏။

"ဟယ်. . ငါတို့မှာအပင်တွေအများကြီးပဲဥစ္စာ၊ အပင်တွေတောင်ချောင်သွားဦးမယ်၊ တစ်ဖက်သားစိတ်ချမ်းသာရင် ကိုယ်လည်းကုသိုလ်ရတယ်မဟုတ်လား"

"အင်း. . ဟိုနွားကတော့ အစ်မမျက်နှာပြန်မကြည့်ဘူး၊ ဟိုကောင်မလေးလက်ညှိုးညွှန်ရာလျှောက်လုပ်နေတယ်"

နောက်ဆုံး ပန်းပင်တွေကို ကားနှင့်သုံးခေါက်သယ်သွားပြီး လူလူကိုယ်တိုင် တစ်ဖက်ခြံထဲမှာ နေရာလှလှပပချပေးခဲ့ရလေသည်။

ကြည်ဖြူမျှော်လင့်ခဲ့သည့်အတိုင်း ချက်ချင်းပင် ပန်းတွေနှင့်ဝေဆာသွားသည့်ခြံကလေးက သူမ၏ရင်ကို ချမ်းမြေ့မှုတွေပေးစွမ်းခဲ့ပါသည်။

သူမပျော်ရွှင်နေပုံလေးမှာ အပြစ်ကင်းစင်လှပပြီး ကလေးတစ်ယောက်လို ခုန်ဆွခုန်ဆွဖြစ်နေလျှင် လူလူကတော့ ကိုယ့်ပန်းပင်တွေကိုပင် သံယောဇဉ်ဖြတ်နိုင်ခဲ့လေ၏။

"ပန်းပင်တွေကို ဘယ်လိုပြုစုသလဲဆိုတာလည်း ပြောပါ

ဦး လူလူရဲ့၊ အင်း. . ကြည်ဖြူက ကျောင်းတက်နေရတာမို့ အား လည်းမအားပါဘူး၊ ကျူရှင်တက်ရတာနဲ့၊ ကျောင်းသွားရတာနဲ့၊ ဒီလိုလုပ်ပါလားလူလူ၊ ကြည်ဖြူတို့အိမ်အတွက် မာလီတစ်ယောက် လောက်ရှာပေးပါလားဟင်၊ ပန်းပင်တွေမသေအောင်ပြုစုဖို့ရယ်၊ နောက် မြက်ခင်းလှလှလည်းစိုက်ရဦးမယ်လေ၊ ခြံထဲမှာပိုနေတဲ့ မြေတွေကို အပင်လေးတွေလည်းလျှောက်စိုက်ချင်တယ်၊ ဟို တရုတ်စကားပုံလိုပေါ့၊ တစ်သက်လုံးပျော်ချင် သစ်ပင်စိုက်ဆို သလိုလေ"

နှင်းဆီပန်းပင်များကိုကြည့်ပြီး ကြည်ဖြူစိုးရိမ်စွာစီမံနေလျှင် လူလူအံ့သြရပါသည်။

"လူကြီးကိုမတိုင်ပင်ဘဲ ကြည်ဖြူ ကိုယ့်သဘောနဲ့ကိုယ် လုပ်လို့ရတယ်ဟုတ်လား၊ တစ်မျိုးကြီးပဲ၊ ငါတော့လေ ခုချိန်ထိ မကြီးခွင့်မပြုဘဲ၊ မကြီးကိုမတိုင်ပင်ဘဲ ဘာမှမလုပ်ဖူးဘူး"

"ဘာဖြစ်လို့လဲ၊ လူဆိုတာ ကိုယ့်အားကိုယ်ကိုးရတာ မဟုတ်လား၊ ငါ့ဖေဖေက မအားဘူးလေ၊ ငါ့ဘာသာလျှောက် လုပ်ရတာ ဆန်းသလား၊ အရေးကြီးတဲ့ကိစ္စတွေကျမှ ဖေဖေ့ကို





ငါတိုင်ပင်မှာပေါ့၊ ပန်းပင်စိုက်တာလောက်၊ မာလီငှားတာလောက် ကို ဖေဖေ့ဘယ်ပြောနေတော့မလဲ"

သူမရှင်းပြတော့လည်း ဟုတ်တာပါပင်။ သူ့ဘဝနဲ့သူပေါ့ လေ။ သူမက ပန်းပင်များနှင့် ချက်ချင်းပင်လှပသွားသည့်အတွက် သူတို့မောင်နှမကို ငွေသုံးသိန်းထုတ်ပေး၏။ လူလူမယူချင်ပါ။

"များလိုက်တာကြည်ဖြူရယ်၊ ပန်းပင်တွေက ဒီလောက် အဖိုးမတန်လောက်ပါဘူး"

"တန်တာပေါ့လူလူရဲ့၊ ကြည်ဖြူယူလာတာ အပင် လေးဆယ်လောက်ရှိတယ်လေ၊ အရွယ်ရောက်နေတဲ့ ဒီအပင် တွေရဲ့ပွင့်နှုန်းနဲ့တွက်ရင် ကြည်ဖြူပေးတာ နည်းတောင်နည်းနေ ပါဦးမယ်၊ ကဲ. . မာလီလည်းရှာပေးဦးနော်၊ ကျေးဇူးအများကြီး တင်ပါတယ်လူလူ"

ချက်ချင်းပင်လှပသွားသည့်ပန်းခြံပေါက်စလေးကို ကျော ခိုင်းပြီး လူလူ ကြည်ဖြူပေးသည့်ငွေတွေကိုယူခဲ့ရပါသည်။

ကိုယ်ကမယူချင်ပေမယ့် ဝမ်းရေးကရှိသေးသည်မဟုတ် ပါလားလေ။

# အခန်း(၃)

ကြည်ဖြူမှာ အရင်က အိမ်မခင်လေသမျှ ကားတစ်စီးနှင့်လျှောက်သွားနေသမျှ ယခုကျ အိမ်မှာပဲနေချင်တော့သည်။

တယ်ဟုတ်ပါလား။ ပန်းခင်းလေးနဲ့ပန်းပင်တွေဟာ ငါ့စိတ်ကိုတည်ငြိမ်ရင့်ကျက်သွားစေတယ်။

ခါတိုင်းက ဖေဖေလည်းမရှိ မေမေလည်းမရှိတဲ့အိမ်ကြီးမှာ တစ်ယောက်တည်းစိတ်လေနေမိသမျှ ယခုတော့ ချက်ချင်းပင်လှပဝေဆာသွားသည့် ပန်းဥယျာဉ်လေးကိုတစိမ့်စိမ့်ကြည့်ပြီး ကြည်ဖြူအိမ်ခင်နေလေသည်။

စာကျက်တာကအစ ပန်းခင်းနားမှာကျက်ဖြစ်သည်။





နှင်းဆီပန်းရနံ့လေးတွေကိုဖြတ်တိုက်လာသည့် လေပြည်ညင်းတို့နှင့်လွှမ်းခြုံထားသည့် ကြည်ဖြူတို့၏နှစ်ထပ်တိုက်ကြီးသည်လည်း ပိုပြီးကျက်သရေရှိသွားသည်ဟုထင်မိ၏။

ခုမှ အိမ်ဟာ အိမ်နဲ့တူတော့တယ်။ စိုပြည်ငြိမ်းချမ်းလိုက်တာ။ မနက်စာထမင်းစားချိန်မှအပ ပန်းခင်းလေးကိုအရိပ်တကြည့်ကြည့်နေမိသမျှ ညနေ ဖေဖေပြန်လာသည့်အခါ ဘယ်လိုမှတ်ချက်ချမှာလဲ။ သူမလိုပဲ ပျော်ရွှင်ချမ်းမြေ့သွားမှာလားဆိုတာကိုလည်း ကြည်ဖြူအရမ်းသိချင်နေမိသည်။

ဖေဖေလည်းပျော်သွားမှာပဲ။

အရွယ်ရောက်နေတဲ့ သန်သန်စွမ်းစွမ်း နှင်းဆီပန်းပင်ပျိုတွေနဲ့ ဖွဲ့စည်းထားတဲ့နှင်းဆီဥယျာဉ်လေးကို ဖေဖေနှစ်သက်မှာပါ။

ကြည့်စမ်း. . ဖေဖေ့မှာသာ အနုပညာအတွေးတွေရှိမယ်ဆိုရင် ဖေဖေ့ရဲ့တိုက်အိမ်လေးက တို့သားအဖရဲ့ရဲတိုက်ကြီးပေါ့။

အိမ်ရှေ့ကနှင်းဆီပင်တွေက တို့သားအဖရဲ့ ကိုယ်ရံတော်စစ်သားတွေ။ အဲ. . အဲဒီစစ်သားတွေကိုကွပ်ကဲအုပ်ချုပ်ဖို့ ဗိုလ်

တစ်ယောက်လည်းလိုတယ်။ အရိုးကြူနဲ့မညိုကတော့ ပုံပြင်ထဲက မအိုဇာတွေ။

သိပ်ရှုပ်တာပဲ။ ငါ့ကိုပဲ အရိပ်တကြည့်ကြည့်နဲ့စောင့်ကြည့်ပြုစုနေတော့ စိတ်ကျဉ်းကျပ်တာပေါ့။ ငါဘယ်တော့မှ လူလားမြောက်ရမှာလဲ။

အေးလေ. . ငါလုပ်ချင်တာလေးတွေလည်း လုပ်ခွင့်ရပါတယ်။ ဥပမာ. . ဒီနေ့ ပန်းဥယျာဉ်လေးစိုက်ပျိုးပစ်လိုက်တာမျိုးပေါ့။ ဖေဖေကလည်း ငါ့အတွက် လိုလေသေးမရှိ ရုပ်ဝတ္ထုတွေကိုဖြည့်စွမ်းပေးပါတယ်။

ဒါပေမယ့် ငါတို့သားအဖရဲ့ဘဝဟာ ဆာဟာရသဲကန္တာရအတွင်းမှာ။ မဟုတ်သေးပါဘူး။ ကမ်းမမြင်၊ လမ်းမမြင် ပင်လယ်ပြင်ကြီးထဲမှာ ဖောင်တစ်စင်းနဲ့မျောပါနေကြရသလိုပါပဲ။

ခြောက်သွေ့လိုက်တာ။ မျှော်လင့်ချက်တွေကင်းမဲ့လိုက်တာ။ ဖေဖေ့ကို နွေးထွေးအောင်ငါလုပ်မပေးနိုင်ခဲ့ဘူး။

ငါ့ကိုယ်ငါလည်း နွေးထွေးအောင်မနေတတ်ခဲ့ဘူး။ အမြဲတမ်း ရန်လိုနေမိ၊ အလိုမကျဖြစ်နေခဲ့မိတယ်။





မေဟာ. . ဒီနေ့တော့ ချစ်စရာနှင်းဆီဥယျာဉ်လေးကြောင့် ငါ့စိတ်တွေပျော်ရွှင်ငြိမ်းချမ်းခဲ့ရတယ်။ ဖေဖေလည်း ငါ့လိုပဲပျော်ရွှင်ငြိမ်းချမ်းသွားပါစေ။

အတွေးနှင့်ပင် ကြည်ဖြူ ဖေဖေ့ကို ပန်းခင်းဘေးမှာ စာကျက်ရင်းစောင့်နေမိသည်။

ဖုန်းဆက်လိုက်ရင်ရတာပေါ့။ သို့သော် ဖေဖေ့မျက်နှာပေါ်မှာ ဖြတ်ပြေးသွားမည့်ခံစားမှုရောင်စဉ်လေးကို ကြည်ဖြူစောင့်ကြည့်ချင်ပါသည်။

"ဟော. . "

ညနေငါးနာရီခန့်ရှိလျှင် ခြံတံခါးအပြင်ဘက်မှကားဟွန်းသံကြောင့် ကြည်ဖြူ ခြံတံခါးကို အပြေးလေးသွားဖွင့်ပေးလိုက်သည်။

ဖေဖေ့ကားလေး ပေါ်တီကိုအောက်သို့ လျှောကနဲရောက်သွားလျှင် ကြည်ဖြူမှာ တံခါးကိုအမြန်ဆုံးပိတ်ပြီး ဖေဖေ့အနားသို့အပြေးအလွှားရောက်ရှိလာမိ၏။

"ဖေဖေ"

ပန်းခင်းလေးကို လက်ညှိုးထိုးပြလိုက်ပြီး ကြည်ဖြူပြုံးရွှင်ပီတိဖြစ်နေပုံက လကလေးသာသလို လင်းလက်လဲ့ဖြာနေလျှင် ဖေဖေ့ကားပေါ်မှ ဖေဖေနှင့်အတူဆင်းသက်လာသည့်လူရွယ်မှာ အံ့အားတသင့်ငေးကြည့်နေမိပါတော့သည်။

ကြည်စင်လှပလွန်းလိုက်တာ။ ပတ်ဝန်းကျင်ကိုတောင် အလှတွေဖြာထွက်နေတဲ့ လမင်းလိုကောင်မလေး။

ဒါ ဦးကြည်ဖြူအောင်ရဲ့သမီးလေးတဲ့။ ငါတော့ ဒီအိမ်ကို ခဏခဏရှာပြီးရောက်လာရတော့မှာပဲ။

ရယ်ဒီမိတ်အကျီပန်းရောင်ရှည်ရှည်လေးက ဒူးအထိပဲ ရောက်သည်မို့ ခြေသလုံးလှလှလေးတွေပေါ်နေတာ၊ နောက်ကျောလယ်လောက်ထိရောက်တဲ့ဆံပင်လေးတွေပိုးထားသလို လက်ဖြာနေတာ၊ မျက်နှာလေးက အရမ်းချစ်စရာကောင်းပြီး နှုတ်ခမ်းလေးတွေစိုရဲနုထွေးနေပုံကအစ သူမရဲ့နှင်းဆီခင်းမှ နှင်းဆီပွင့်ဖတ်လေးတွေလို။

"ဖေဖေ. . ကြည်ဖြူ ပန်းဥယျာဉ်လေးတစ်ခုတည်ဆောက်ထားတယ်၊ ကြည့်ပါဦးဖေဖေရဲ့၊ ဟာကွာ. . ဖေဖေကလည်း





ကိုယ့်သမီးလေးကိုအသိအမှတ်မပြုဘူး၊ သွားကြည့်ပါဦးဖေဖေရဲ့၊ ကြည်ဖြူဖြင့်လေ တစ်နေ့လုံးပျော်နေတာ၊ ပန်းခင်းနားမှာစာကျက်တာလည်း သိပ်ရတာပဲ၊ ညဏ်တွေအရမ်းပွင့်တာဖေဖေရဲ့"

ကြည်ဖြူမှာ ဧည့်သည်ပါလာသည်ကိုဂရုမစိုက်နိုင်အားဘဲ ဖေဖေ့ကိုဆွဲခေါ်ပြမိလျှင် ဖေဖေကရယ်နေလေသည်။

"အဲဒါသာကြည့်တော့မောင်ကျော်မြတ်ယျာရေ၊ သမီးလေးတစ်ယောက်တည်းဆိုတော့ ခပ်ဆိုးဆိုးရယ်၊ ဖေဖေမြင်ပါတယ်သမီးရဲ့၊ သမီးပန်းခင်းလေးကလှပါတယ်၊ တစ်ရက်တည်းနဲ့ ဘယ်လိုဖန်တီးလိုက်ပါလိမ့်တောင် တွေးမိတယ်၊ ကဲ. . သမီး ဧည့်သည်ကိုဧည့်ခံဖို့ သွားပြီးပြင်ဆင်ပါဦး"

ဖေဖေက ပန်းဥယျာဉ်လေးကိုသွားမကြည့်ဘဲ ကြည်ဖြူကိုအလုပ်တွေခိုင်းနေလျှင် ကြည်ဖြူဝမ်းနည်းသွားမိ၏။

ငါကတော့ ဖေဖေလည်းပျော်မယ်ထင်ခဲ့တာ။ ဖေဖေက ပျော်လည်းမပျော်ဘူး။ ဖေဖေ့နှလုံးသားတွေ မာကျောကျစ်လစ်ကုန်ပြီလား။

ခေါင်းလေးငုံ့ပြီး သူမ ဝမ်းပန်းတနည်းထွက်ခွာလာခဲ့လျှင်

ညှို့သည်လူရွယ်ကတော့ သူမ၏ခံစားချက်ကို သဘောပေါက်နားလည်လိုက်သည်။

"ဟာ. . အန်ကယ်. . ခဏခဏ. . ပန်းဥယျာဉ်လေးက လှလွန်းလို့ ကျွန်တော်တို့ခဏသွားကြည့်ရအောင်၊ ဒါ ဒီနေ့မှ ဖန်တီးထားတာမဟုတ်လား၊ အံ့ဩစရာပဲ၊ ဒီကညီမကိုချီးကျူးပါတယ်"

လူမှုရေးကျွမ်းကျင်သူပီပီ ကျော်မြတ်ယျာ ပန်းဥယျာဉ်လေးကိုအရေးတယူ တအံ့တဩလုပ်ပြလိုက်လျှင် ကြည်ဖြူ ကျေနပ်သွားမိသည်။

ထိုလူကြီးကိုလည်း ခင်မင်စိတ်ပေါက်သွားမိသလိုလို။ အသက်ကတော့ ငါ့ထက်ကြီးတယ်။ လူကတော့ လူချောကြီးပါပဲ။

ဖေဖေနှင့်ကိုကျော်မြတ်ယျာတို့ ပန်းခင်းဘက်သို့လျှောက်သွားကြလျှင် ကြည်ဖြူလည်း ဝမ်းသာအားရနှင့် သူတို့နောက်မှ လျှောက်လိုက်သွားမိသည်။

"ဘယ်ကရှာဝယ်ရတာလဲညီမ၊ နှင်းဆီတွေက အရောင်စုံတယ်နော်၊ မျိုးကလည်း တကယ့်မျိုးကောင်းတွေချည်းပဲ၊ ဒီဘက်





က နှင်းဆီအနက်လေးဆို တကယ့်ရှားပါးပစ္စည်းပဲ၊ အပင်ပေါက်လေးဆိုတောင် တစ်သောင်းနဲ့ရပါ့မလားပဲ"

"အံမယ်. . ရှင်သိလို့လား"

"သိတာပေါ့၊ ကိုယ့်မေမေက ပန်းဝါသနာပါတာပဲဟာ၊ ပန်းရှားရှားပါးပါးဆို လည်ပြီးစုနေတဲ့ဥစ္စာ"

သူ့ကိုစကားဖက်မပြောတော့ဘဲ ဖေဖေ့ကိုသာ ကြည်ဖြူရှင်းပြနေမိသည်။

"ပန်းပင်တွေက ဟိုဘက်ခြံကသွားဝယ်ထားတာဖေဖေရဲ့၊ သူတို့က ပန်းစိုက်ရောင်းကြတာလေ၊ ကြည်ဖြူ့ကို အပင်တွေ ရောင်းချင်တာမဟုတ်ဘူး၊ ကြည်ဖြူအတင်းအနိုင်ကျင့်ဝယ်လို့သာ ရောင်းရတာ"

ကြည်ဖြူပြသဖြင့် တစ်ဖက်ခြံသို့လှမ်းကြည့်ပြီး ဦးကြည်ဖြူအောင် အလွန်အားနာသွားရသည်။

"သမီးကလည်းကွယ်. . ကိုယ်ကအပျော်စိုက်တာ၊ သူတို့ခမျာ ဝမ်းရေးအတွက် စိုက်ပျိုးရောင်းချရတာမဟုတ်လား၊ လူတွေအပေါ် အဲလိုအနိုင်မကျင့်ရဘူးကွယ့်"

"ကဲပါဖေဖေရယ်၊ သူတို့ကျေနပ်ပါတယ်၊ ကြည်ဖြူက လည်း သူတို့မနစ်နာရအောင် ကြည့်ပေးလိုက်ပါတယ်၊ အဲဒါ တွေထားစမ်းပါဖေဖေရဲ့၊ ကြည်ဖြူ့ပန်းဥယျာဉ်လေးကြည့်ရတာ စိတ်ချမ်းသာစရာမကောင်းဘူးလားဟင်"

ကြည်ဖြူကတော့ သူပြောချင်တာကိုသာ အတင်းပြော နေလေတော့လျှင် ကျော်မြတ်ယျာမနေနိုင်ပြန်ချေ။

ဒီခွေးပေါက်မလေးကို သူ စချင်မိပြန်သည်။

"ဒါဖြင့် ကြည်ဖြူက ပန်းဥယျာဉ်မှူးကြီးပေါ့ ဟုတ်လား"

"အင်းပေါ့. . ဒါ ကြည်ဖြူ့ပန်းခင်းပဲဟာ၊ ကြည်ဖြူက ဥယျာဉ်မှူးပေါ့"

ခေါင်းလေးမော့ပြီး ကြည်ဖြူကြွားနေလျှင် ဦးကြည်ဖြူ အောင်ကလည်း ပြုံးစေ့စေ့ဖြစ်နေ၏။ သမီးကို ချစ်စနိုးနှင့်ကြည့် ရင်း ကိုယ့်သမီးလူလည်ပန်ကာကျပုံကိုလည်း ရယ်ချင်နေရလေ သည်။

ကြည့်ပါဦး။ ကိုယ်တိုင်လည်း ဘာမှအပင်ပန်းမခံ၊ ဘာမှ မလုပ်ဘဲနှင့် အချောင်ဥယျာဉ်မှူးဘွဲ့ခံချင်နေလိုက်တာလေ။



သို့သော် သမီးစိတ်ဆိုးမှာစိုးသဖြင့် ဦးကြည်ဖြူအောင် မပြောတော့ပါချေ။

"ကဲ. . ကဲပါ. . ဥယျာဉ်မှူးကြီးရယ်၊ ဖေဖေတို့စားဖို့ သောက်ဖို့လေး သွားပြီးစီစဉ်ပေးပါဦးနော်၊ ကျေးလူပြုပြီးတော့"

"ဟင်. . သူပါ ဒီမှာစားမှာလား"

ကြည်ဖြူ့အသံက အလန့်တကြားနှင့်မလိုတမာထွက်သွား လျှင် ဦးကြည်ဖြူအောင်က အားနာသွားပြီး ကျော်မြတ်ယျာက တော့ အသံထွက်အောင်ပင်ရယ်မိပါတော့သည်။

"သမီးကလည်းကွာ. . ကဲ. . သွား. . သွား. . ဖေဖေတို့ ဒီပန်းခင်းနားမှာ အမောဖြေဦးမယ်"

ဖေဖေလာရင် သားအဖနှစ်ယောက်ထိုင်ကြဖို့ ပန်းဥယျာဉ် လေးရှေ့မှာ ကြိမ်ဆက်တီတွေချထားခဲ့သဖြင့် သူတို့နှစ်ယောက် အတွက် အသင့်ဖြစ်သွား၏။

တကယ်တော့လည်း နှင်းဆီဥယျာဉ်လေးဟာ အလွန်ပင် ချစ်ခင်နှစ်သက်စဖွယ်။

ပန်းပင်လေးတွေကို အကွက်ဖော်ပြီး နေရာချထားသည့်

အတွက် အမြင်ဆန်းနေပြီး အပင်သန်သန်စွမ်းစွမ်းတွေမှ အပွင့်တွေ၊ အဖူးတွေ ရောင်စုံပွင့်ဖူးယှက်ဖြာနေလိုက်တာဟာ မွှေးလည်းမွှေး၊ လှလည်းလှပလွန်းပါသည်။

"အန်ကယ့်သမီးလေးက မလွယ်ပါလား"

ကျော်မြတ်ယျာ ပြုံးပြီးပခုံးတွန့်လိုက်လျှင် ဦးကြည်ဖြိုးအောင် ဝန်ခံရပါသည်။

"ဟုတ်တယ်မောင်ကျော်မြတ်ယျာ၊ သမီးကို အမေလည်းမရှိတော့ အန်ကယ်သနားတယ်လေ၊ ပြီးတော့ အန်ကယ်က အလုပ်လည်းအရမ်းများ၊ ခရီးကလည်း မကြာခဏထွက်နေရတော့ သမီးခမျာ တစ်ယောက်တည်းနေရင်း၊နေရင်းနဲ့ ရိုင်းနေ၊ ကြမ်းနေရရှာတာပေါ့၊ စိတ်ရင်းကတော့ကောင်းပါတယ်၊ ဘယ်သူ့အပေါ်ဖြစ်ဖြစ် ကြင်နာသနားတတ်ပါတယ်"

"မမနဲ့ဖြစ်ပါ့မလား၊ မမက မန္တလေးသူပီပီ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့လေး၊ ကြည်ဖြူက စရိုက်ကြမ်းတော့. . ."

"ဪ. . မောင်ကျော်မြတ်ယျာရယ်. . မမကို အန်ကယ်





သဘောကျပါတယ်၊ ဒါပေမယ့် သမီးကိုလည်းငဲ့ရမယ်လေ၊ အန်ကယ့်ဇနီးဆုံးတာ နှစ်ပေါင်းများစွာကြာပါပြီ၊ ဒီသမီးလေးကို ငဲ့ပြီး နောက်အိမ်ထောင်မပြုခဲ့တာပါ၊ မောင်ရင့်မမနဲ့သမီးကိုလည်း ညှိပေးဦးမယ်လေ၊ ညှိလို့မရရင်တော့ စိတ်ဆင်းရဲစရာတွေဖြစ်မလာအောင် ကြိုတင်ရှောင်ကြရုံပဲပေါ့ကွာ"

"ဟင်. . အန်ကယ်က မမကိုတကယ်မချစ်ဘူးလား၊ မမကတော့ အန်ကယ့်ကိုဆို ပျာနေတာပဲ၊ ချစ်လိုက်ရတာလေ၊ မမသာ အန်ကယ့်သဘောထားတွေသိရင် ဘယ်လောက်များစိတ်ထိခိုက်လိုက်မလဲ"

"အန်ကယ် မင်းမမကိုနှစ်သက်ပါတယ်၊ သမီးသဘောတူရင်တော့ အတိုင်းထက်အလွန်၊ တံခွန်နဲ့ကုက္ကားပေါ့ကွာ၊ ကဲ. အိမ်ထဲသွားကြစို့"

မကျေမနပ်နှင့်ပင် ကျော်မြတ်ယျာ ဦးကြည်ဖြိုးအောင်၏ နောက်မှထလိုက်ခဲ့ရပေမယ့် သူ့ရင်ထဲမှာ အစာအကြေ။

ဦးကြည်ဖြိုးအောင်ဟာ မမမေကို ပေါ့ပေါ့ပဲသဘောထားလေသလား။ မမမေဟာ ကျော်မြတ်ယျာရဲ့အစ်မအရင်းခေါက်ခေါက်မို့ သူ ဦးကြည်ဖြိုးအောင်ကိုမကျေနပ်ပါ။

သို့သော် အချိုသတ်ပြီးနေရပါဦးမည်။ အဘယ်ကြောင့်ဆိုသော် ကျော်မြတ်ယျှာသည် ဦးကြည်ဖြူအောင်၏ မန္တလေးမှကုမ္ပဏီခွဲတွင် မန်နေဂျာအလုပ်ကိုလုပ်ကိုင်ခွင့်ရထားသောကြောင့် ဖြစ်ပါသည်။



## အခန်း(၄)

ခမ်းနားလှပသည့်ထမင်းစား,စားပွဲမှာ ခါတိုင်းက သားအဖနှစ်ယောက်ထဲသာစားနေရပေမယ့် ယခုကျ ကျော်မြတ်ယျှာကို ဖေဖေက ညနေတိုင်းလိုလိုခေါ်လာခဲ့သည်။

မကြိုက်ပါဘူး။ ဒီလူကြီး ကြည်ဖြူတို့အိမ်ကိုပါဝင်စွက်ဖက်လာပုံကို သူမ မကြိုက်။

ဖေဖေ့အပြောအရ ဖေဖေ မန္တလေးကိုသွားတိုင်း သူတို့အိမ်မှာတည်းခိုစားသောက်နေကျမို့ ယခု သူ ရန်ကုန်မှာရှိနေခိုက် မိမိအိမ်မှာ ခေါ်ယူကျွေးမွေးရပါသတဲ့။

ဘာပဲဖြစ်ဖြစ် ဒီလူဟာ ဖေဖေ့အပေါ်မှာ အတော်အတန် ဩဇာညောင်းတာ၊ အရေးပါတာအမှန်။

ရုပ်ချောသဘောကောင်းပြီး အရာရာ အလိုလိုက်အကြိုက် ဆောင်တတ်သည့်ကျော်မြတ်ယျာကို ကြည်ဖြူခင်မင်ချင်စိတ် မပေါက်တာလည်း ဘာကြောင့်မသိ။

ကိုယ့်ဘာသာတော့ အမှတ်တွေပေးနေမိ၏။ ကောင်းတယ်။ ကျော်မြတ်ယျာဟာ အဆိပ်ပြင်းသည့်နှင်းဆီခိုင်ကြီးမို့ သူမ မနှစ်သက်တာ အန္တရာယ်ကင်းသည်။

သူ့မျက်လုံး၊ သူ့အမူအယာတွေဟာ ဟန်ဆောင်မှုတွေ နှင့်ပြည့်နှက်နေပြီး သူ့ကို ဘီလူး လူယောင်ဆောင်ထားတယ် လို့ပဲ တရားသေမှတ်ယူထားတာ ကြည်ဖြူမှားသလား။

ပန်းဥယျာဉ်လေးရလာတာ (၃)ရက်မြောက်သည့်နေ့မှာ လည်း ဖေဖေ ကျော်မြတ်ယျာကိုခေါ်လာခဲ့ပြန်သည်။

ညနေတိုင်း ထမင်းစားဖိတ်ထားသည်ဆိုလို့ မကျေနပ် ပေမယ့် အရီးကြူနှင့်အတူ သူမပါ ဝင်ရောက်ချက်ပြုတ်စီမံပေး ရစမြဲ။





ကျောင်းမှပြန်လာကတည်းက ကားသိမ်းပြီး မီးဖိုထဲသို့ မကျေမနပ်နှင့်တန်းဝင်ခဲ့ရသည်။ အရီးကြူကတော့ သူမ မီးဖို ဝင်ရတာကိုအားပေးသည်။

"ကောင်းတယ်ဟေ့၊ ဆရာ့အစီအစဉ်အရ ကြည်ဖြူ အချောင်ခိုလို့မရတော့ဘူး၊ မိန်းကလေးဆိုတာ ဒီလိုမှပေါ့၊ အားလုံးချက်ပြုတ်တတ်နေရမယ်"

အဝတ်လဲပြီး မီးဖိုထဲသို့ စူပုပ်စွာရောက်လာသည့်ကြည်ဖြူ ကို အားပေးနေလေလျှင် ကြည်ဖြူမှာ ဘာတွေထပ်ချက်ရမလဲ ဟု ဦးနှောက်မှစဉ်းစား၊ လက်ကလည်းလုပ်ကိုင်နေရင်းမှ အရီး ကြူကိုစကားနာထိုးရ၏။

မညိုကတော့ သူမကိုကြည့်ပြီး ရယ်ကျဲကျဲ။

"ကြည်ဖြူလုပ်တတ်သားပဲအရီးကြူရဲ့၊ ဆယ်တန်းပြီး ကတည်းက အိမ်တွင်းမှုသင်တန်းတွေ၊ အချက်အပြုတ်သင်တန်း တွေ ဖေဖေခိုင်းလို့လျှောက်တက်ထားပြီးသားပဲ"

"အေးလေ. . ဒါပေမယ့် သိပ်အသုံးမချဖြစ်ဘူးမဟုတ် လား၊ ကြည်ဖြူ အပျင်းတွေထူပြီး အရီးကြူချက်ကျွေးသမျှ ရေ သာခိုပြီး စားသောက်နေခဲ့တာပဲလေ"

"အံ့မယ်. . ဒီလိုတော့မပြောပါနဲ့နော်၊ အိမ်မှာ ဖေဖေက လည်း ခရီးထွက်နေတာများနေတော့ ကြည်ဖြူတစ်ယောက်တည်း ဘာအပင်ပန်းခံနေမလဲအရီးကြူရဲ့၊ ပြီးတော့ ကြည်ဖြူက အစား ချေးမများပါဘူး၊ ဗိုက်ဝရင်ပြီးရောပေါ့"

ဆင်ခြေဆင်လက်တွေထူနေရင်းမှ တစ်ခုပြီးတစ်ခုချက် ပြုတ်စီမံနေသည့်ကြည်ဖြူ့အသွင်က တကယ့်အိမ်ရှင်မကောင်း တစ်ယောက်နှယ်။

အရီးကြူမှာ ကိုယ့်လက်ပေါ်ကြီးလာသည့်ကလေးမို့ ကြည်ဖြူလုပ်တတ်၊ ကိုင်တတ်ရှိသည်ကို ကျေနပ်ပီတိဖြစ်မိ၏။

မညိုကတော့ ကြည်ဖြူခိုင်းတာလုပ်ပေးနေရင်းမှ မရဲတရဲ နှင့် ထင်မြင်ချက်တွေပေးနေ၏။

"မညိုထင်တာတော့ ဆရာကြီးက ဒီလူနဲ့မမလေးကို သဘောတူလို့ထင်တယ်နော်၊ အိမ်လည်း ညနေတိုင်းခေါ်လာ တယ်၊ မမလေးဘယ်လောက်တော်ကြောင်းလည်း အမြဲချီးမွမ်း ပြတယ်"

"တော်စမ်းပါဟာ၊ ထင်ကြေးတွေလျှောက်ပြောမနေစမ်း ပါနဲ့၊ ငါက ငါသဘောမကျဘဲ ဘယ်သူ့ကိုမှလက်မခံဘူး"





"မမလေးက ဘယ်သူ့ကိုသဘောကျတာလဲ၊ ဟို. . ပန်းပင် တွေရေလာလာလောင်းပေး ပြုစုပေးတဲ့ကောင်လေးကို သဘော ကျတာလား၊ မညိုတော့ သဘောမတူဘူးနော်၊ အလကား. . ဆင်းရဲသားနဲ့သူဌေး၊ အရည်အသွေးချင်းတခြားစီ"

"ဟာ. . ပေါက်ကရတွေလျှောက်မပြောစမ်းပါနဲ့မညိုရာ၊ ငါခိုင်းတာသာလုပ်ပေး"

သည့်နောက်တော့ မီးဖိုထဲမှာ ကြော်သံ၊ ချက်သံတွေသာ လွှမ်းမိုးသွားတော့သည်။ ညနေငါးနာရီမှာတော့ ကြည်ဖြူ အားလုံးအဆင်သင့်ပြီးခဲ့ပေပြီ။

ရေမိုးချိုးပြီး အဝါရောင်ဝတ်စုံလေးဝတ်ကာ ပန်းဥယျာဉ် လေးနံဘေးမှာ အပန်းဖြေနေဆဲ ဖေဖေ ကျော်မြတ်ယျာကိုမေ့ ပြီး အိမ်ပြန်လာလေ၏။

"ဟော. . သမီး. . အလုပ်တွေပြီးပြီလား"

ကားပေါ်မှဆင်းပြီး ဖေဖေ သူမ၏အနားသို့လျှောက်လာ လျှင် ကျော်မြတ်ယျာလည်း နောက်မှပါလာ၏။

ယခုတော့ သူမတို့၏အပန်းဖြေရာနေရာသည် ပန်းဥယျာဉ် လေးနံဘေးမှာ ကြိမ်ဆက်တီလေးများပေါ်မှာဖြစ်သည်။

ဖေဖေ၊ သူနှင့် ကြည်ဖြူတို့သုံးယောက် ပန်းဖူး၊ ပန်းပွင့်လေးများကိုကြည့်ပြီး စကားတွေပြောဖြစ်ကြသည်။

"ကျွန်တော်လည်း အန်ကယ့်အိမ်မှာ ညနေတိုင်းထမင်းလိုက်စားရတာ အရမ်းအားနာတာပဲ၊ မပြန်ခင် အန်ကယ်တို့သားအဖကို အပြင်မှာတစ်ခါတော့ထမင်းဖိတ်ကျွေးပါရစေ"

"ဟာ. . နေပါစေမောင်ကျော်မြတ်ယျာရယ်၊ အန်ကယ်က အိမ်ရှင်ပဲ၊ တကယ်ဆို ဒီမှာတောင် မောင်ကျော်မြတ်ယျာကို တည်းခိုစေရမှာ၊ မောင်ကျော်မြတ်ယျာက ဟိုတယ်မှာသွားဟည်းဟာကိုး"

ဖေဖေ သဘောတွေ့အရမ်းကောင်းနေလျှင် ကြည်ဖြူကြားထဲမှရှက်နေမိ၏။ ကိုယ်ကသမီးရှင်ပဲ။ နည်းနည်းပါးပါးသတိထားဦးမှပေါ့။ တော်ကြာ ဒီလူကြီး အတွေးတွေချော်ပြီးဘဝင်မြင့်နေမှဖြင့်။

သူမစိုးရိမ်နေမိဆဲ ဖေဖေက. . .

"ကဲ. . ဒီမှာ မောင်နှမတွေစကားပြောကြဦး၊ ဖေဖေရေချိုးလိုက်ဦးမယ်"



"ဟာ. . ဖေဖေ. . ကြည်ဖြူလိုက်ပြီးကူမှာပေါ့"

သူ့အနားမှာမနေချင်လို့ ကြည်ဖြူထရပ်ပေမယ့် ဖေဖေက အတင်းပင်ထားခဲ့၏။

"ရတယ်သမီး၊ ညှိသည်ကိုညှိခံနေပါဦး၊ သူတို့အိမ်မှာဆိုရင် ဖေဖေ့အပေါ် အရမ်းညှိဝတ်ကျေတာသမီးရဲ့"

ဖေဖေ့စကားကြောင့် အီလည်လည်ရုပ်ကလေးနှင့် သူမသူ့ကိုမျက်နှာမူရလျှင် ကျော်မြတ်ယျာက သဘောကျစွာရယ်လေ၏။

"ဘာရယ်တာလဲ"ဆိုပြီး မျက်နှာကိုကုတ်ဆွဲပစ်လိုက်ချင်စရာ။ ကြည်ဖြူဟာ ဖခင်နှင့်၊ အရီးကြူနှင့်သာကြီးပြင်းခဲ့ရသည်မို့ ရုပ်ရော၊ စိတ်ဓာတ်ရော ဂျစ်ကန်ကန်။ တစ်စက်မှထောင့်မကျိုး။ အားလည်းမနာတတ်ပါ။

အသက်ကလေး၊ ပညာလေးရလာလို့သာ ထောက်ထားရမှာတွေ၊ ဘာတွေကြောင့် အောင့်အီးသည်းခံနေရခြင်းဖြစ်သည်။ သူကတော့ ခွေးဆိုးလေးကိုစချင်သည့်ပုံစံနှင့်။

"ကိုကိုတို့အိမ်မှာဆိုရင် မမမေက အန်ကယ့်ကို ဘုရား

တစ်ဆူ၊ ဂူတစ်လုံးထားတာကြည်ဖြူရဲ့၊ အန်ကယ်လာတဲ့ရက်တွေဆို ကိုကိုတို့ပါအချောင်ကပ်စားနေရတာ"

"ဘာ. . ဘာ. . ဘာ. . "

ကိုယ့်ဖေဖေကိုစိတ်မချသူပီပီ မမမေဆိုသည့်စကားကြောင့် ကြည်ဖြူ့ပုံစံက မီးခဲတက်နင်းမိသလိုဖြစ်သွားရလျှင် ကျော်မြတ်ယျာပြုံးလိုက်သည်။

သူက ဒီအကွက်ပဲလိုချင်တာမဟုတ်လား။ ဦးကြည်ဖြူအောင်က ကိုယ့်အစ်မကိုချစ်ရုံချစ်ပြီး လက်ထပ်ဖို့အဆင့်မတက်သူမို့ သူ့သမီးသိအောင်နားဖောက်ရမည်လေ။

"ဟုတ်တယ်ကြည်ဖြူရဲ့၊ ကိုကို့အစ်မက သိပ်ဟင်းချက်ကောင်းတာ၊ သဘောလည်းအရမ်းကောင်းတယ်၊ ကိုကိုတို့မောင်နှမတွေကို သူပဲပြုစုစောင့်ရှောက်ခဲ့တာ၊ မမက ရုပ်ကလေးချောသလို၊ စိတ်လည်းအရမ်းပြည့်တာ"

သူ့အစ်မဇိကာတွေချဲ့လာလျှင် ကြည်ဖြူ တစ်စုံတစ်ရာကိုသဘောပေါက်ရတော့မလို။ သို့သော် သူမ လက်မခံနိုင်ပါ။ ကိုယ်ဘာမှမသိတဲ့မိန်းမတစ်ယောက်ရဲ့လက်ထဲ ဖေဖေ့ကိုမထည့်နိုင်ပါဘူး။





ယံခုအချိန် အသက်လေးဆယ်ကျော်အထိ ချောမောလှပဆဲဖြစ်သည့်ဖေဖေ့ကို သူမ အဆုံးရှုံးမခံနိုင်။

ကျော်မြတ်ယျာကို စူးစူးရဲရဲကြည့်ပြီး သူမ ဆတ်ကနဲ အိမ်ဘက်သို့ထွက်ခဲ့လျှင် သူက ကြည်ဖြူ့လက်မောင်းကိုလှမ်းဆုပ်လေ၏။

"ရှင်. . လွှတ်နော်၊ ဧည့်သည်မို့ အခွင့်အရေးယူတာလား"

"မဟုတ်ပါဘူးကွာ ဘေဘီလေးကလည်း ကိုကိုက ဘေဘီ့ကို ကိုယ့်ညီမလေးလိုတကယ်ချစ်တာပါ၊ ဒီတစ်ခါ အန်ကယ်မန္တလေးလာရင် ကြည်ဖြူပါလိုက်ခဲ့နော်၊ မန္တလေးကပျော်စရာကောင်းပါတယ်"

"စိတ်ချ. . လိုက်ရမှာပဲ၊ ရှင့်မမမေကို လိုက်ပြီးအကဲခတ်ရမယ်လေ၊ ကြည်ဖြူကတော့ ဖေဖေ့ကို ဘယ်သူနဲ့မှသဘောမတူနိုင်ဘူးဆိုတာ မှတ်ထားလိုက်"

"ဒါတော့လွန်တာပေါ့ကွယ်၊ ကြည်ဖြူ့ဖေဖေခမျာ ငယ်သေးတာပဲ၊ မိန်းမထပ်ယူချင်မှာပေါ့"

သူ့အသွင်က ခပ်ပြုံးပြုံး။ အောင်နိုင်သူအပြုံးနှင့်။ ကြည်ဖြူဒေါသတွေထွက်ရ၏။

"ဘာလို့ယူရမှာလဲ၊ လိုကိုမလိုဘူး၊ ဖေဖေ့ကို ကြည်ဖြူ လုပ်ကိုင်ပေးနေတာပဲဟာ"

"ဘယ်တူမလဲချာတိတ်ရဲ့၊ သမီးပြုစုတာနဲ့ ဇနီးပြုစုတာ အသက်ပါတာချင်းကွာတယ်လေ"

"ရှင်နော်ရှင်. . ကဲ. . ဒါဖြင့် ရှင်ရော. ."

"အိုး. . ကိုကိုကတော့ ငယ်သေးတာပဲ၊ မိန်းမဘယ်ယူဦးမလဲ၊ ဒါပေမယ့် ခုတော့ ကိုကိုလည်းအကြိုက်တွေ့ပြီလေ၊ ယူတော့မှာပါ"

သူမ၏လက်မောင်းကိုဆွဲထားရာမှ ပခုံးနှစ်ဖက်ကိုပါ သူ ဆွဲပွေ့ဖို့ကြိုးစားလျှင် သူမ ဘာမှမတုံ့ပြန်နိုင်မီ တစ်ဖက်ခြံမှ ကျော်ပြီး ရေမျှား သူမတို့နှစ်ယောက်ကိုလာပက်မိလေ၏။

"ဟာ. ."

ခြံချင်းကပ်လျက်မို့ ရေလောင်းရင်း ကျော်ပက်လိုက်သည့် လူလူ့ကျောပြင်ကို ကြည်ဖြူမြင်လိုက်ရ၏။

ကျော်မြတ်ယျာ ဆွေ့ဆွေ့ခုန်အောင်ဒေါပွကျန်ခဲ့ဆဲ ကြည်ဖြူကတော့ အိမ်ထဲသို့ပြေးဝင်ခဲ့လေသည်။



## အခန်း(၅)

"ဖေဖေ့ကို ကြည်ဖြူပြောစရာရှိတယ်"

ညနေစာစားပြီး ကျော်မြတ်ယျာပြန်သွားချိန်တွင် ဖေဖေ့ကို ကြည်ဖြူစကားစလိုက်သည်။

သားအဖနှစ်ယောက် ဧည့်ခန်းထဲမှာ စိတ်အေးလက်အေး တီဗီကြည့်နေကြစဉ်မို့ ဖေဖေ့စိတ်တွေလည်း ကြည်ကြည်လင်လင်။

"ဘာလဲသမီး၊ ဟိုကောင်လေးကို အချိန်ပိုင်းမာလီခန့်ဖို့ ပြောမလို့လား၊ ဖေဖေသဘောမတူဘူးနော်၊ မီးဆိုတာ မလောင်ခင်တားရတယ်၊ လောင်မှ ငြိမ်းလို့အလကားပဲ"

ဖေဖေက ပြုံးစစနှင့် ကြည်ဖြူ့ကိုနောက်လိုက်လျှင် ကြည်ဖြူ ရှုံ့ရှုံ့ရဲ့ရဲ့ဖြစ်သွားရ၏။

“ဟာ. . ဖေဖေကလည်း လွဲလိုက်တာ၊ ကြည်ဖြူပြောချင်တာက ကျော်မြတ်ယျာရဲ့မမအကြောင်းကိုပါ၊ သူ့အပြောကတော့ ဖေဖေနဲ့သူ့အစ်မပဲကြိုက်နေသလိုလို၊ ဟုတ်လားဖေဖေ၊ ကြည်ဖြူသဘောမတူဘူးနော်၊ သူ့ပုံစံကြည့်ပြီး သူ့အစ်မကိုပါမနှစ်သက်တော့ဘူး၊ အလကား. . လူလည်ပန်ကာရုပ်တွေ”

“သမီးကလည်း အလကားနေရင်း စိတ်ပုပ်နေရပြန်ပြီ၊ မေက ဖေဖေ့ကို အရမ်းခင်မင်တာ၊ မန္တလေးသွားရင် သူတို့အိမ်မှာစားရသောက်ရတယ်လေ၊ သူတို့မောင်နှမက သဘောကောင်းပါတယ်ကွယ်”

“မလိုချင်ဘူးဖေဖေ၊ နောက် မန္တလေးကိုသွားရင် တခြားမှာစား၊ တခြားမှာတည်းပေါ့”

“ဘယ်ဖြစ်မလဲသမီးရဲ့၊ ကျော်မြတ်ယျာက ဖေဖေ့ကုမ္ပဏီရဲ့မန်နေဂျာလေ၊ လုပ်ငန်းချင်းပတ်သက်ဆက်စပ်မှုရှိနေတော့ စားရ၊ နေရတာပါပဲ”

ဖေဖေက အကျိုးအကြောင်းခိုင်လုံစွာနှင့်ပြောလျှင် ကြည်ဖြူ ဘယ်လိုဆက်ပြောရမှန်းမသိတော့ပေ။ ကြည့်လက်စကိုရိုးယားကားကိုပင် သည်းကြီးမည်းကြီးကြည့်နေရတော့မလို။





“ဒါပေမယ့်ဖေဖေရာ ကိုယ့်ကိုပိုးနေတဲ့ မိန်းမတစ်ယောက်ရှိတဲ့အိမ်မှာ တည်းခိုတာကတော့ အန္တရာယ်ကိုဖိတ်ခေါ်ရာရောက်ပါတယ်၊ ဖေဖေ ကိုယ့်သေတွင်းကိုယ်တူးနေတာပဲ”

ကြည်ဖြူ မကျေမနပ်နှင့် စိတ်မကောင်း၊ လက်မကောင်းဆက်ပြောနေလျှင် ဦးကြည်ဖြူအောင် အားပါးတရပင်ရယ်မိလေသည်။

“သမီးရယ်. . စကားလုံးတွေကကြီးကျယ်လိုက်တာ၊ ဖေဖေက သူငယ်နုပ်စားလေးမှမဟုတ်ဘဲကွယ်၊ ကိုယ့်အန္တရာယ် ကိုယ်ကြည့်ရှောင်တတ်ပါတယ်၊ နေပါဦး. . သမီးပြောတဲ့အန္တရာယ်ဆိုတာကရော ဘာလဲ၊ ဘာတွေစိုးရိမ်နေတာလဲ၊ ဖေဖေကယောကျ်ားပဲ၊ ဘာအန္တရာယ်တွေရှိရဦးမှာလဲ”

“ယောကျ်ားလည်းအန္တရာယ်ရှိတာပဲဖေဖေရဲ့၊ တော်ကြာဖေဖေ အိမ်ထောင်ကျသွားရင် ဘယ့်နှယ့်လုပ်မလဲ”

“ဩော်. . ဒါလား၊ ဒါ အန္တရာယ်မဟုတ်ပါဘူးသမီးရဲ့၊ ဒီအန္တရာယ်လောက်ကတော့ ဖေဖေရင်ဆိုင်နိုင်ပါတယ်၊ မစိုးရိမ်ပါနဲ့”

ဖေဖေက ရယ်ကျဲကျဲနှင့် ကြည်ဖြူ့ကိုနှစ်သိမ့်နေလျှင် ကြည်ဖြူ ငိုမဲ့မဲ့နှင့်စွတ်အော်တော့သည်။

“ဖေဖေနော်. . မနောက်နဲ့၊ ကြည်ဖြူလုံးဝသည်းမခံနိုင်ဘူး၊ သိလား၊ ဖေဖေသိပ်ပြီးမိန်းမယူချင်နေရင်လည်း ပြော၊ အဲဒီမိန်းမနဲ့တော့ လုံးဝသဘောမတူဘူး၊ ကြည်ဖြူမမြင်ဖူး၊ မသိဖူးတဲ့မိန်းမတစ်ယောက်ကို ဘယ်လိုလုပ်ပြီး မိထွေးတော်ရမှာလဲလို့”

ပြောနေရင်းမှ ကြည်ဖြူမျက်ရည်တွေစီးကျလာလျှင် ဦးကြည်ဖြူအောင် သမီးကိုနှောက်နေရာမှ ရပ်လိုက်ရသည်။

သမီး၏ခေါင်းလေးကိုဆွဲပွတ်ပေးရင်း သမီးကျေနပ်အောင်ကတိတွေပေးရသည်။

“စိတ်ချပါသမီးရယ်၊ ဖေဖေ ဘာကိုမှ သမီးမသိဘဲမလုပ်ရှားပါဘူး၊ သမီး (၁၀)နှစ်အရွယ်ကတည်းက ဒီလိုပဲနေလာခဲ့တာ၊ အခုဆို သမီးလည်း အသက်နှစ်ဆယ်ပြည့်တော့မယ်၊ ဘွဲ့လည်းရခါနီးမှ ဖေဖေဘာတွေကြံစည်နေရဦးမှာတဲ့လဲ”

“အင်း. . သမီးကိုလည်း ဖေဖေပြောရဦးမယ်၊ သမီးရဲ့ပန်းခင်းကို လာလာပြုစုရေလောင်းပေးနေတဲ့ကောင်လေးကို



သတိထားနော်၊ သမီးက ယောကျ်ားလေးတွေနဲ့ မဆက်ဆံဖူးတော့ ဘာမှန်းညာမှန်းမသိဘူး၊ အိုးချင်းထား၊ အိုးချင်းထိတို့၊ ကြိုးချင်းထား၊ ကြိုးချင်းငြိတို့ ကြားဖူးတယ်မဟုတ်လား”

ကိုယ့်ဘက်မြှားဦးလှည့်လာသည့်အခါ ကြည်ဖြူစိတ်ဆိုးရချေပြီ။ နှုတ်ခမ်းကို တစ်တောင်လောက်စူပြီး ဖေဖေ့ကို ရန်တွေ့မိ၏။

“ဖေဖေနော်. . ကြည်ဖြူ့ကို အနိုင်စုတ်၊ဂုတ်စုတ်တွေနဲ့လာပြီး မစိုးရိမ်နဲ့၊ ကြည်ဖြူ့စိတ်ထဲမှာ အဖြူရောင်သက်သက်ပဲ၊ မေမေမရှိတော့လို့ ပူလောင်ခြောက်သွေ့နေတဲ့ဖေဖေနဲ့ သမီးရဲ့ဘဝလေးထဲမှာ ဒီချစ်စရာနှင်းဆီဥယျာဉ်လေးက နည်းနည်းများစိတ်ချမ်းသာမှုတွေပေးမလားလို့ ဖန်တီးနေမိတာပါဖေဖေရဲ့၊ သမီးစိတ်ထဲမှာ ရည်းစားထားဖို့၊ ယောကျ်ားယူဖို့ဆိုတာ လုံးဝကိုမရှိတဲ့အရာပါ”

“ဒါဆိုလည်း ကောင်းပါတယ်ကွယ်၊ ဘာပဲဖြစ်ဖြစ် ဖေဖေကတော့ သမီးရှင်ပီပီ နည်းနည်းစိတ်ပူတာပေါ့လေ”

“မပူနဲ့၊ ဖေဖေ့ကိုယ်သာ ဖေဖေပူ၊ သမီးအတွက်မပူနဲ့”

"အေး. . သမီးလည်း ဖေဖေ့အတွက်မပူနဲ့၊ သမီးစိတ်ဆင်းရဲအောင် ဘယ်တော့မှမလုပ်ဘူး"

"ကတိနော်ဖေဖေ၊ ကတိ. . ကတိ"

"ရတယ်၊ စိမ်လိုက်၊ သွေးသစ္စာတောင် ဆိုလိုက်ဦးမယ်"

"မိုးနတ်မင်းကြီးကိုတိုင်တည်ပြီးတော့ပေါ့ ဟုတ်လားဖေဖေ"

သားအဖနှစ်ယောက်သား ပေါ့ပေါ့ပါးပါးရယ်မောလိုက်ကြလျှင် အခန်းထောင့်မှာ မီးပူတိုက်နေသည့်အရီးကြူနှင့်မညိုတို့ပါ စိတ်ချမ်းသာသွားလေသည်။

"ဩော်. . ဒါထက်ဖေဖေ ကိုကျော်မြတ်ယျာကိုမခေါ်ခဲ့ပါနဲ့တော့၊ ဒီလောက်ဧည့်ဝတ်ပြုရရင် တော်လောက်ပါပြီ"

"ဘာဖြစ်လို့လဲသမီးရဲ့၊ ညစာထမင်းလေးကျွေးရတာများဘာအပန်းကြီးလို့လဲ"

"ဟာ. . ဖေဖေကလည်း. . ကြည်ဖြူစိတ်မရှည်တော့ဘူး၊ စေတနာလည်းမရှိဘူး၊ သူ့အစ်မနဲ့ဖေဖေ့အကြောင်းပြောတာလည်း မခံနိုင်ဘူး"





"အေးပါ. . အေးပါ. . ဒါဆိုလည်း မခေါ်ခဲ့တော့ပါဘူး၊ ဖေဖေက ပန်းစိုက်တဲ့ကောင်လေးထက်စာရင် ကျော်မြတ်ယျာကများ သမီးအတွက်နည်းနည်းတော်မလားလို့ ခေါ်ခေါ်လာတာပါ"

"ဖေဖေနော်. . ကြည်ဖြူကိုများ ဘာအောက်မေ့နေလို့လဲ"

ကြည်ဖြူ ဖေဖေ့ပေါင်ကိုထုထုပြီး ကြောင်ဆိုးလေးလိုအော်ဟစ်နေလျှင် အရီးကြူတို့ပါ ဝင်ရောက်ရယ်မောမိကြလေသည်။

## အခန်း(၆)

ဘုန်းခန့်လူလူ. . .

ဘွဲ့ရပြီးကတည်းက မမချစ်သက်လူရဲ့ပန်းခင်းထဲမှာ စိတ်ရောကိုယ်ပါနှစ်ပြီး လုပ်ကိုင်လာခဲ့၏။

အိမ်ကလေးရဲ့ ရှေ့နောက်ဝဲယာမှာ ပန်းခင်းတွေနှင့်ပြည့်နေသည့်အိမ်ကလေး။

ခြသေ့်စောင့်တဲ့ ပန်းဥယျာဉ်လေးပေါ့။ ပျိုးပင်တွေ၊ ဘာတွေပါ ပျိုးပြီးရောင်းချသည်မို့ သူတို့လုပ်ငန်းက အထင်သေးလို့မရ။





နှင်းဆီမျိုးတွေကို စိတ်ရှည်၊လက်ရှည်ပြုစု၊ အရောင်စပ်ပေးနိုင်သည်ကြောင့် သူတို့နှင်းဆီဥယျာဉ်မှနှင်းဆီတွေဟာ အသွေးအရောင်လည်းလှ၊ အပင်တွေလည်းထွားကြသည်။

ရန်ကုန်မြို့ရဲ့ အရေးပါသော တစ်ခုသောနှင်းဆီဥယျာဉ်လေးပါပဲ။

ချစ်သူတို့ရဲ့ လက်ဆောင်ပန်းစည်းလေးတွေဖန်တီးရာ၊ စတင်ရာ နှင်းဆီဥယျာဉ်လေးပေါ့။

နှင်းဆီအရောင်တွေကလည်း စုံမှစုံ။ အနီ၊ အဖြူ၊ အဝါ၊ ပန်းရောင်၊ အနက်၊ နောက် မျိုးစပ်ထားသည့်ရှားပါးအရောင်တွေ။

တစ်နေ့ တစ်နေ့ ကားတွေနဲ့လာပြီး ချစ်သူစုံတွဲလေးတွေပန်းလာဝယ်ကြ၊ ပန်းခင်းလာကြည့်ကြသည်။

ကောင်မလေးတွေလည်း လာကြတာပေါ့။ အသွေးအရောင်စုံသည့်နှင်းဆီလေပြည်မွှေးမွှေးထံသို့ လိပ်ပြာမလေးတွေ၊ ပျားပိတုန်းမလေးတွေ ရစ်ဝဲပျံသန်းလာကြသည့်အခါ ပန်းဥယျာဉ်စောင့်သည့်ခြသေ့်လေးကိုပါ တွဲဖက်မြင်သွားကြပါသည်။

တကယ့်ခြသေ့်လေးပါပဲ။

အလုပ်သမားမငှားဘဲ ကိုယ်တိုင်စိုက်ပျိုး၊ ပြုစု၊ ရေလောင်း ပေါင်းသင်သည့်ဥယျာဉ်မှူးလေးဘုန်းခန့်လူလူဟာ မားမားစွင့်စွင့်၊ ကြွားကြွားဝင့်ဝင့်ရှိလှသည့် အလှဆုံးနှင်းဆီ။ အဲ. . နှင်းဆီဆူး လေးပေါ့။ ဆူးတွေနှင့်နှင်းဆီ။

ကမ္ဘာကျော်ကျောက်ဆစ်လို အဆင်ပြေသည့်ကိုယ်ခန္ဓာ ကောက်ကြောင်းနှင့် ခပ်ထန်ထန်မျက်နှာက ယောကျ်ားချော ချောပါသည်။

မျက်ခုံးသန်သန်၊ မျက်လုံးလှလှတောက်တောက်နှင့် မျက်နှာကျက တော်ဝင်မင်းသားတစ်ပါးလို။ အသားကတော့ အရင်ကအဖြူ ယခုတော့ ကြေးနီရောင်။

ဘုန်းခန့်လူလူကလည်း ဒါကိုပဲသဘောကျပါသည်။ ယောကျ်ားဆိုတာ အလှပြဖို့မဟုတ်။ ဘဝရုပ်ပီပြင်ရမည်။ စွယ်စုံ ရရမည်။ ဖြစ်ရာဘဝကို ရင်ဆိုင်နိုင်ရမည်။ ဦးဆောင်နိုင်ရမည်။

မမချစ်သက်လူတုန်းက သာမန်စီးပွားရေးဖြစ်သည့် နှင်းဆီဥယျာဉ်သည် သူဦးစီးလာသည့်အခါ အလှဆုံးမျိုးစပ်ပင် တွေ၊ ပျိုးပန်းအိုးတွေကြောင့် ဝင်ငွေလည်းကောင်း၊ နာမည်လည်း ကျော်ခဲ့ပါသည်။





အဲ. . . ဟိုတစ်နေ့ကတော့ ပန်းစောင့်တဲ့ခြသေ့်လေး အငိုက်မိခဲ့ရသည့်နေ့ပါပဲ။

ဂုတ်ထိရှည်တဲ့ဆံပင်သန်သန်တွေကြောင့် ခြသေ့်လေးလို ဖွားဖွားလှလှဖြစ်နေရသည့်သူဟာ ကိုယ့်အလှကြောင့် မာနကြီးတာ မဟုတ်ရပေမယ့် သက်တမ်းတစ်လျှောက် ဘယ်မိန်းကလေးကိုမှ အရေးမစိုက်မိခဲ့လေသမျှ အဲဒီနေ့က ခိုးကြောင်ခိုးဝှက်ဝင်လာ သည့်ပန်းသူခိုးမလေးလက်မှာ သူ့နှလုံးသားလေး ပစ္စလက်ခတ် ဖြစ်သွားခဲ့ရသည်။

ဂျစ်ကန်ကန်၊ မာကြောကြောရုပ်ကလေးနှင့်တောင် ဝင်း လက်လင်းဖြာနေသည့်ချစ်စရာကောင်မလေးဟာ သူ့နှင်းဆီ ဥယျာဉ်ထဲမှာ အလှဆုံးနှင်းဆီတွေထက် အဆ ရာထောင်သောင်း ပိုပြီးလှပနေခဲ့သည်။

ပန်းသူခိုးမလေး၏လက်မှာ နှင်းဆီဆူးစူးသွားခဲ့သလို သူ့ နှလုံးသားထဲမှာလည်း အဲဒီကောင်မလေးရဲ့အချစ်ဆူးလေး ထိုး စိုက်ခံလိုက်ရပါသည်။

မှိန်းထိုးခံလိုက်ရတဲ့ ပင်လယ်ငါးတစ်ကောင်လိုပါပဲ။

မသေမရှင်၊ သည်လိုနှင့် ပတ်သက်ဆက်နွယ်လာချင်တော့ အဲဒီကောင်မလေးကလည်း ခါတိုင်းမိန်းကလေးတွေလို ပန်းတင်လိုချင်တာမဟုတ်၊

အပင်တွေပါလိုချင်သတဲ့၊ အပင်မှ ယခုမှပျိုးထားသည့် အပင်တောင်မဟုတ်၊ တစ်ခါတည်း အရွယ်ရောက်နေသည့် ပန်းပင်ကြီးတွေကိုလိုချင်သတဲ့၊

ပန်းဥယျာဉ်ကြီးတစ်ခုလုံး ဟုန်းကနဲရချင်ပါတယ်ဆိုတဲ့ မိဆိုးလေးဟာ ဘယ်လောက်တောင်ရိုက်ပစ်ချင်စရာကောင်းလိုက်သလဲ၊

အချောင်ဥယျာဉ်မှူးဝင်လုပ်ချင်တဲ့ မသိနိုးနကောင်မလေးဟာ သူ မြင်မြင်ချင်းငြိသွားမိတဲ့ကောင်မလေးသာမဟုတ်ခဲ့ရင် မာနမင်းသားက အော်ထုတ်လိုက်မိမှာပါပဲ၊

ယခုတော့ ကိုယ်ဟာ သူမကို အသည်းနှလုံးထဲမှာ စူးနစ်အောင်ငြိတွယ်သွားခဲ့ပြီမို့ သူကလေးလက်ညှိုးညွှန်ရာရေမြေဖြစ်အောင် ဖန်တီးပေးဖို့ပဲကြိုးစားရသည်၊

အပင်တွေကိုခွဲစေပြီး စိုက်ပျိုးပေးရမည်ဆိုလို့ အသည်



တုန်၊အူတုန်ဖြစ်သွားသည့်မမကို၊ ဆွေ့ဆွေ့ခုန်နေတဲ့မမကို မလှုပ်နိုင်အောင်ချည်နှောင်ရတဲ့စကားကိုရော မင်းကလေးကြားလိုက်ပါစကွယ်၊

"မမနော်. . လူလူ အဲဒီကောင်မလေးကို မြင်မြင်ချင်းချစ်သွားမိတယ်၊ သူလိုချင်သလို ဖန်တီးပေးခွင့်မရရင် လူလူ ဒီအိမ်ကထွက်သွားမှာ၊ လူလူ့အတွက် အလုပ်မရှားဘူး၊ ဘယ်ရောက်ရောက် ကိုယ့်ဝမ်းစာကိုယ်ရှာစားတတ်တယ်"

မောင်ကို ထွက်ခွာသွားမှာစိုးလို့ တယုတယ၊ အရိပ်တကြည့်ကြည့်ပြုစုခဲ့ရတဲ့ ပန်းပင်သန်သန်စွမ်းစွမ်းကြီးတွေကို ခွဲပေးလိုက်ရပေမယ့် မမခမျာ ရင်ထုမနာ၊

"အေးလေ. . လူလူ့ထက်စာရင် ပန်းပင်တွေက ဘာမှတန်ဖိုးမရှိပါဘူး၊ လူလူစိတ်ချမ်းသာမယ်ဆိုရင် လုပ်ပေါ့"

"တစ်လအတွင်း မမရဲ့နှင်းဆီဥယျာဉ်ကို အရင်အတိုင်းပြန်ဖြစ်အောင် လုပ်ပေးပါ့မယ်နော်"

ကတိတွေနှင့် အထပ်ထပ်နှစ်သိမ့်နေရဆဲ အလိုက်ကမ်းဆိုးမသိတဲ့မင်းကလေးဟာ ကိုယ့်နှလုံးသားကို နင်းဖျစ်ချိုးချေဖို့ ထပ်မံရောက်လာခဲ့တယ်၊

မင်းအလိုကျ မင်းခြံထဲမှာ အလှဆုံးပန်းခင်းလေး နေ့ချင်းပြီးဖန်တီးပေးခဲ့တယ်။ အချစ်နတ်သမီးလေးရဲ့ ရုပ်သေးရုပ်ဥယျာဉ်မှူးကြီးကိုယ်ဟာ ပန်းပင်လေးတွေကို တာဝန်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ဆက်လက်ပြုစုပေးနေရဦးမှာပါပဲကွယ်။

မင်းကတော့ ပန်းပင်တွေကို ငွေရလို့ရောင်းတယ်လို့ထင်လေမယ်။ အချစ်ရယ်. . မင်းပေးတဲ့ငွေ(၃)သိန်းဟာ ဘာရှိလို့လဲကွယ်။ ကိုယ်က တကယ့်ရှားပါးမျိုးစပ်ပင်တွေနဲ့ ရှားပါးနှင်းဆီဥယျာဉ်ကြီးရဲ့အရှင်သခင်ပါ။

ပန်းတွေကို လိုသလိုစေစားနိုင်တဲ့ဥယျာဉ်မှူးပါ။ ဒါပေမယ့် မင်းရဲ့ခြေတော်ရင်းမှာ ကျဆုံးနေရတဲ့ ဥယျာဉ်မှူးခြသေ့ကြီးပါဆိုတာ မင်းကတော့ ဘယ်သိမလဲနော်။

မနက်လင်းစကတည်းက ကိုယ့်ပန်းဥယျာဉ်လေးကို ရေလောင်းနေသည့်ဘုန်းခန့်လူလူသည် ကြည်ဖြူ့ဖေဖေ ကားနှင့်ကုမ္ပဏီသို့ထွက်သွားသည်ကိုမြင်လိုက်ရလျှင်၊ တစ်ဖက်ခြံသို့ရောက်လာခဲ့သည်။

ကိုယ်ယူလာခဲ့သည့်ပိုက်ခွေကို ရေဘုံဘိုင်မှာသွားတပ်ပြီးသူ ပန်းဥယျာဉ်လေးကို စတင်ရေဖြန်းပေးနေမိသည်။ ရေလောင်းပြီးလျှင်လည်း ပန်းပင်လေးတွေကို လိုအပ်သလိုပြုစုပေးရပါဦးမည်။

ဒါဟာ ကိုယ့်ရဲ့အချစ်တွေပါပဲကြည်ဖြူ။ မင်းဥယျာဉ်

လေးနဲ့တကွ မင်းကိုပါ ထာဝရပွင့်လန်းလှပနေစေချင်တာ ကိုယ့်ရဲ့ဆန္ဒပါ။

မည်သူမှမခိုင်းရဘဲ နံနက်ခင်းတိုင်း ရေတွေလာလောင်းပေး၊ ပြုစုပေးနေခဲ့တာ ယခုဆို (၄)ရက်ရှိပေပြီ။

မာနကြီးသည့်ကြည်ဖြူလေးလား။ လေးရက်လုံးလုံး သူ့ကိုလာမကြည့်ခဲ့၊ ပေါ်မလာခဲ့ပါ။

သူကလည်း နှင်းဆီဥယျာဉ်လေးကိုသာ အရိပ်တကြည့်ကြည့်နှင့် ပြုစုပေးနေခဲ့သည်ပါပဲ။ ဒီနှင်းဆီဥယျာဉ်လေးဟာ သူ့ရဲ့အချစ်သင်္ကေတ၊ အချစ်နိမိတ်ပုံ။

သည်နေ့လည်း ကြည်ဖြူတို့နှစ်ထပ်တိုက်ကြီးကိုကျောခိုင်းပြီး သူ အားပါးတရရေလောင်းနေမိသည်။ မကြာမီ သူရေလောင်းလို့ပြီးသွားသည့်အခါ အိမ်ပြန်ဖို့ ပိုက်တွေသိမ်းနေစဉ် အိမ်ထဲမှ စတီးလင်ပန်းငယ်လေးနှင့်ထွက်လာသည့်မညိုကိုမြင်လိုက်ရသည်၊

"ဟာ. . ကျားသားမိုးကြိုး"

စိတ်ထဲကပဲ ဘုန်းခန့်လူလူမြည်တွန်တောက်တီးမိသည်၊ မာနခဲလေးက ဘယ်မှာပုန်းနေသလဲ။



[illegible]အေးလေ. . သူက ကျောင်းမှမပြီးသေးဘဲ၊ ကျောင်းသွားဖို့ပြင်ဆင်နေမှာပေါ့။ နောက် ကားလေးကိုယ်တိုင်မောင်းပြီး ကျောင်းသွားမှာပေါ့။

"အစ်ကိုကြီး. . မမလေးက ဒါတွေပို့ခိုင်းလိုက်ပါတယ်"

နှင်းဆီဥယျာဉ်လေးအနီးရှိ ထီးအရိပ်ကြားမှာ ကြိမ်ဆက်တီလေးတွေချထားသည့်နေရာသို့ မညိုက စတီးလင်ပန်းလေးယူလာသည်၊

ဘုန်းခန့်လူလူလှမ်းကြည့်လိုက်၏။ မနက်စာပေါ့။ ကော်ဖီ ပူပူနှင့် မုန့်တွေ။

"မမလေးကိုယ်တိုင်ဖျော်ပေးလိုက်တာအစ်ကိုကြီးရဲ့၊ စားပါတဲ့၊ သူ့ဥယျာဉ်လေးကိုလာပြီးပြုစုပေးတာ အရမ်းကျေးဇူးတင်ပါတယ်တဲ့၊ အရမ်းလည်းအားနာတယ်တဲ့၊ အဲဒါ လစာသဘောမျိုးဖြစ်ဖြစ်၊ နေ့စားသဘောမျိုးဖြစ်ဖြစ် ပိုက်ဆံယူပါတဲ့"

တဲ့. . တဲ့နှင့်မညိုပြောနေလျှင် ဘုန်းခန့်လူလူ ရင်နာလာမိသည်၊ ငါ့ကို ဘာလို့စကားလာမပြောရသလဲကြည်ဖြူရယ်၊

ရှေးရှေးတုန်းကလိုပဲ အလှတွေ၊ အဆင့်တွေမတူညီလို့

ခွဲခြားထားတာလား။ မင်းက တိုက်ကြီးနဲ့နေတယ်။ ငါက သစ်သားအိမ်လေးနဲ့နေရတယ်။ မင်းက ကားစီးတယ်။ ငါက လိုင်းကားတိုးစီးရတယ်။

ဘုန်းခန့်လူလူ မညိုကို စိတ်မကောင်းစွာငေးကြည့်နေလျှင် အသားညိုညို ပိန်ပိန်ခြောက်ခြောက်နှင့် အသက်နှစ်ဆယ်အရွယ်မိန်းကလေးတစ်ယောက်ကို မြင်ရ၏။

"ငါမစားတော့ဘူးမညို၊ နင့်မမလေးကိုပြောလိုက်၊ ဥယျာဉ်မှူးဆိုတာ ပိုက်ဆံပေးစရာမလိုပါဘူးလို့၊ ပန်းကလေးတွေပွင့်လန်းလှပနေရင် ကျေနပ်ပါတယ်လို့"

ပြောပြီး သူ ချာကနဲလှည့်ထွက်ခဲ့၏။ ရင်ထဲမှာတော့ ခံစားနေရသည်။ ဘယ်လိုလဲ မိန်းကလေးရယ်။ မင်းအတွက်ဆို ပန်းမြို့တော်ကြီးတစ်ခုလုံးတောင် ဖန်ဆင်းပေးချင်လှတဲ့ ဒီက ဥယျာဉ်မှူးကို နည်းနည်းမှအသိအမှတ်မပြုဘူးတဲ့လားကွယ်။

အေးလေ. . ဒါပေမယ့် ငါ့ရဲ့ဥယျာဉ်မှူးစိတ်ဓာတ်ကလည်း မြဲမြဲခိုင်ကျည်လှတာမို့ မင်းဂရုမစိုက်၊ အရေးမလုပ်လည်း ငါ့ရဲ့ ပန်းသခင်မလေးအတွက် ပန်းတွေကို လာပြီးပြုစုစောင့်ရှောက်ပေးနေဦးမှာပါပဲ။



ခြေလှမ်းကျဲကြီးများနှင့် သူထွက်ခွာသွားလေလျှင် ထမင်းစားခန်းထဲမှချောင်းကြည့်နေသည့်ကြည်ဖြူ မျက်မှောင်ကုတ်သွားရသည်။

"ကြည့်စမ်း. . ငါစေတနာနဲ့ဖျော်ပေးလိုက်တဲ့ကော်ဖီလည်း မသောက်ဘူး၊ မုန့်တွေလည်းမစားဘူး၊ လူနေခြုံကြား၊ စိတ်နေဘုံဖျားဆိုတာ အဲဒါမျိုးပဲ၊ လူကသာ ပန်းစိုက်စားနေရတယ်၊ ဘဝင်ကတော့ မိုးထိတော့မလားမသိဘူး၊ ဟင်း. . သူ့ကိုယ်သူ ရုပ်ချောတယ်ဆိုပြီး မာနကြီးနေတယ်"

ကိုယ့်အပြစ်ကိုယ်မတွေးဘဲနှင့် ကြည်ဖြူဒေါပွနေတာလည်း သဘာဝကျပါသည်။

သူမက ကျောင်းသွားခါနီး မအားသည့်ကြားထဲက စီစဉ်ပေးလိုက်သည့်စေတနာရဲ့ပြယုဂ်တွေဖြစ်သည့် အစားအသောက်တို့ကို သူက စားမသွားဘူးမဟုတ်လား။

သူမဒေါပွနေဆဲ မညိုက စတီးလင်ပန်းလေးကိုသယ်ပြီး ထမင်းစားခန်းစားပွဲပေါ် သို့တင်လိုက်၏။

"မညို. . ကိုကြီးကျယ်က ဘာတွေပြောလိုက်သလဲ၊ ဟင်း. မုန်းဖို့ကောင်းတဲ့လူ"

"မစားတော့ဘူးတဲ့မမလေးရဲ့၊ ဟီဟိ. . နောက်ပြီးတော့လေ ဥယျာဉ်မှူးဆိုတာ ဘာမှပေးစရာမလိုပါဘူးတဲ့၊ ပန်းလေးတွေလှနေရင်ကျေနပ်ပါတယ်တဲ့၊ ဟီဟိ. ."

မညိုသည် လူကသာလူရည်မလည်ပေမယ့် အောင်သွယ်ကလည်းလုပ်ချင်ပုံပေါ်နေ၏။

"ဘာ. . ဘာ. . နင်ကဘာတွေသွားပြီး လျှာတွေရှည်နေလို့သူက ဒီလိုစကားတွေပြောလိုက်ရတာလဲ၊ နင်တော်တော်လျှာရှည်ပါလားဟင်"

"နို့. . မမလေးပဲ သူ့ကိုမာလီခန့်ချင်တယ်ဆို၊ ပိုက်ဆံပေးချင်တယ်ဆို၊ မညိုတို့ရှေ့မှာပြောဖူးတာပဲ"

"ဟဲ့. . သူက သူ့အလုပ်နဲ့သူမှမအားရဘဲ၊ ငါခြံထဲလာပြီးမာလီလုပ်မလားဟဲ့၊ နင်တော်တော်တတ်နေ. . ကဲဟယ်"

မညိုကျောကို ဗုန်းကနဲတစ်ချက်ထုပြီး ကြည်ဖြူ ထမင်းချိုင့်ဆွဲကာ ကျောင်းသွားဖို့ အိမ်ရှေ့ကားဆီသို့ထွက်လာခဲ့သည်။

"နေပေါ့. . မညိုကလည်း ဘာတွေလျှောက်တတ်နေလည်းမသိဘူး၊ သူကလည်း ကြီးကျယ်လိုက်တာလွန်ရော"



မနေ့ကျမနပ်နှင့်ပင် ကြည်ဖြူ ကျောင်းသွားဖို့ကားနှင့်ထွက်လာခဲ့သည်။

"ဟင်. ."

ခပ်လှမ်းလှမ်းကမှတ်တိုင်မှာ သူ့ကို ကားတိုးစီးဖို့စောင့်နေတာမြင်လိုက်ရလျှင် ကြည်ဖြူ သူ့ရှေ့မှာ ကားလေးကိုလျှောကနဲရပ်လိုက်သည်။

ကိုယ့်မျက်နှာထားက တင်းချင်တင်းနေမှာဖြစ်ပေမယ့် ကြည်ဖြူ သူ့ကိုစေတနာရှိပါသည်။ သူဟာ သူမလိုချင်တဲ့ပန်းဥယျာဉ်လေးကို နေ့ချင်းပြီးတည်ဆောက်ပေးသည့်အပြင် နေ့တိုင်းလည်း လာပြီးပြုစုပေးနေတာမဟုတ်ပါလား။

"လူလူ. . ဘယ်သွားမလို့လဲ၊ လာ. . တက်"

ကားတံခါးဖွင့်ပေးကာ သူမပြောလိုက်ပုံက အပိုင်။ အမိန့်သံတောင်ဆန်သွားသေး၏။ ဘုန်းခန့်လူလူစိတ်ထဲမှာ ဖျင်းကနဲဒေါသထွက်သလိုရှိသွားပေမယ့် သူကလည်း လူ့ခွစာ၊ မာနမင်းသားမို့ သူမ၏ကားပေါ်သို့ ပိုင်စိုးပိုင်နင်းပင်တက်ထိုင်ပစ်လိုက်၏။

ကဲ. . ဘာဖြစ်သေးလဲ။ ဘေးနားမှကြည်ဖြူ့ကို ဒရိုင်ဘာလိုသဘောထားပြီး ဘုန်းခန့်လူလူ စတိုင်တင်းတင်းနှင့် နောက်သို့မှီစီးပစ်လိုက်သည်။

သည်လိုကျတော့လည်း ကြည်ဖြူ သူ့ကိုအမြင်ကတ်သွားပြန်၏။ ကြည်ဖြူ့စိတ်ကလည်း စိတ်စလောင်းဖုံးလေ။ ခုမှောက်၊ ခုလှန်။

"မှားပါတယ်၊ တင်လာမိတာ. . "

"နောင်တတွေရနေတယ်ပေါ့၊ ဒါဆိုလည်း ရပ်ပေးလေ၊ တို့က လမ်းပေါ်ကလူပဲ၊ ခြေလျင်လျှောက်ရလည်းဖြစ်တယ်"

"အို. . ကြည်ဖြူ သူ့ကိုစေတနာရှိပါတယ်၊ ပုံစံကိုသာ မုန်းတာ"

"ဗျာ. . "

"ဟုတ်တယ်လေ၊ သူ့ကိုယ်သူ ရုပ်ချောတယ်ဆိုပြီး ဘဝင်မြင့်နေတဲ့ပုံစံကြီး၊ သူရုပ်ချောတာ ဘာအသုံးကျလို့လဲ၊ ယောကျ်ားတို့ရဲ့ဥစ္စာဟာ ရုပ်ရည်မဟုတ်ပါဘူးနော်၊ ဣတ္ထိရုပ်ခနဲ့လို့ပဲ ကြားဖူးတယ်၊ ယောကျ်ားဆိုတာ ရုပ်ချောချော မချောချော အရည်အချင်းရှိရင်ပြီးတာပဲ"





ကြည်ဖြူ သူ့ကို အသားလွတ်နှိပ်ကွပ်နေလျှင် ဘုန်းခန့်လူလူ ပျော်သလိုလိုတောင်ဖြစ်လာမိ၏။

ခွေးဆိုးမလေး. . ငါ့ကို အလကားနေရင်း မျက်မုန်းကျိုးနေတယ်။

"လွဲလိုက်တာ၊ ကြည်ဖြူ့အတွေးတွေမှားတယ်၊ ကိုယ် မာနမကြီးပါဘူး"

"ဒါဖြင့် သူ့မျက်နှာကြီးစူပုပ်နေတာ ဘာဖြစ်တာလဲ"

"အဲဒါကတော့ လောကစံဆိုးဆိုးနဲ့ ရင်ဆိုင်ခဲ့ရတဲ့လူတိုင်းဟာ ဘယ်ပြုံးနိုင်တော့မလဲ၊ ကိုယ့်မှာ မိဘတွေမရှိတော့ဘူး၊ အစ်မနဲ့ပဲနေရတယ်"

"ဒါနဲ့ပဲ လောကကြီးထဲမှာ ကံအဆိုးဆုံးဖြစ်သွားရောလား၊ ရှင့်လိုဆို ကြည်ဖြူရော ဘယ်မှာကံကောင်းလို့လဲ၊ (၁၀)နှစ်သမီးကတည်းက အမိမဲ့ခဲ့ရတယ်၊ ဖေဖေကလည်း အရမ်းအလုပ်များတော့ တစ်ယောက်တည်းနေခဲ့ရသလိုပဲ၊ ကဲ. . ဘယ်လောက်တောင်ကံဆိုးခဲ့ရသလဲ၊ ဘယ်လောက်အားငယ်ခဲ့ရသလဲ"

"ဒါပေမယ့် ကြည်ဖြူ့ရုပ်က အားငယ်တဲ့ပုံမပေါ်ဘူး၊ ဂျစ်ကန်ကန်၊ ညစ်ထပ်ထပ်နဲ့ လူဆိုးရုပ်ပဲပေါက်တယ်"

"အံမယ်. . သူကပဲပြောရတယ်ရှိသေး၊ ရှင်သာ လူဆိုးရုပ်၊ ဓားပြကြီးရုပ်၊ ဗိုလ်စံဖဲရုပ်"

"တော်ပါတော့. . တော်ပါတော့. . လုံလောက်ပါပြီ"

ခြေကားကား၊ လက်ကားကားနှင့် လူလူတောင်းပန်လိုက်လျှင် ကြည်ဖြူ ရှင်လန်းပေါ့ပါးစွာရယ်မောဖြစ်သည်မှာ ဘာကြောင့်မသိ။

အလို. . ငါဘာတွေဖြစ်နေပါလိမ့်။

ခါတိုင်းက အရိုးကြူသွေးထိုးထားလို့ ယောကျ်ားထုကြီးတစ်ရပ်လုံးကို ရန်သူလိုသဘောထားမိတဲ့ငါ့ရင်ထဲ လူလူကိုကျတော့ မိတ်ဆွေလိုခင်မင်နေမိပြီလား။

ကိုယ့်ကိုယ်ကိုမကျေမနပ်ဖြစ်သွားလို့ ကြည်ဖြူ့မျက်နှာလေးပြန်တင်းသွားလျှင် သူမကိုအရိပ်ကြည့်နေသည့်လူလူသတိ ထားလိုက်မိသည်။

"ကဲ. . ပြော. . ရှင့်ကိုဘယ်မှာချပေးရမှာလဲ"

"ဘယ်မှာမှချမပေးရပါဘူး၊ ကိုယ်လည်း ကျောင်းထဲလိုက်မလို့"



"ရှင်နောက်နေတာလား"

"မနောက်ပါဘူး၊ တကယ်ပါ၊ မနေ့က ညောင်တုန်းကအဒေါ်ဆီကစာလာတယ်လေ၊ စာထဲမှာ သူ့သမီးလေး ရန်ကုန်တက္ကသိုလ်တက်နေတဲ့အကြောင်း၊ လိုတာသွားမေးပြီး ဆောင်ရွက်ပေးပါဆိုလို့ ဒီနေ့လိုက်လာရတာ"

"ရှင်မညာနဲ့နော်"

"ဟောဗျာ. . တကယ်ပါဆိုမှ"

"ကဲ. . ဒါဆို နာမည်ပြော၊ ဘယ်နှစ်ကလဲ၊ ဘာမေဂျာလဲ"

ကြည်ဖြူ ကားမောင်းရင်းမှ တရားခံစစ်စစ်လျှင် လူလူကလည်း အိနြွေမပျက်ပင်ပြန်ဖြေလိုက်သည်။

"ပထမနှစ်၊ ရူပဗေဒကတဲ့"

"ဒါဆိုလည်းပြီးရော"

"ဘာလဲ. . ကြည်ဖြူကူရှာပေးမလို့လား"

"အို. . ရှာမပေးနိုင်ပါဘူး၊ ကိုယ့်ဘာသာရှာပေါ့၊ ဟင်း. . ကျောင်းထိခေါ်လာတာပဲတော်လောက်ပါပြီ၊ ပန်းဥယျာဉ်ကိုစောင့်ရှောက်ပေးလို့ ကျေးဇူးဆပ်နေတာသိလား"

"ဟုတ်လား. . အခု ကျေသွားပြီလား"

"ဘယ်ကျေဦးမလဲ၊ ရှင်ကလည်း နေ့တိုင်းရေလောင်းပေးနေမှာမဟုတ်လား၊ ကျေးဇူးကတော့ ထပ်ထပ်တင်နေမှာပေါ့"

"တော်ပါသေးရဲ့"

စကားတပြောပြောနှင့်ပင် ကျောင်းထဲသို့ကားဝင်လာခဲ့လျှင် ကြည်ဖြူက သူမရပ်နေကျနေရာမှာရပ်လိုက်သည်။

"ကဲ. . ရှင် အလိုရှိရာသွားပေတော့"

"ပြောပုံကလည်း အမိန့်စာပြန်တာကျနေတာပဲ"

လူလူ ကားပေါ်မှဆင်းလိုက်သည်။ ကြည်ဖြူက သူ့ကားပါပိတ်ပြီး အိတ်တစ်ဖက်၊ ချိုင့်တစ်ဖက်နှင့် သူမ၏အတန်းရှိရာသို့ စတင်ထွက်ခွာဖို့ဟန်ပြင်၏။

"ကြည်ဖြူ. ."

နေရာမှာရပ်ကာ လူလူ သူမကိုအားကိုးတကြီးလှမ်းခေါ်လျှင် ကြည်ဖြူ လူလူ့ကို မသနားစဖူး သနားသွားမိ၏။

သူမကျွမ်းကျင်တဲ့နယ်ပယ်မို့ အားငယ်တာလားမသိဘူး။ ငါ သူ့ကိုပစ်ထားလို့တော်ပါ့မလား။





"ဘာလဲ. . ရှင် မရှာတတ်ဘူးလား"

"ဟုတ်တယ်၊ ရူပဗေဒခန်းလည်းမသိဘူး၊ တစ်ယောက်တည်းသွားရမှာလည်းကြောင်တယ်"

"ဒီတော့ ကျွန်မဘာလုပ်ပေးရမလဲ၊ ကျွတ်. . "

"ဟိုလေ. . ကြည်ဖြူအတန်းတက်ပြီးရင် ကိုယ့်ကိုကူရှာပေးပါလား"

"ဒီကြားထဲ ရှင် ဘယ်ကထိုင်စောင့်မလဲ"

"ကြည်ဖြူ့အတန်းထဲမှာလိုက်ထိုင်မယ်လေ"

"ဟာ. . ဘယ်ဖြစ်မလဲ၊ လူတွေက ကြည်ဖြူ့ကိုတစ်မျိုးထင်မှာပေါ့"

"ဘာထင်စရာရှိသလဲကွာ၊ ကြည်ဖြူ့ဘေးမှာ ရိုးရိုးထိုင်နေမှာပဲဟာ၊ နှစ်ယောက်တွဲပြီး စကားတွေပြောနေမှာမှမဟုတ်ဘဲ"

"မှားပါတယ်နော်၊ လုံးဝမှားပါတယ်၊ ကဲ. . လာ. . သူငယ်ချင်းတွေကိုတော့ ကြည်ဖြူ့အစ်ကို တစ်ဝမ်းကွဲလို့ပြောထားရမှာပဲ"

"ယုံပါ့မလား"

ဘုန်းခန့်လူလူရင်ထဲမှာ အပျော်တွေစီးဆင်းလှည့်ပတ်နေ၏။ သိတယ်မဟုတ်လား။ ဇာတ်လမ်းတွေထွင်နေတာလေ၊

တကယ်တော့ ဘယ်သူ့ကိုမှလာရှာတာမဟုတ်။ ကြည်ဖြူ့အနားမှာ နေခွင့်ရရေးအတွက် ထွင်နေခြင်းသာဖြစ်သည်။

ကျောင်းထဲမှာလည်း ဘာမှမသွားတတ်စရာမရှိ။ ကိုယ်နေလာခဲ့တဲ့နယ်မြေ။ သို့သော် ကြည်ဖြူသနားသွားအောင် မျက်စိသူငယ်၊ နားသူငယ်ဂိုက်ဖမ်းထားရပါသည်။

"မယုံတာယုံတာ သူတို့အပိုင်းလေ၊ ယုံအောင်ပြောရမှာကျွန်မတာဝန်၊ အဲ. . ရှင် မျက်နှာပိုးသေရမယ်နော်၊ မှင်ကောင်းရမယ်"

"စိတ်ချပါ၊ ကိုယ် ကြည်ဖြူ့မျက်နှာကို အိုးမည်းမသုတ်ပါဘူး"

"ဘာကြီးမှန်းလည်းမသိဘူး"

ရှေ့မှ ခပ်ဆတ်ဆတ်လျှောက်သွားသည့်ကြည်ဖြူ့နောက်သို့ ဘုန်းခန့်လူလူ ခပ်ပြုံးပြုံးနှင့်ပင်လိုက်ပါသွား၏။

ကြည်ဖြူက မာကျောကျောနှင့် ချောမောချစ်စရာကောင်းလှသလို ဘုန်းခန့်လူလူကလည်း ရှင်းသန့်လှပနေ၏။





ကြည်ဖြူက အဝါရောင်ဝတ်စုံလှလှလေးကိုဝတ်ဆင်ထားသလို ဘုန်းခန့်လူလူကလည်း ဂျင်းဘောင်းဘီအပြာနှင့် တီရှပ်အဝါလက်ရှည်ကို တိုက်ဆိုင်စွာပင်ဝတ်ဆင်ထားခဲ့သည်။

ကြည်ဖြူ အတန်းထဲသို့ဝင်သွားလျှင် သူငယ်ချင်းများ၏ဝိုင်းဝန်းနောက်ပြောင်မှုကို ကြည်ဖြူနှင့်အတူ လူလူပါရင်ဆိုင်ရ၏။

"ဟေး. . ကြည်ဖြူ. . ဘယ့်လိုဖြစ်တာလဲ၊ လောကကြီးထဲမှာ ငါ့အတွက် ယောကျ်ားဆိုတာ မမွေးဖွားသေးဘူးဆို၊ ခုဘယ်ကယောကျ်ားတွေ့လာတာလဲ"

"အပြောကြီးတဲ့မိန်းမ. . ထိပြီ၊ သူ့ထိလည်း ထိချင်စရာ၊ သူ့ရုပ်က တိုက်တန်းနစ်မင်းသားလိုလို၊ ဘက်ခမ်းလိုလို. . "

"ဟာ. . တော်စမ်းပါရွှေစင်နဲ့မိုရာရယ်၊ ဒါ ငါ့အစ်ကိုဝမ်းကွဲ၊ ဖေဖေ မန္တလေးကအပြန် အလည်လိုက်လာတာ၊ အဲ. . ကျောင်းထဲရောက်ဖူးချင်တယ်ဆိုလို့ ခေါ်လာခဲ့တာ"

ကြည်ဖြူ ခပ်ဆတ်ဆတ်အော်ပစ်လိုက်မှ သူမ၏သူငယ်ချင်းများ ပါးစပ်ပိတ်သွားကြသည်။ သို့သော် ရုပ်တွေက အပိုးမကျိုးသေး။

“သေချာတယ်နော် အစ်ကိုဆိုတာ၊ ဒါဆိုလည်း ယောင်းမရယ်. . ငါတို့နှစ်ယောက်ကို မဲဖောက်ပေး. . ”

ရွှေစင့်ပုံက ဖြူဖြူဝဝပုပုဖြစ်ပြီး မိုရာ့ပုံကတော့ ဖြူဖြူပိန်ပိန်ဖြစ်သည်။ လူလူကတော့ ခပ်ပြုံးပြုံးနှင့်ပင် ကြည်ဖြူ့ဘေးမှာဝင်ထိုင်လိုက်သည်။

မကြောင်ပါဘူး။ ကိုယ်လည်းဒီကထွက်ထားတာပဲ။ ဒီနယ်မြေဟာ ကိုယ့်နယ်မြေ။

“ယောင်းမ. . မိတ်ဆက်ပေးဦးလေ”

ဆရာမဝင်သေးသည်မို့ သူငယ်ချင်းများကတောင်းဆိုလျှင် ကြည်ဖြူ လူလူ့ကိုစိတ်တိုမိ၏။ သူမမှာ ကလိမ်စေ့ငြမ်းဆင်ရဦးမည်မဟုတ်ပါလား။

“ငါ့အစ်ကိုနာမည်က ဘုန်းခန့်လူလူတဲ့၊ မန္တလေးမှာနေတယ်”

“ဘာလုပ်သလဲ”

“မသိဘူးလေ၊ ကိုယ့်ဘာသာမေးကြတော့”

ကြည်ဖြူ အလိုလိုစိတ်တိုနေလျှင် ရွှေစင်နှင့်မိုရာက မျက်စောင်းထိုးကြသည်။





“ဒါနဲ့ အစ်ကိုဆို၊ ကိုယ့်အစ်ကိုဘာလုပ်တယ်ဆိုတာတောင်မေးမရဘူး၊ ဟုတ်မှဟုတ်ရဲ့လား၊ ပုံကြည့်ရတာ ရည်းစားပဲဖြစ်ရမယ်”

“တော်ကြစမ်းပါဟာ၊ ရှူး. . ဟိုမှာဆရာလာနေပြီ”

တကယ်လည်းဆရာဝင်လာသည်မို့ သူ အခက်အခဲမှ လွတ်မြောက်သွားရသည်။

နေ့လည်ကျတော့ ကျောင်းကင်တင်းမှာထမင်းသွားစားကြသည်။ ဘုန်းခန့်လူလူ ပါသွားရပြန်၏။ ယုတ္တိရှိအောင် ပထမနှစ်ရူပဗေဒကျောင်းသူ မာလာမေသူကိုလည်း ရှာဖို့သတိပေးရပါသည်။

သိတယ်မဟုတ်လား။ မရှိတဲ့နာမည်နဲ့ မရှိတဲ့အမျိုးလေ။

“ကြည်ဖြူ. . ကိုယ့်ကိုလူရှာပေးဦးလေ”

ကြည်ဖြူ သူ့ကိုမျက်စောင်းထိုးလိုက်တာ ဘာကြောင့်မသိ။ ကောင်မလေး သဝန်တိုနေလေသလား။

“နေစမ်းပါဦး၊ ထမင်းအရင်စားစမ်းပါ၊ ပြီးမှသွားရှာပေးမယ်”

"ဪ. . ကိုယ်ထမင်းဝင်စားရမှာ ကြည်ဖြူ့ကိုအားနာလို့ပါ၊ လူရှာပြီး ကိုယ်ပြန်မယ်လေ"

ကြည်ဖြူ လူလူ့ကို လျှာရှည်ရန်ကောဟူသည့်အကြည့်နှင့်ကြည့်ပြီး ရှေ့မှခပ်သွက်သွက်လျှောက်သွားလျှင် လူလူ ရင်ထဲမှာ ဝမ်းသာပီတိဖြစ်စွာနှင့် နောက်မှလိုက်သွားရသည်။

သူမတို့သုံးယောက်ဝင်သွားရာဆိုင်သို့ လိုက်ရ၏။ သို့သော် ရွှေစင်နှင့်မိုရာမှာ သူတို့နှစ်ယောက်ကို ဘာထင်လို့မသိ။ ထားပစ်ခဲ့ပြီး ကိစ္စရှိသလိုလိုနှင့်လစ်ထွက်သွားပါလေတော့သည်။

"ကြည်ဖြူရေ. . ငါတို့နှစ်ယောက် နေ့ခင်းပိုင်းမတက်တော့ဘူး၊ လစ်ပြီ၊ ကိစ္စရှိလို့၊ ယူအဖော်ရအောင် သူ့သာဆွဲထားလိုက်"

တကယ်ပင် မျက်စိတစ်ဖက်မှိတ်ပြကာ သူမတို့နှစ်ယောက်ထွက်သွားကြလျှင် ဆိုင်ထဲမှာ ကြည်ဖြူနှင့်ဘုန်းခန့်လူလူတို့နှစ်ယောက်သာ ကျန်ခဲ့ရပါ၏။

သူ ကြည်ဖြူ့မျက်နှာကိုခိုးကြည့်မိလိုက်သည်။ ကိုယ့်ကြောင့် သူကလေးစိတ်ညစ်နေမလားလို့ပါ။

အဝါရောင်ဝတ်စုံလေးနှင့် သိပ်လှသည့်သူမသည် သူ့နှင်းဆီခင်းထဲမှ အဝါရောင်နှင်းဆီပွင့်လေးနှယ်။





အင်း. . မျက်နှာလေးကတော့ ခပ်အိုအို။ ပန်းရင့်ရောင်သန်းနေတာ ရှက်လို့လား။ စိတ်အနှောင့်အယှက်ဖြစ်နေလို့လား။

ရည်းစားတစ်ခါမှမထားဖူးသေးသည့် အဖြူရောင်ရုပ်ကလေးမှာ ရှက်ရိပ်တို့ကအထင်းသား။

ကြည်ဖြူ့ကိုအားနာသည့်အပြင် ကြင်နာသနားစိတ်တို့ပါ ပြည့်လျှံလာကြလျှင် ဘုန်းခန့်လူလူ ထိုင်ရာမှလေးတွဲ့စွာထရပ်မိသည်။

တော်လောက်ပါပြီ။ ကိုယ်စိတ်ရှူးပေါက်ပြီး ချစ်ရသူလေးနောက်သို့ မလိမ့်တပတ်လျှောက်လိုက်နေမိတာ တော်လောက်ပေပြီ။

"ကြည်ဖြူ. . ဆောရီးကွာ. . ကိုယ်ပြန်တော့မယ်"

"ဟင်. . လူလူ့ညီမဆိုတာ မရှာတော့ဘူးလား"

"တော်ပြီ. . နောက်နေ့မှပဲရှာတော့မယ်"

သူတကယ်ပင် အားနာသနားလာသဖြင့် ပြန်ဖို့ ဆိုင်ထဲမှ ထွက်လိုက်စဉ် ကြည်ဖြူ့ရင်ထဲမှာ ဝမ်းနည်းလျက်ဟာသွားသလို။ အို. . ဘာဖြစ်တာလဲ။

ငါ့ရာဇဝင်မှာ ယောကျ်ားဆိုတာ ဘေးထွက်ပစ္စည်းတစ်မျိုးပါ။ အခုတော့ မာန်တင်းရင်း၊ မာနထားရင်း၊ အလိုမကျဖြစ်ရင်း၊ မလိုတမာတွေးရင်းမှပင် ဘုန်းခန့်လူလူသည် သူမ၏ရင်ထဲသို့ တိုးဝှေ့နေရာယူခဲ့ပါချေပြီ။

"လူလူ. . နေဦး. . ပြန်လာခဲ့"

သူမ စိတ်မထိန်းမိလိုက်စဉ် သူ့ကိုလှမ်းခေါ်မိလိုက်သည်။ သူမ၏လေသံက မာသလိုရှိပေမယ့် အဲဒါ ပိုင်စိုးပိုင်နင်းလေသံ။

လူလူဟာလည်း ကိုယ့်ကိုမခွဲနိုင်တော့ဘူးလို့ နှလုံးသားထဲက သိနေသည့်အသံ။ ဘယ်လောက်ပင်မာနကြီးပါသည်ဆိုသည့်လူလူဟာလည်း သူမကတစ်ခွန်းခေါ်လိုက်လျှင်ပင် ချာကနဲ ပြန်လှည့်လာခဲ့သည်မှာ ဆင်ဦးစီး၏အသံကိုမှတ်မိသည့် ဆင်လိမ္မာကြီးနှယ်။

လူလူ့မျက်နှာလေးက နူးနူးညံ့ညံ့။ ကြည်ဖြူ သူ့အပေါ် ညွတ်နူးပျော်ဝင်လိုက်ချင်စဖွယ်။ သူ အနားသို့ရောက်လာသည့်အခါ ကြည်ဖြူ ထမင်းချိုင့်ကိုဆွဲပြီး နေရာမှထရပ်လိုက်သည်။

"ဒီနေ့ ကြည်ဖြူ့ကိုအဖော်လုပ်ပေးဦး၊ ညနေကျမှအတူတူပြန်မယ်"





"အိုကေ"

"သူ့မှာအလုပ်တွေရှိသေးလား"

"ရတယ်. . ညကျမှ မီးထွန်းပြီးအလုပ်လုပ်မယ်"

နှစ်ယောက်သား ရွှင်မြူးစွာရယ်မောမိကြပြီး သူမ၏အတန်းဘက်သို့ အတူတူလျှောက်လှမ်းသွားမိကြသည်။

## အခန်း(၇)

"လူလူ. . တစ်နေ့လုံးဘယ်ပျောက်သွားနေတာလဲ၊ ညနေကျတော့ ဟိုကောင်မလေးကားနဲ့ပြန်ပါလာပါလား၊ ဒီမှာလူလူ. မကြီးပြောမယ်၊ ဟိုးရှေးရှေးကတည်းက အလှတွေ၊ အဆင့်အတန်းတွေရှိခဲ့သလို အခုခေတ်မှာလည်းရှိတာပဲ၊ ကိုယ်နဲ့အဆင့်မတူတာတွေ သွားမမှန်းစမ်းပါနဲ့ဟာ၊ စိတ်မောစရာတွေမကြုံချင်ပါဘူး"

မမချစ်သက်လူဆူနေလျှင် လူလူ ခေတ္တငြိမ်နေလိုက်သည်။ ပြီးနောက် ကိုယ့်အလုပ်ဖြစ်သည့်ပန်းဥယျာဉ်ထဲသို့ဆင်းပြီး ရေလောင်း၊ ပေါင်းသင်၊ အစာကျွေးလုပ်နေမိ၏။



မမချစ်သက်လူကတော့ အိမ်ပေါ်မှာအလုပ်တွေရှုပ်နေသည်။ ဘုန်းခန့်လူလူ ရေလောင်းရင်းမှ တစ်ဖက်ခြံသို့မျှော်ကြည့်လိုက်သည်။

နှလုံးသားလေးခမျာ ကြည်ဖြူ့ထံပါးမှာ တဝဲလည်လည်။

နှစ်ယောက်စလုံးအတွက် First Love။ တစ်ယောက်နှင့်တစ်ယောက် ဖွင့်ဟဝန်မခံကြသေးဖေမယ့် သံယောဇဉ်တွေတွယ်ရစ်မိတာတော့ အမှန်။

လူလူ့ရင်ထဲ ကြည်ဖြူ၏ပိုင်စိုးပိုင်နင်းလေသံလေးကို နှစ်သက်နေမိသည်။ ဒါ ဗိုလ်ကျတာ၊ မောက်မာတာမဟုတ်။ ချစ်ခြင်းကိုဖော်ပြသည့်လေသံ။

တစ်နေ့လုံး သူမအနားမှာ အရိပ်လေးလိုကပ်ပါနေခွင့်ရသည့်အတွက် လူလူကျေနပ်သည်။

သူမအတန်းပြီးသည့်အခါ ဟန်ဆောင်ညီမဖြစ်သူ မာလာမေသူဆိုတာကိုလိုက်ရှာဖို့ ကြည်ဖြူပြောသည့်အခါမှာ ဘုန်းခန့်လူလူချွေးပြန်ရပါသည်။

တကယ်မရှိသည့်လူကိုရှာရမှာ မလွယ်ပါလား။ ဟိုလိုလို

သည်လိုလိုလုပ်နေလို့လည်း မဖြစ်။

သို့သော် စိတ်ကိုတင်းပြီး နောက်ဆုံး လူလူဖြောင့်ချက်ပေးလိုက်သည်။

"ကိုယ့်မှာ ဘာကိစ္စမှမရှိပါဘူးကြည်ဖြူရယ်၊ ကြည်ဖြူ့အနားမှာနေချင်လို့အကြောင်းရှာတာပါ"

"ဟင်. . "

ကြည်ဖြူစိတ်ဆိုးသွားမလားလို့ စိုးရိမ်ပြီး ဘုန်းခန့်လူလူနေထိပန်းလိုညှိုးငယ်နေမိသည်။ သို့သော် ကြည်ဖြူက သူ့ကိုစိတ်မဆိုးခဲ့။ အရောင်လေးများတဖျပ်ဖျပ်ပြေးသွားသည့်မျက်ဝန်းလေးမှာ နောက်ဆုံးကျ ကြည်ကြည်လင်လင်။

"ဒါဆိုလည်း နောက်တစ်ခါ ဒါမျိုးမဖြစ်စေနဲ့တော့နော်၊ အိမ်ချင်းကပ်နေတာပဲလူလူရယ်၊ အမြဲမြင်နေရရဲ့သားနဲ့"

"မနက်က ကြည်ဖြူက လူရိပ်တောင်ထွက်မပြဘဲနဲ့ မညီကို မုန့်ကျွေးခိုင်းလိုက်တာ ကိုယ့်ရင်ထဲတော်တော်ခံစားရတယ်"

"ဘာဖြစ်လို့လဲ"

"ဩော်. . ကိုယ့်စိတ်ထဲ ကိုဗျတ်ဝိနဲ့မအိုဇာကို သွားပြီးမြင်ယောင်မိတယ်လေ၊ ကွမ်းတစ်ယာ၊ ရေတစ်မှုတ်ပေးခိုင်းသလိုကြီး၊ လက်စတုံးလုပ်လိုက်သလိုပဲ"

"ကြဲကြဲဖန်ဖန်လူလူရယ်၊ ကြည်ဖြူ ကျောင်းသွားခါနီးလုံးဝမအားတဲ့ကြားထဲက သူ့ကိုစားစေချင်လို့ လုပ်ပေးလိုက်တာသိလား၊ လူကို တော်တော်မကောင်းထင်တယ်နော်၊ အဲဒါစိတ်ပုပ်တာပဲ"

"သဘောပေါက်တွေလွဲကုန်ပြီ၊ ကိုယ့်အထင်ကတော့ ကြည်ဖြူ ကိုယ့်ကိုလုံးဝဂရုမစိုက်ဘူးလို့ ထင်မိလိုက်တာ"

"အခု မဟုတ်မှန်းသိပြီမဟုတ်လား၊ နောက် အချိန်တွေ မဖြုန်းပါနဲ့တော့လူလူရယ်၊ ပြီးတော့ ကိုယ်နဲ့မအပ်စပ်တဲ့အသိုင်းအဝိုင်းမှာနေရတာ စိတ်မကျဉ်းကျပ်ဘူးလား"

"ဘာလို့မအပ်စပ်ရမှာလဲ၊ ကြည်ဖြူ့အနားမှာနေရပါစေ၊ အရာရာပြီးပြည့်စုံပါတယ်"

"ဘာကြီးမှန်းလည်းမသိဘူး၊ ဒါပေမယ့်နော်. . ဖေဖေက သူ့ကိုသိပ်ပြီးအပေါင်းအသင်းမလုပ်စေချင်ဘူး၊ အဲဒါတော့ သိထား. . "




ပျော်ဘွယ်စာပေ

ကြည်ဖြူ့အသံ၊ ကြည်ဖြူ့ဟန်လေးများကိုမြင်ယောင်ရင်း ဘုန်းခန့်လူလူ ခြံထဲမှာ အလုပ်တွေလုပ်နေမိသည်။

အင်း. . တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေတော့ ရနေတာပဲ။ ဘယ်လိုရှေ့ဆက်ရမှာလဲ။ ကြည်ဖြူရယ်. . ကိုယ့်ဝင်ငွေကိုအထင်မသေးပါနဲ့။ အိမ်ထောင်တစ်ခုကို ကောင်းကောင်း ထိန်းသိမ်းနိုင်ပါတယ်။

တိုက်နဲ့မနေရ၊ ကားပိုင်မစီးရပေမယ့် စားဝတ်နေရေးကို လူတန်းစေ့အောင် ထိန်းထားနိုင်ပါတယ်။ ခြံထဲမှာ ပန်းပင်တွေကိုရေလောင်းနေဆဲ ကြည်ဖြူ သူ့ပန်းခြံလေးကိုရေတွေလောင်းနေတာလှမ်းမြင်ရလျှင် ဘုန်းခန့်လူလူ သူမပင်ပန်းမှာစိုးရိမ်သွားရ၏။

ကြည်ဖြူကလည်းကွာ မနက်တိုင်း ကိုယ်ရေလာလောင်းပေးနေရက်နဲ့။

နှင်းဆီပွင့်လေးလို နူးညံ့လှပသည့်ချစ်သူလေးကို သူ မပင်ပန်းစေလိုပါ။ သည်တော့ ခြံချင်းကပ်နေသည့်အုတ်တံတိုင်းနားသို့ ဘုန်းခန့်လူလူပြေးသွားပြီး ကြည်ဖြူ့ကို အော်ပြောလိုက်သည်။





"ကြည်ဖြူ. . မနက်တိုင်း ကိုယ်ရေလာလောင်းပေးမှာပါ၊ ဘာဖြစ်လို့ အပင်ပန်းခံနေရတာလဲ၊ ကြည်ဖြူတစ်နေ့လုံးပင်ပန်းနေပြီ"

"ရတယ်. . လူလူပင်ပန်းလှပြီ၊ ပန်းဥယျာဉ်နှစ်ခုကိုတာဝန်ယူနေရရင် သေရောပေါ့၊ ကြည်ဖြူရေလောင်းရတာပျော်ပါတယ်"

ပိုက်အသစ်လေးနှင့် ရေလောင်းနေသည့်ကြည်ဖြူ့အသွင်က ရွှင်လန်းတောက်ပနေပေမယ့် လူလူ အလွန်ကြင်နာသနားမိသည်။

"မရဘူးကွာ၊ မနက်ကျမှ ကိုယ်လောင်းပေးမယ်၊ အခု ကြည်ဖြူသွားနားတော့၊ ကိုယ့်စကားကိုနားထောင်နော်၊ သွား. ရေချိုး၊ ထမင်းစား၊ စာကြည့်ပေါ့"

"အံမယ်. . သူ့ကိုယ်သူ ဆရာကြီးကျလို့၊ ဟင်း. . နားမထောင်ချင်ပါဘူး"

နှုတ်ခမ်းလေးစူကာ ကြည်ဖြူခေါင်းမာနေပုံမှာ အရမ်းချစ်စရာကောင်းလှ၏။ ဘုန်းခန့်လူလူ အသည်းယားနေမိသည်။

"ကိုယ့်ကိုအသည်းယားအောင်မလုပ်ပါနဲ့ကွာ၊ သွားပါတော့နော်၊ နားပါတော့"

"ဒါဆိုလည်းပြီးရော"

ရေပိုက်လေးကိုဆောင့်အောင့်ချခဲ့ပြီး သူမ အိမ်ပေါ်သို့ တက်သွားလေမှ ဘုန်းခန့်လူလူ စိတ်ချမ်းသာရပေတော့သည်၊



## အခန်း(၈)

မနက်(၇)နာရီလောက်တွင် ပုံမှန်ရေလောင်းပေးရန်အတွက် ဘုန်းခန့်လူလူ ကြည်ဖြူတို့တိုက်ဘက်သို့ကူးခဲ့သည်။

တကယ့်ပန်းပင်များကိုကျွမ်းကျင်သူက စိုက်ပျိုးဖွဲ့စည်း ပေးထားသဖြင့် ကြည်ဖြူတို့ဥယျာဉ်လေးမှာ တင့်တယ်လန်းဆန်း လှပေသည်။

သည်နေ့ဟာ ကျောင်းပိတ်ရက်ဖြစ်သည်။ ကြည်ဖြူ့ဖေဖေ ကုမ္ပဏီသွား၊မသွားတော့ ဘုန်းခန့်လူလူမသိ။

ကိစ္စမရှိပါဘူးလေ။ ကိုယ်က ဥယျာဉ်မှူးပီပီ စေတနာ သန့်သန့်နှင့် နှင်းဆီဥယျာဉ်လေးကို သွားရောက်ပြုစုပေးနေတာ ပဲမဟုတ်လား။

ကြည်ဖြူ့ကို မေတ္တာရှိနေတာမှန်ပေမယ့် ဖွင့်ဟသေးတာလည်းမဟုတ်။ လူကြီးတွေလည်းမျက်စိနောက်စရာမရှိပါ။ သူက မာနမင်းသားပီပီ ဣန္ဒြေလည်းရှိပါသည်။

သော့ခတ်မထားသည့်ခြံတံခါးကိုဖွင့်ဝင်ပြီး နေ့စဉ်လုပ်နေကျအလုပ်တစ်ခုအဖြစ် နှင်းဆီဥယျာဉ်လေးကို သူ စိတ်ပါဝင်စားစွာရေလောင်းနေမိစဉ် သူ့အနားသို့ ဦးကြည်ဖြူအောင်ရပ်လာကြည့်နေလျှင် ဘုန်းခန့်လူလူရင်ထဲမှာတုန်လှုပ်သွားမိ၏။

လူကြီးလည်းဖြစ်၊ အိမ်ရှင်လည်းဖြစ်၊ ကြည်ဖြူ့ဖခင်လည်းဖြစ်နေသည့်ဦးကြည်ဖြူအောင်ကို သူဘယ်လိုဆက်ဆံရမှန်းမသိ၊

တစ်ခါမှလည်း မျက်နှာချင်းဆိုင်ဖူးတာမဟုတ်။ ကိုယ်ကလူငယ်ပဲလေဟုစိတ်ကိုတင်းပြီး ဘုန်းခန့်လူလူ ဦးကြည်ဖြူအောင်ကို ရေလောင်းရင်းမှ ပြုံးပြနှုတ်ဆက်ရသည်။

"အန်ကယ်. . ဒီနေ့ ကုမ္ပဏီမသွားရဘူးလား"

"ဟုတ်တယ်ကွယ့်၊ ဒီရက်ပိုင်းမှာ အန်ကယ်နားနေတယ် မန္တလေးကမန်နေဂျာ ရန်ကုန်ရောက်လာတယ်လေ၊ သူ့ကိုလွှဲထားလို့ရပါတယ်"





"ဪ. . ဟုတ်ကဲ့. . ဟိုတစ်နေ့တွေကပါလာတဲ့ ခပ်ချောချော၊ ခပ်ဖြောင့်ဖြောင့်လူလား"

"ဟုတ်တယ်. . ဟုတ်တယ်. . ကျော်မြတ်ယျာက အန်ကယ်တော်တော်အားထားရတယ်၊ သမီးနဲ့ခင်အောင်ခေါ်လာတာ၊ သမီးကျောင်းပြီးရင် သူနဲ့တွဲပြီးအလုပ်သင်ခိုင်းမလို့"

ခပ်ပြုံးပြုံးနှင့်ပင် ပြောပြနေသည့်ဦးကြည်ဖြူအောင့်စကားတွေကြောင့် ဘုန်းခန့်လူလူ မျက်နှာမပျက်အောင် စိတ်ကိုထိန်းရ၏။

ဦးကြည်ဖြူအောင်သည် ပါးနပ်သူဖြစ်၏။ ဘုန်းခန့်လူလူကိုလည်းချီးကျူးသည်။

"ငါ့တူက ပန်းစိုက်တာ၊ ပန်းပြုစုတာတော့ တော်တယ်နော်၊ ဟိုဘက်ခြံရော၊ ဒီဘက်ခြံပါ လှပတင့်တယ်နေတာပဲ အန်ကယ်တောင် ဒီလိုစိတ်ကူးထားတယ်ကွယ့်"

"ဟုတ်ကဲ့. . ပြောပါအန်ကယ်"

"ဪ. . မင်းလည်းအလကားမဖြစ်ရအောင် အချိန်ပိုင်း ဟာလီလုပ်ပေးပါလားလို့လေ"

"ဟာ. . အန်ကယ်. ."

"နေပါဦးမောင်ရယ်၊ မငြင်းပါနဲ့ဦး၊ ခုလို ပန်းဥယျာဉ်လေးဘွားကနဲ့ဖြစ်လာတာကိုပဲ အန်ကယ်တို့သားအဖက ကျေးဇူးတင်လှပါပြီကွယ်၊ ဒီတော့ ဒီနှင်းဆီဥယျာဉ်ကို ပြုစုစောင့်ရှောက်ဖို့လူလိုတဲ့အတူတူ မောင်ရင်ပဲ နီးနီးနားနား အချိန်ပိုင်းမာလီလုပ်ပေးပါလား၊ အလကားလာလုပ်ပေးမယ်ဆိုရင်တော့ အန်ကယ်အားနာတယ်၊ မာလီတစ်ယောက်ခန့်လိုက်မယ်"

"ကျွန်တော်က စေတနာနဲ့ကူညီတာပါအန်ကယ်၊ ဘာအကျိုးမှမမျှော်ကိုးပါဘူးဗျာ၊ အိမ်နီးချင်းတွေပဲလေ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ရေရှည်အတွက် စဉ်းစားကြည့်ပါဦး၊ လူတစ်ယောက်ကို အလကားခိုင်းနေရမှာ အန်ကယ်လိပ်ပြာမသန့်ပါဘူး၊ မောင်ရင် ပိုက်ဆံယူချင်ယူ၊ မယူရင် တခြားတစ်ယောက်ကိုခန့်ရမယ်"

ဦးကြည်ဖြူအောင်အကျပ်ကိုင်လျှင် ဘုန်းခန့်လူလူစဉ်းစားရပါသည်။ ငါ့ကို မာလီခန့်ချင်တာ သူ့သမီးနဲ့အဆင့်အတန်းကွာသွားအောင်လား။



သို့သော် အခြားတစ်ယောက်ကိုခိုင်းလိုက်လျှင် သူသည်ပန်းခြံလေးနှင့်လုံးဝမသက်ဆိုင်တော့မှာကိုလည်း စိုးရိမ်မိ၏။

"ကောင်းပါပြီအန်ကယ် ကျွန်တော် ဒီနှင်းဆီဥယျာဉ်လေးကိုမခွဲနိုင်တဲ့အတွက် အန်ကယ်ပြောတဲ့အချိန်ပိုင်းမာလီအလုပ်ကို လုပ်ပါတော့မယ်"

"အေး. . ဒီလိုမှပေါ့၊ ကဲ. . တစ်နေ့ကိုတစ်ကြိမ်လောက်မောင်ရင်အားတဲ့အချိန် ဒီပန်းခြံလေးကိုလာပြီးပြုစုပေးပေါ့၊ အဲဒီအတွက် အန်ကယ် မင်းကို တစ်လသုံးသောင်းပေးမယ်၊ ဟုတ်ပြီလား"

ဦးကြည်ဖြူအောင်မှာ သူဆင်သည့်အကွက်ထဲသို့ ဘုန်းခန့်လူလူဝင်သွားသဖြင့် တစ်မျက်နှာလုံးဝင်းထိန်နေ၏။ ပြီး ဥပဒေတွေတစ်ချက်ပြီးတစ်ချက် ထပ်ထုတ်ပြန်လေသည်။

"မင်းဟာ ဒီအိမ်ကမာလီဖြစ်သွားတဲ့အတွက် ဒီအိမ်ပေါ်ကလူတွေကို လေးလေးစားစားဆက်ဆံရမယ်နော်၊ အထူးသဖြင့်သမီးနဲ့ပရောပရီမနေရဘူး၊ အလုပ်ရှင်နဲ့အလုပ်သမားဖြစ်သွားပြီမဟုတ်လား၊ ရိုရိုသေသေဆက်ဆံရမယ်"

ငွေသုံးသောင်းပေးပြီး ဦးကြည်ဖြူအောင် စည်းသုံးတန်တားနေလျှင် ဘုန်းခန့်လူလူပြုံးမိသည်။

အန်ကယ်ရယ်. . တကယ်မေတ္တာရှိသွားကြရင် အန်ကယ်ဘာမှမတတ်နိုင်တော့ပါဘူး။ သို့သော် ကိုယ့်အခြေအနေကလည်းဘာမှမပီပြင်သေးသည်မို့ သည်အိမ်သို့ဝင်ခွင့်၊ ထွက်ခွင့်ရရေးအတွက် သူ အချိန်ပိုင်းမာလီလုပ်ဖို့ ဆုံးဖြတ်လိုက်၏။

"ကောင်းပါပြီအန်ကယ်၊ ကျွန်တော် ဒီအိမ်သားတွေကိုလေးလေးစားစားဆက်ဆံပါ့မယ်၊ ကိုယ့်အလုပ်ရှင်တွေပဲဗျာ၊ လေးစားရမှာပေါ့၊ နေစမ်းပါဦး. . အရီးကြီးတို့၊ မညိုတို့ပါကျွန်တော်ရှိသေရမှာလား"

"နိုး. . နိုး. . မင်းလေးစားရမှာ အန်ကယ်တို့သားအဖပါပဲ၊ ဒါဆို ရပါပြီ"

"ဟုတ်ပြီနော်၊ ကျန်တဲ့သူတွေကို ပုံမှန်ဆက်ဆံရုံပေါ့ဟုတ်လား"

"ဟုတ်တယ်"

"ဒါလောက်ဆိုဖြစ်ပါတယ်၊ ကဲ. . အန်ကယ်. . အလုပ်



ကိစ္စက ဒါပဲမဟုတ်လား၊ ကျွန်တော်ရေဆက်လောင်းမယ်၊ ပန်းပင်တွေကို လိုသလိုဆက်လက်ပြုစုပေးမယ်"

ဘုန်းခန့်လူလူကိုထားခဲ့ပြီး ဦးကြည်ဖြူအောင် အိမ်ဘက်သို့လှည့်ထွက်သွားသည်။ အတန်ကြာလျှင် ကားနှင့် အပြင်သို့ထွက်သွားလေသည်။

ဦးကြည်ဖြူအောင်အပြင်သို့ထွက်သွားသည်နှင့် တိုက်ထဲမှ သဒ္ဒါကြည်ဖြူ စတီးလင်ပန်းလေးနှင့်ထွက်လာသည်။ ရေလောင်းရင်းမှ ဘုန်းခန့်လူလူ ကြည်ဖြူကိုငေးကြည့်နေမိသည်။

အဝါရောင်ဝတ်စုံအိအိလေးနှင့် သူမအသွင်က နှင်းဆီဝါဝါလေးနှယ်။ နုဖတ်အိပျောင်လျက်။

သူ့အဖေကြီးနှင့်တော့ တခြားစီပင်။ သူမက နူးညံ့သလောက် ဦးကြည်ဖြူအောင်က မာကျောသည်။

အေးလေ. . သမီးရှင်ဆိုတော့ ဒီလောက်တော့ရှိမှာပေါ့။ သူမက ဘုန်းခန့်လူလူရှေ့မှ စားပွဲခုံလေးပေါ်မှာ စတီးလင်ပန်းလေးကိုထိုးတင်ပြီး သူ့ကိုမျက်ခုံးရှုံ့ကြည့်၏။

အရပ်ရှည်ရှည်၊ သန်စွမ်းလှပပြီး ဆံပင်ဖွာဆန်ကြဲနှင့်လူလူ့အသွင်က ပုံပြင်ထဲမှ နေနတ်သားနှယ်။

ခေတ်ပေါ်နေနတ်သားလေးပေါ့။ ဂျင်းဘောင်းဘီနှင့် တီရှပ်လက်ရှည်အစင်းဝတ်ထားသည့်သူ့အသွင်က ကြည့်ကောင်းလိုက်တာ။

သဘာဝဆန်သည့်ရုပ်။ ဘာမာယာမှမရှိဘဲ ရင်ထဲမှအဖြူထည်စိတ်ဓာတ်ကြောင့် မျက်နှာတစ်ခုလုံးဝင်းဖန့်ကြည်စင်နေသည့်ကြားထဲ ချစ်ရည်ရွှန်းလဲ့သည့်မျက်ဝန်းလဲ့ပြာပြာများက သူမသို့ ရွှန်းရွှန်းစားစားကြည့်လျက်။

ကြည်ဖြူ သူ့ကိုကြည့်ပြီး ရင်ထဲမှာတလှပ်လှပ်ခုန်လာသလိုလို၊ ရှက်ရွံ့ပီတိဖြစ်နေသလိုလို ခံစားနေရ၏။ ဟယ်. . ငါဘယ်လိုဖြစ်နေတာလဲ။

ခါတိုင်းက အရိုးကြူရဲ့ကျောင်းဆင်းပီပီ ဘယ်ယောကျ်ားလေးကိုမှ ဖုတ်လေတဲ့ငပိ၊ ရှိလေတယ်လို့မမှတ်ခဲ့လေသမျှ ယခုတော့ ရင်တွေဘာတွေတုန်လာ၊ ခုန်လာခဲ့ရပေပြီ။

တစ်သက်လုံးက ရှက်ကြောပြတ်ပြီး ရဲတင်းရန်လိုခဲ့သမျှ ယခုတော့ သူမဟာ မိန်းမပီသစွာ ရှက်ရွံ့နူးညံ့နေမိပြန်၏။

"ကြည်ဖြူ. . "



သူမဟာ အရှက်တွေလွန်ပြီး သူ့ကိုမကြည့်ရဲပြန်လျှင် သူက တုန်ယင်တိုးညှင်းသောအသံနှင့် ကြည်ဖြူ့ကိုခေါ်၏။ ပြီးလျှင် ရေပိုက်ကို မြက်ခင်းပေါ်သို့လွှတ်ချပြီး သူမရပ်နေသည့်အနားသို့ တရွေ့ရွေ့ကပ်လာ၏။

"ကြည်ဖြူ. . "

သူမကို သူ့မျက်လုံးတွေက မမှိတ်မသုန်ကြည့်ရင်း တရွေ့ရွေ့တိုးကပ်လာတာ လူကိုပင် တိုက်မိတော့မတတ်။

"ဘာဖြစ်နေတာလဲ"

မိန်းကလေးပီပီ သူမရှက်ရမ်းရမ်းပြီးအော်လိုက်မှ လူလူ့ခြေလှမ်းတွေရပ်တန့်သွားတော့၏။

"ကိုယ်လေ ကြည်ဖြူ့ဖေဖေလုပ်ခိုင်းတဲ့ အချိန်ပိုင်းမာလီအလုပ်ကို လက်ခံလိုက်ပြီ၊ အဲဒါဘာကြောင့်လဲသိလား"

"ပိုက်ဆံလိုချင်လို့နေမှာပေါ့"

ကြည်ဖြူ မျက်စောင်းနှင့်ပြောလျှင် သူရှုံ့မဲ့သွား၏။

"လွဲလိုက်တာ၊ ဘယ်ကပိုက်ဆံလိုချင်လို့ရမလဲ၊ သူက ကိုယ်မှမာလီမလုပ်ရင် သူများကိုခန့်မယ်ဆိုလို့ပါ၊ ကိုယ် ဒီအလုပ်

ကိုလက်ခံမှ ကြည်ဖြူ့အိမ်ကို ဝင်ခွင့်၊ထွက်ခွင့်ရမယ်လေ၊ မဟုတ်ဘူးလား၊ ဒါကြောင့်ပါကွာ၊ ပိုက်ဆံက အရေးမကြီးပါဘူး၊ အန်ကယ် ကိုယ့်ကိုလခပေးရင် ကြည်ဖြူ့သုံးဖို့ပြန်ပေးမှာပါ"

"အင်းပေါ့လေ၊ ခုကျတော့ လူလူဝင်ခွင့်၊ထွက်ခွင့်ရသေးတာပေါ့"

"ဟုတ်တယ်၊ ကိုယ်လည်း အဲဒီအတွက် လက်ခံလိုက်တာပါ၊ အန်ကယ်က သူ့အိမ်မှာမာလီလုပ်တဲ့အတွက် သူတို့သားအဖကို အထူးရိုသေလေးစားရမယ်လို့လည်း မှာသေးတယ်"

"ဘယ်လောက်တောင်လေးစားရမှာတဲ့လဲလူလူ၊ ထိုင်ရှိခိုးရမှာလား"

ကြည်ဖြူ ပြုံးပြုံးနှင့်နောက်လျှင် လူလူမသက်မသာပြုံးမိသည်။

"အဲဒီထက်တောင်ဆိုးမယ်၊ တကယ်တော့ကွာ. . . အန်ကယ်က ကိုယ်နဲ့ကြည်ဖြူ့ကို ခင်ရုံလေးတောင်မခင်ရအောင် စည်းသုံးတန်တားလိုက်တာပါ"

"ခင်ရုံလောက်ကတော့ ရပါတယ်လူလူရယ်၊ စိတ်မပူပါနဲ့၊





ကဲ. . လာ. . မနက်စာစားရအောင်၊ ဒီမှာ မုန့်ဟင်းခါးပူပူနဲ့ ကော်ဖီယူလာတယ်"

စကားတွေဖြတ်ပြီး ကြည်ဖြူ ကြင်နာစွာကျွေးမွေးလျှင် ဘုန်းခန့်လူလူ စားသောက်မိပြန်သည်။ အာသာဝတီနွယ်နီနတ်ပန်းဆိုတာ အဖိုးတို့၊ အဖွားတို့ခေတ်က အချစ်ကိုတင်စားတာဖြစ်မယ်။

ဒီခေတ်မှာတော့ အချစ်ကို ဘာနဲ့တင်စားမလဲ။ မည်သို့ပင်ဖြစ်စေ နှင်းဆီဥယျာဉ်လေးဟာ သူတို့နှစ်ယောက်၏အချစ်သင်္ကေတဖြစ်ကောင်းဖြစ်လာနိုင်ပေမည်။

လူလူ စားသောက်ပြီးစီးလျှင် နှင်းဆီဥယျာဉ်ကို ဆက်လက်ပြီး လိုအပ်တာပြုစုလုပ်ကိုင်ပေးနေစဉ် သဒ္ဓါကြည်ဖြူအိမ်ဘက်သို့ပြန်သွားလေတော့သည်။

## အခန်း(၉)

"မနက်ဖြန် ကျော်မြတ်ယျာတို့မောင်နှမ အိမ်ကိုလာလိမ့်မယ်သမီး"

ညနေထမင်းဝိုင်းမှာ ဖေဖေက သူမကိုသတင်းပေးလျှင် ကြည်ဖြူ ထမင်းဆက်မစားနိုင်တော့ဘဲ ဆတ်ကနဲတုန်သွားလေ၏။

"ဘာလို့လာမှာလဲဖေဖေ၊ အလည်လာတာလား"

ကျော်မြတ်ယျာ၏မမနှင့် ဖေဖေဟာ ချစ်သူတွေမို့ ကြည်ဖြူ ထိတ်လန့်မိတာမဆန်းပေ။

"အလည်ဆိုပါတော့ကွယ်၊ ဒါပေမယ့်. . ."

"ဘာလို့ ဒါပေမယ့်တာလဲဖေဖေ၊ ဘာအကြောင်းတွေရှိသေးလို့လဲ"





ကြည်ဖြူ့အသွင်က အရမ်းစိုးရိမ်နေလျှင် ဦးကြည်ဖြူအောင် ချော့မော့ရသည်။

"ဒီလောက်လည်းမစိုးရိမ်ပါနဲ့သမီးရယ်၊ သမီးကို ဖေဖေကြိုတင်ပြီးမေတ္တာရပ်ခံချင်တာက ကိုယ်ကအိမ်ရှင်မဟုတ်လား၊ ဧည့်သည်တွေအပေါ်မှာ ရိုင်းပျတဲ့အပြုအမူတွေ မပြမိဖို့တော့လိုတယ်နော်"

"ဖေဖေရယ်. . ကြည်ဖြူရင်ထိတ်လိုက်တာ၊ အဲဒီမောင်နှမက တခြားမှာတည်းစရာမရှိလို့လား၊ အဲဒီမိန်းမက ဖေဖေနဲ့ချစ်သူတွေမဟုတ်လား၊ ဘာသဘောနဲ့လာကြမှာတဲ့လဲဖေဖေ"

အရွယ်နှင့်မမျှအောင် ကြည်ဖြူပူပန်စိုးရိမ်နေရပုံမှာ အရှုံးမီးဝိုင်းခံနေရသည့်နှယ်။ ကြည်ဖြူပျာယာခတ်နေတော့လည်း ဦးကြည်ဖြူအောင်စိတ်မချမ်းသာ။ သို့သော် ကိုယ့်အဖြစ်က ဆုပ်လည်းစူး၊ စားလည်းရှူးဖြစ်ရချေပေပြီ။

ယောကျ်ားတစ်ယောက်ဟာ စ,မိသည့်ဇာတ်လမ်းကို ဆုံးအောင်က,ရတော့မှာ ဓမ္မတာ။

လွတ်အောင်မရှောင်နိုင်တာ သူညံ့ဖျင်းလို့လား။ မေ့ကို ဦးကြည်ဖြူအောင် စွဲလမ်းမိတာလည်းအမှန်။

ညစာထမင်းပွဲမှာ ဦးကြည်ဖြူအောင်ကိုယ်တိုင် သက်ပြင်းတချချနှင့်ကျန်ခဲ့ရပြီး ကြည်ဖြူကတော့ မျက်ရည်များနှင့်ပြေးထွက်သွားချေပြီ။

သို့သော် ကျော်မြတ်ယျာနှင့်မေမြတ်ဆွေတို့မောင်နှမကို မလာပါနှင့်ဟု သူမတားနိုင်တော့ပါ။

ရှေ့ဆက်ပြီး ဘာတွေဖြစ်လာမှာလဲ။ ကျော်မြတ်ယျာဆိုသည့်ကောင်ကလည်း လူလည်။ သူ့အစ်မကို မယူဘဲသွားစရုံစလို့ကတော့ သတ်များပင်သတ်လေမလားမသိ။

သားအဖနှစ်ယောက်တည်းသာရှိသည့်အိမ်မှာ ယခုတော့ လူတစ်ယောက်မျှပင်မရှိတော့သည့်နှယ်။ စိတ်ဆင်းရဲစွာနှင့်ပင် ထိုတစ်ညကို ဦးကြည်ဖြူအောင် ဖြတ်သန်းရပေတော့မည်။



## အခန်း(၁၀)

မနက်(၇)နာရီလောက်မှာ တက္ကစီတစ်စီး ကြည်ဖြူတို့အိမ်ရှေ့သို့ရောက်ရှိလာပြီး ခပ်ညှုညှု ခပ်ချွဲချွဲအသံတစ်ခုက အိမ်ထဲသို့တိုင်လျှံဝင်လာသည်။

"အစ်ကိုကြီးတို့များ မေတို့ရောက်မှာသိရက်နဲ့ လာကြိုဖော်တောင်မရဘူး၊ အခုရော ဘယ်မှာလဲ၊ ပုန်းနေတာလား၊ မရဘူးနော်၊ မေ့အကြောင်းသိတယ်နော် ကို"

ဖွင့်ထားသည့်တံခါးမှဝင်လာသည့် မေမြတ်ဆွေဆိုတာကို သဒ္ဒါကြည်ဖြူ ထမင်းစားခန်းထဲမှမြင်လိုက်ရ၏။

"အမယ်လေး. . "

ရင်ထဲမှတ,မိသည့်အမယ်လေး. . ပါ။ အသက်အရွယ်နှင့် မလိုက်အောင် ပြင်ဆင်ထားပုံက သိသိသာသာ။

အနည်းဆုံး သုံးဆယ်ကျော်မှာဖြစ်ပေမယ့် ဆယ်ကျော် သက်လေးလို ဂါဝန်လှလှလေးဝတ်ထားပြီး ဂါဝန်ကလည်း အပေါ်ပိုင်းက ကြိုးတောင်မပါ။

လမ်းမှာ ပုဝါတစ်ခုခြုံခဲ့ပေမယ့် ယခုအိမ်ပေါ်ရောက်တော့ ပုဝါကိုလက်ကဆုပ်ရမ်းလျက်။ ပခုံးသားတွေလည်းအဝင်းသား။ လည်တိုင်၊ ရင်ညွှန့်တွေလည်း အဖွေးသား။

မော်ဒယ်ရှိုးပြနေတာကျနေတာပဲ။ ပြင်ဆင်ထားလိုက်တာ ကလည်း မျက်နှာတစ်ခုလုံး ဝင်းစိုမွှတ်ထွတ်လျက်။ လှတော့ လှပါသည်။ သို့သော် ပြင်ဆင်ခြယ်သထားလိုက်တာကလည်း အလွန်။

ယောကျ်ားရလျှင် အိမ်မှုကိစ္စ ဘာမှမလုပ်ဘဲ အလှပဲထိုင် ပြင်နေမည့်ရုပ်။ ကြည်ဖြူမှာ လက်ဖက်ရည်ပန်းကန်ရှေ့ချပြီး ကြောင်တောင်ကြီးငေးကြည့်နေ၊ ထိတ်လန့်နေမိသမျှ ဖေဖေက တော့ ပျာပျာသလဲပင် မေမြတ်ဆွေကိုကြိုဆိုလေသည်။



"မေရယ်. . ဖုန်းဆက်လိုက်ရောပေါ့၊ ကိုယ်လာကြိုမှာပေါ့၊ ကျော်မြတ်ယျာကရော. . ဘယ်ကျန်ခဲ့သလဲ၊ မောင်နှမနှစ်ယောက် အတူမလာကြဘူးလား၊ ဒီမောင်ဟာလေ၊ ကိုယ့်အစ်မချောချော လေးကို ဒီလိုပဲပေါက်လွှတ်ပဲစားထားရသတဲ့လား"

"အို. . အစ်ကိုကြီးလည်းသိသားပဲ၊ ဒီကောင်လေးကဒီလို ပဲလေ၊ ခုလည်း မန္တလေးကလာတော့ အတူတူပါ၊ ရန်ကုန်မြေ နင်းတာနဲ့ သူ့မှာလမ်းစပေါ်တော့တာပါပဲ၊ ကဲပါ. . မေ့ကိုလည်း ကျွေး၊ ဘာတွေစားနေကြတာလဲ၊ သမီးကအချောလေးနော်၊ မေ တစ်ညလုံးဘာဖုမစားခဲ့ရဘူးကိုရဲ့၊ အရမ်းဆာနေတာပဲကွာ"

သနားစဖွယ်ချွဲနွဲ့နေပေမယ့် ကြည်ဖြူ့စိတ်ထဲမှာ ရွံစရာ ချွဲပျစ်နေသလိုပင်။ ကြည့်ပါဦး။ သမီးတစ်ယောက်လုံးရှေ့မှာ တောင် ဖအေကိုဖက်လဲတကင်းနှင့်။ ပူးကပ်ထိုင်ချပြီး ချွဲပြစ်နေ လိုက်တာကလည်း လူရှေ့မရှောင်၊ သူရှေ့မရှောင်။

ဘုရားရေ. . ဒါကြီးသာ ကြာကြာနေရင် ငါတော့ အရှက် လွန်ပြီး သေများသေမလား၊ နှလုံးရောဂါပဲရမလား။

ယိုသူမရှက်၊ မြင်သူရှက်ဆိုသလို သူတို့နှစ်ယောက်က

မိုးမမြင်၊လေမမြင်ဖြစ်နေကြလျှင် ကြည်ဖြူ လက်ဖက်ရည်စားပွဲမှထလိုက်သည်။

ဧည့်သည်ကို ဧည့်ဝတ်ကျေရမယ်ဆိုပေမယ့် အရှက်မရှိတဲ့၊ ကိုယ့်အဖေလာပိုး၊ လာညုနေတဲ့မိန်းမကိုတော့ ကြည်ဖြူ ဧည့်မခံနိုင်ပါ။

ဘာမှမပြောဘဲ သူမ ထမင်းစားခန်းထဲမှထွက်ခဲ့လျှင် နောက်ဘက်မှ မေမြတ်ဆွေ၏အသံကို ကြည်ဖြူကြားလိုက်ရသည်။

"ကို့သမီးကလည်းကွာ. . ရိုင်းလိုက်တာ၊ မေ့ကို နှုတ်တောင်မဆက်ဘူး၊ ကို မေ့အကြောင်းပြောမပြထားဘူးလား၊ အမယ်လေး. . အမယ်လေး. . ဒီလိုကောင်မလေးမျိုးကို သမီးတော်ရရင်တော့ မေရှူးမှာပဲ"

ကြည်ဖြူ့နားထဲ ထိုအသံက တန့်လန့်ကြီးဝင်သွားပေမယ့် ဖေဖေ့နားထဲတော့ နားဝင်ချိုနေလေသလားမသိ။ တီးတိုးချော့သံများကို မကျေမနပ်ကြားနေရ၏။

သဒ္ဒါကြည်ဖြူမှာ ဧည့်ခန်းထဲတွင် တစ်ယောက်တည်း



ထိုင်ပြီး မျက်ရည်များနှင့်အံကြိတ်လိုက်၊ ကိုယ့်ပေါင်ကိုယ်ထုလိုက်နှင့် ခံစားနေရစဉ် ထိုမိန်းမ၏အလန့်တကြားသံ၊ ကလေးဆန်ဆန်အော်ဟစ်ရှင်မြူးသံကြီးကို ကြားလိုက်ရပြန်သည်။

"ဟယ်. . . ကိုတို့အိမ်ရှေ့မှာ နှင်းဆီဥယျာဉ်လေးနော်၊ အရောင်တွေကလည်း စုံနေတာပဲ၊ အပွင့်တွေကလည်း ထွားထွားကြီးတွေ၊ ပျော်လိုက်တာကိုရယ်၊ မေက နှင်းဆီကိုသိပ်ကြိုက်တာ၊ လာပါ. . ထပါကိုရဲ့၊ မေ့ကိုလိုက်ပြပါဦး၊ တော်လိုက်တာကိုရယ်၊ ကို့ကို အရမ်းအရမ်းချစ်သွားပြီသိလား၊ ဒါ မေကြိုက်မှန်းသိလို့ စိုက်ထားတာမဟုတ်လား၊ အစက ကို့ကို မေ ဒီလောက်မထင်ထားဘူးသိလား"

ဂါဝန်ကြီးတဖားဖားနှင့် သူ့ကိုယ်သူ (၁၈)နှစ်သမီးလေးလို ဖေဖေ့လက်မောင်းကိုဆွဲရင်း ဖက်ရင်း ဧည့်ခန်းဘက်သို့ထွက်လာလျှင် ကြည်ဖြူ မေမြတ်ဆွေကို မျက်မုန်းကျိုးမိ၏။

ငါတို့သားအဖတော့ အကုသိုလ်ဝင်ပြီ။ အခုအချိန်ကစပြီး ငါ့ရဲ့ပျော်စရာနေ့ရက်တွေ လုံးဝကုန်ဆုံးတော့မယ်။ ငါ့နှင်းဆီဥယျာဉ်လေးကိုလည်း သူမျက်စိကျသွားပြန်ပြီ။

ဖေဖေကလည်း ဘာလို့မငြင်းတာလဲ။ ဒါ ငါစိုက်ထားတဲ့ နှင်းဆီဥယျာဉ်မဟုတ်ဘူး။ ငါ့သမီးရဲ့နှင်းဆီဥယျာဉ်လေး၊ ငါ့သမီးရဲ့အသည်းနှလုံးလို့ ပြောလိုက်ပါဖေဖေရဲ့။

နေရင်းထိုင်ရင်းမှပင် အစ်ကိုကြီးဖြစ်လိုက်၊ ကိုဖြစ်လိုက်နှင့် အလွန်ချွဲပြစ်နေသည့်မေမြတ်ဆွေနှင့် ဖေဖေ့နောက်သို့ ကြည်ဖြူ စိုးရိမ်ပူပန်စွာလိုက်သွားမိပြန်သည်။

နှင်းဆီဥယျာဉ်လေးမှ လှပဝေဆာနေသည့်နှင်းဆီပွင့်များကို ကြည်ဖြူကမူ အလှကြည့်ရုံသက်သက်သာ။ ဘုရားပန်းနှင့် အလှပန်းအိုးထိုးဖို့ နည်းနည်းပါးပါးခူးရုံမှအပ ဒီအတိုင်းပင်အလှကြည့်ထားလေသမျှ မေမြတ်ဆွေက ပန်းဖြတ်ကတ်ကြေးတောင်ပြီး သုတ်သင်ချေမှုန်းတော့မည်ထင်သည်။

ဘုန်းခန့်လူလူ ပြုစုစောင့်ရှောက်ပေးထားလို့ အပွင့်ချင်းပြိုင်၊ အရောင်ချင်းပြိုင်၊ အပင်ချင်းပြိုင်ပြီး လှချင်တိုင်းလှနေသည့် နှင်းဆီဥယျာဉ်လေးအား ဖြစ်နိုင်လျှင် ကြည်ဖြူ သူ့လက်နှစ်ဖက်နှင့်အုပ်ကာ ထားလိုက်ချင်မိသည်။

ဘုရားသိကြားကယ်မပါ။ မိုးနတ်မင်းလည်းကယ်မပါ။





ဒီမကောင်းဆိုးဝါးမ၊ မိစ္ဆာမရဲ့ အဖျက်အဆီးစိတ်ဓာတ်ကို အချိန်မီပြုပြင်ပေးကြပါ။

သို့သော် ကြည်ဖြူ့ဆုတောင်းမပြည့်ခဲ့ပါ။ နှင်းဆီဥယျာဉ်ထဲမှာ ပျားပိတုန်းမကြီးဝဲပျံသလို ဂါဝန်ကြီးတကားကားနှင့် နှင်းဆီပွင့်လှလှကြီးများကို မေမြတ်ဆွေ လိုက်ပြီးခူးယူဖို့ ရွေးချယ်နေချေပြီ။

"ဖေဖေ"

ကြည်ဖြူအလန့်တကြားအော်လိုက်သံလေးမှာ သူမ၏ဥယျာဉ်ထဲသို့ လေမုန်တိုင်းဝင်အမွှေခံရလို့ အားကိုးတကြီးအော်လိုက်သံပင်ဖြစ်ပါသည်။

သို့သော် ဖေဖေကြားမည်မဟုတ်ပေ။ တတွတ်တွတ်နှင့် တီတာချွဲနွဲ့နေသည့်မေမြတ်ဆွေ၏ ပီယဝါစာ၊ ကြဲသကာစကားတွေမှာသာ ဖေဖေမိန်းမောနေပြီထင်၏။

သည်စဉ် ကြည်ဖြူ့ကိုကယ်မည့် ခေတ်သစ်သိကြားမင်းအဖြစ် ဘုန်းခန့်လူလူ တစ်ဖက်ခြံသို့ရောက်လာသည်။

ဘာဖြစ်နေတာလဲလို့ပင်မေးစရာမလို။ အဆမတန်ပျက်

ယွင်းနေသည့်ကြည်ဖြူ့မျက်နှာကိုမြင်လိုက်ရလျှင်ပင် ရင်ဘတ်
ချင်းဆက်နွယ်နေသူမို့ သိလိုက်သည်။

ပြီး ဦးကြည်ဖြူအောင်နှင့် အမျိုးသမီးလှလှ၏ပတ်သက်
ဆက်နွယ်မှုကိုလည်း လူလူခန့်မှန်းမိ၏။

သည်ပြဿနာဟာ တော်တော် ညင်သာစွာကိုင်တွယ်ရ
မည့်ပြဿနာ။ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာတင်မက
ရှဉ့်မကြီးလည်း စိတ်ချမ်းသာအောင်၊ ပျားကလေးလည်း အသည်း
မကွဲရအောင် သူစွမ်းဆောင်ပေးနိုင်ရတော့မည်။

ပန်းဖြတ်ကတ်ကြေးကြီးနှင့် တချပ်ချပ်ထိုးညှပ်တော့မည့်
ဒေါ်မေမြတ်ဆွေသို့ လူလူ အစွမ်းကုန်မျက်နှာချိုသွေးပြီး. . .

"ဒီကအစ်မ. . ဒီထက်လှတဲ့ပန်းတွေ မလိုချင်ဘူးလားခင်ဗျ
ဒီဥယျာဉ်က ခုမှပျိုးကာစမို့ သိပ်ပြီးအပွင့်တွေမလှသေးပါဘူး
ဟိုဘက်ခြံကိုလိုက်ကြည့်ဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်ခင်ဗျ

မေမြတ်ဆွေကို လက်မဆွဲရုံတမယ်တားဆီးပြီး တစ်ဖက်
ခြံသို့ လူလူညွှန်ပြလိုက်လျှင် မေမြတ်ဆွေမှာ ကလေးတစ်ယောက်
လို ဆွေ့ဆွေ့ခုန်မျှပျော်နေသည်။





"ဟယ်. . ရောမပန်းခြံကြီးတော့၊ ဟုတ်တယ်ကိုကို၊ ဟိုဘက်
ခြံကိုသွားခူးမယ်နော်၊ ဒီဘက်ခြံကအပွင့်တွေ သေးတယ်၊ အရောင်
လည်းမစုံဘူး၊ ဟိုဘက်ခြံလောက်မလှဘူး"

ချက်ချင်းပင်ဖြစ်သွားရပြီး ဆယ်ကျော်သက်လေးပမာ
တဆွေ့ဆွေ့ခုန်လျက် ဦးကြည်ဖြူအောင်၏လက်ကိုဆွဲကာ မေ
မြတ်ဆွေ တစ်ဖက်ခြံသို့သွားဖို့ပြင်လျှင် လူလူ ကြည်ဖြူ့ကို မျက်စိ
တစ်ဖက်မှိတ်ပြခဲ့ပြီး နောက်မှ ကျေနပ်စွာလိုက်ပါသွား၏။

ထို့နောက် ကိုယ့်ခြံထဲသို့ ဦးဆောင်ခေါ်သွားပြီး မေမြတ်
ဆွေလက်ညှိုးညွှန်သမျှ ပန်းပွင့်လှလှကြီးများကို လူလူခူးပေး
လိုက်သည်။

ခြံထဲမှာ မမချစ်သက်လူလည်း ပန်းပွင့်များကိုခူးနေ၏။

မောင်နှမနှစ်ယောက် ပန်းပွင့်များကို အပြိုင်အဆိုင်ခူး
နေကြသည့်နှယ်။ သို့သော် ကမ္ဘာကျော်ဥယျာဉ်မှူးများပေမို့
နှင်းဆီခြံကို ဘက်စုံ၊ထောင့်စုံမှ ပြုစုထားသည်ဖြစ်ရာ ပန်းပွင့်
အားကလည်း ကောင်းလှပေ၏။

ထူးခြားချက်တစ်ခုကတော့ မေမြတ်ဆွေက ပန်းပွင့်များ

ကိုစိတ်ဝင်တစားလက်ညှိုးထိုးပြနေစဉ် ဦးကြည်ဖြူအောင်၏ မျက်လုံးတွေက အလှဆုံးပန်းတစ်ပွင့်ကို ခုမှမြင်တွေ့သွားခဲ့ခြင်း ပေတည်း။

လှလိုက်တာ။ ဒါမှ သဘာဝအလှစစ်စစ်။

ပန်းပင်တွေကိုပြုစုနေသည့်လက်ချောင်းလေးများမှာ မြေဆွေးတွေ၊ မြေသြဇာတွေကိုထည့်ပေးနေသည့်လက်ဖြစ်ပေမယ့် သွယ်သွယ်လျလျ။

ဘာမှလိမ်းခြယ်မထားသည့်မျက်နှာလေးမှာလည်း မျက်ခုံးတန်းတန်းထင်းထင်းနှင့် မျက်တောင်ခက်ခက်လှလှ။ မျက်နှာကျအထူးလှပပြီး အသားအရည်က ဆင်စွယ်နှစ်မှာ သူမစိုက်သည့်နှင်းဆီပွင့်နှယ်။ ပန်းသွေးဖျော့ဖျော့လေးသန်းလျက်။

တကယ့်ကျန်းမာရေးကောင်းသည့်လုံမပျို။ အသက်ကတော့ အစိတ်လောက်ရှိမှာပေါ့။

ပန်းဆိုတာ နှစ်ပွင့်ယှဉ်ကြည့်မှ အလှပိုပြီးပေါ်လွင်သလို ချစ်သက်လူနှင့်ယှဉ်ကြည့်မှ မေမြတ်ဆွေ၏အလှက ခြယ်သမှုတွေများသော အင်္ဂကြီးမှန်း အထူးသိသာနေလေ၏။





ချစ်သက်လူ၏ကိုယ်လုံးအလှကလည်း ဖုံးဖုံးဖိဖိ။ လုံလုံခြုံခြုံဝတ်ဆင်ထားသည့်ကြားမှပင် မယ်စကြာဝဠာကိုယှဉ်နိုင်သည့် ကိုယ်လုံးအလှမှန်း သိသာစေ၏။

မေမြတ်ဆွေ၏ကိုယ်လုံးကတော့ အခုအခံ၊ အဖို့၊ အဖိတွေနှင့်။ ချစ်သက်လူလို အပျိုစင်ကိုယ်လုံးမျိုးမဟုတ်။

မေမြတ်ဆွေအလှက စက်စက်ယိုနေပေမယ့် ပြုပြင်ခြယ်သထားသည့်အလှ။ ချစ်သက်လူ၏အလှကတော့ တကယ်တောခေါင်ခေါင်၊ တောင်တန်းတွေပေါ်မှာပွင့်သည့် ရှားရှားပါးပါးသစ်ခွပွင့်လေးလို ထူးခြားဆန်းသစ်သည့်အလှ။

အစက မေမြတ်ဆွေ၏အလှအပနှင့် မာယာကွန်ယက်မှာ မရုန်းနိုင်အောင်မိခဲ့ရပေမယ့် ယခုကျတော့ ကျွတ်ချိန်တန်လို့ ကျွတ်တန်းဝင်သွားသည့် မုဆိုးကြီးလို့ ဦးကြည်ဖြူအောင်၏ မျက်လုံးထဲမှာ ဘယ်ဟာအတု၊ ဘယ်ဟာကအစစ်။

ဘယ်သင်းက အကာ၊ ဘယ်သင်းက အနှစ်ဆိုတာ တစ်ထိုင်တည်းသိ၊ တစ်ချီတည်းခွဲခြားတန်ဖိုးထားတတ်သွားခဲ့ပါချေပြီ။

မေမြတ်ဆွေက ခရာတာတာနှင့် ဘုန်းခန့်လူလူကို ပန်းပွင့်တွေဆွတ်ခူးခိုင်းနေလေသမျှ ဦးကြည်ဖြူအောင်ကတော့ တစ်ဖက်မှာပန်းခူးနေလေသည့် ချစ်သက်လူ၏ မြတ်နိုး၊ တန်ဖိုးထားဖွယ်အလှမှာ ဆွတ်ပျံ့မိန်းမောနေမိလေသည်။

ဒါဟာ ရှေးရှေးတုန်းကဆို ရှင်ဘုရင်တွေ တော်ကောက်မယ့်အလှ။

ထိုစဉ် ပန်းတွေတပွေ့တပိုက်ကြီးနှင့် ဂါဝန်ကြီးတကားကားဆံပင်တိုလေးတစ်ခါခါလုပ်ကာ တမင်ငယ်နုအောင်မူယာပိုနေသည့်မေမြတ်ဆွေက ဦးကြည်ဖြူအောင်၏အနားသို့ အပျိုပေါက်လေးလို ခုန်ဆွ၊ ခုန်ဆွလျှောက်လာလေသည်။

"ကိုကို. . မေတော့ အရမ်းပျော်သွားပြီသိလား၊ မေက နှင်းဆီပန်းအရမ်းကြိုက်တာလေ၊ သေရင်တောင် နှင်းဆီပန်းပုံကြီးထဲမှာသေချင်တာသိလား၊ ဒွေးလိုလေ၊ ကိုယ့်ခေါင်းထဲမှာ နှင်းဆီပန်းတွေနဲ့ပြည့်သိပ်ချင်နေတာကိုကိုရဲ့"

"မေကလည်းကွာ. . မပြောကောင်း၊မဆိုကောင်းတာတွေ"

ချစ်သက်လူဘက်မှ မျက်စိလွှဲပြီး မေမြတ်ဆွေဘက်သို့





ဦးကြည်ဖြူအောင် ကြည့်ရပြောရသည်။ အသက်ကတော့မပါ။

သူ့အသက်၊ သူ့ဝိညာဉ်၊ သူ၏ချစ်တတ်သောနှလုံးသားအစုံကို ချစ်သက်လူဟူသည့် သူယောင်မယ်လေးက ဖမ်းစားထားလိုက်ပြီမဟုတ်ပါလား။

သို့သော် နွယ်မိသည့်သစ်ပင်ကို ချက်ချင်းတော့ ဖြတ်ပစ်လို့မရ။ ကျွံမိသည့်နွံကို ချက်ချင်းဆွဲထုတ်လို့မရ။

ဟန်ဆောင်အပြုံးနှင့် အီလည်လည်ရုပ်ကိုဖုံးဖိရင်း မေမြတ်ဆွေ၏ကလက်တက်တက်အမူအရာတွေကို ဦးကြည်ဖြူအောင် စိတ်ပျက်ရမှန်းသိလာခဲ့ပေပြီ။

"ကဲ. . သွားစို့ကိုကို၊ အခုမှ မေ ဆာရမှန်းသိတော့တယ်၊ စောစောကတော့ ပန်းတွေမြင်တာနဲ့ ဝ,နေတာ၊ မေ့ကို တစ်ခုခုကျွေးဦးနော်ကို"

မျက်နှာကို ချစ်စဖွယ်ရှုံ့မဲ့ချွဲနွဲ့ပြီး မေမြတ်ဆွေသွားဖို့ပြင်လျှင် ဦးကြည်ဖြူအောင် ချစ်သက်လူဘက်သို့မျက်နှာမူလိုက်သည်။

"နေဦးလေ. . မေမြတ်ဆွေ၊ ပန်းဖိုးပေးရဦးမယ်၊ ဘေဘီ. ဒီကိုခဏလာပါဦး၊ ပန်းဖိုးဘယ်လောက်ကျသလဲလို့ လာကြည့်ပေးပါဦး"

အသက်လေးဆယ်လောက်ရှိပြီး လုပချောမွေ့ခန့်ညား ဝင်းပသည့်လူကြီးကိုတစ်လှည့်၊ မောင်လေးဘုန်းခန့်လူလူကို တစ်လှည့် ချစ်သက်လူကြည့်မိသည်။

မောင်လေးလူလူ၏မိတ်ဆွေတွေမို့ ပန်းဖိုးယူရမလား၊ မယူရဘူးလား သူမမသိ။

သူတို့တွေဟာ လူလူ့ရဲ့အရေးပါသောလူကြီးမင်းတွေ မဟုတ်ပါလား။

လူလူ့ထံ ယူရမှာလားဟူသောအကြည့်ဖြင့် ချစ်သက်လူ လှမ်းကြည့်လျှင် လူလူက ပျာပျာသလဲပင်ငြင်းလေ၏။

"ဟာ. . နေပါစေအန်ကယ်၊ ပိုက်ဆံမယူပါရစေနဲ့၊ ကျွန်တော်တို့မောင်နှမ လက်ဆောင်ပေးတာပါ"

"မဟုတ်တာပဲကွာ၊ ဒီလောက်တန်ဖိုးကြီးတဲ့ပန်းတွေကို အန်ကယ်တို့ အလကားမယူပါရစေနဲ့၊ တန်ရာတန်ဖိုးယူပါ၊ ပြီး တော့ မေမြတ်ဆွေက မပြန်မချင်း ဒီပန်းခင်းကိုမျက်စောင်းထိုး နေမှာ၊ အားနာစရာတွေဖြစ်ကုန်မယ်"

ဦးကြည်ဖြူအောင်က မေမြတ်ဆွေကို 'မေမြတ်ဆွေ'ဟု ခေါ်လျှင် သူမ လုံးဝမကျေနပ်တော့ပေ။





မိန်းမပီပီ အခြေအနေတွေကိုလည်း ချက်ချင်းပင် အကဲ ခတ်လိုက်နိုင်၏။ စောစောက ပန်းဈေးနှင့်မွှန်နေမိခဲ့သမျှ ယခု ကျ အခြေအနေတွေကို မျက်ဝါးထင်ထင်သုံးသပ်လိုက်နိုင်၏။

ကြည့်စမ်း. . ပန်းသည်မက ချောတာကိုး။ ဒီလောက်စုတ် ပြတ်နေတဲ့သူဆင်းရဲမကိုများ ကိုကိုကြိုက်သွားပြန်ပြီတဲ့လား။

မဖြစ်ဘူး။ မဖြစ်ဘူး။ ငါလက်ဦးမှုအရယူရမယ်။ ဆုံးဖြတ် ချက်ချပြီးသည့်အခါ မေမြတ်ဆွေ မဏ္ဍပ်တိုက်ဖက်တက်ပြလိုက် သည်။

"ဟုတ်တယ်အစ်မရဲ့၊ ယူပါ၊ မေက မပြန်မချင်း ပန်းတွေ လာခူးနေမှာနော်၊ တော်ကြာ ပန်းရောင်းမှထမင်းစားရတဲ့သူတွေ မို့ ထမင်းနပ်မမှန်ဘဲဖြစ်ကုန်ဦးမယ်၊ အဟင်းဟင်း. . မေ့ကိုကိုက ဒီလောက်ပိုက်ဆံတော့ အသေးအဖွဲပါ၊ ဟုတ်တယ်နော်ကို၊ မေက ကိုယ့်အခန်းထဲမှာ ဒီပန်းလေးတွေနဲ့ အလှပြင်မယ်၊ အိပ်ယာပေါ် မှာလည်း ပန်းမွှေ့ယာခင်းမယ်၊ ဒါပဲနော်ကိုကို၊ မေတို့မင်္ဂလာ ဆောင်ရင်လည်း နှင်းဆီပန်းတွေနဲ့ အိပ်ယာခင်းရမယ်"

ဦးကြည်ဖြူအောင်၏ပခုံးနားမှာမှီပြီး ခွဲနွဲ့ရင်း မေမြတ်ဆွေ

ဆိုလျှင် ဦးကြည်ဖြူအောင်မှာ သွားအကျဲသားနှင့် မချိသွားဖြ
ဖြစ်နေရတော့သည်။

"ကဲ. . ယူပါကလေးရယ်၊ အင်း. . ဒီပန်းအနေလောက်ဆို
ဘယ်လောက်ဖိုးလောက်ရှိမလဲ"

ချစ်သက်လူမှာ ပန်းတွေကိုတစ်ပွင့်ချင်းရေတွက်ရမှာ
အားနာနေမိ၏။ ပြီးတော့ ပန်းတွေကလည်း တစ်ဈေးစီမဟုတ်
ပါလား။

နှင်းဆီအနက်က တစ်ဈေး။ နှင်းဆီအဝါ၊ အဖြူ ပန်းရောင်
တွေက တစ်ဈေး။ တစ်သောင်းဖိုးတောင်ကျော်မယ်။ သို့သော်
လူလူ့မျက်နှာကြောင့် ဈေးစကားအဆိုရခက်နေတာလည်းအမှန်၊

လူလူကလည်း အစ်မမျက်နှာကိုမကြည့်။ မတော်ရသေး
သည့်၊ တော်ရမှာမသေချာသည့် ယောက္ခမလောင်း၏မျက်နှာ
ကိုသာကြည့်နေသည်။

"ဟာ. . အန်ကယ်ကလည်း. . မယူပါဘူးဆို၊ လာ. .
လာ. . ဒါ ကျွန်တော်လက်ဆောင်ပေးတာပါ၊ မမရေ. . သာ
ဟိုဘက်ခြမ်းမှာ ရေသွားလောင်းပေးရဦးမယ်"





ပြောပြီး သုံးယောက်သား တစ်ဖက်ခြံသို့ကူးသွားကြလျှင်
ချစ်သက်လူ ဝမ်းနည်းကျန်ခဲ့ရသည်။ ဘာဖြစ်လို့ဝမ်းနည်းသွား
တာလဲ။ ပန်းတွေကိုနှမြောလို့လား။ ပန်းဖိုးမရလိုက်လို့လား။

ကိုယ့်ကိုယ်ကိုဆန်းစစ်ကြည့်မိတော့လည်း သည့်ထက်
မက။ ချောမွေ့လှပသည့်လူကြီးလူကောင်းတစ်ဦး၏ လျှပ်တပြက်
အကြင်နာမျက်ဝန်းကြောင့်လား။

အို. . ယောကျ်ားတွေဟာ မကောင်းကြပါဘူး။ သူနဲ့
လက်ထပ်ရမယ့်မိန်းမချောတစ်ယောက် အနားမှာရှိရက်နဲ့တောင်
တခြားတစ်ယောက်ကို လှမ်းမျှော်ကြည့်ကြတယ်။

အင်း. . တစ်သောင်းကျော်ဖိုးဆိုတာလည်း မနည်းဘူး။
ထိုစဉ် ပန်းဖိုးမရလိုက်တာ စိတ်ရောက်လိုက်၊ ပန်းလာဝယ်သည့်
လူကြီးမင်းထံစိတ်ရောက်လိုက်နှင့်မို့ ချစ်သက်လူ၏လက်ကို
နှင်းဆီစူး စူးသွားပေပြီ။

"အား. . "

ငိုချင်လျက်လက်တို့မို့ သွေးတွေစို့ထွက်လာသည့်
လက်ညှိုးလှလှလေးကို ကျန်လက်တစ်ဖက်နှင့်ဖိရင်း သူမ မျက်

ရည်တွေကျ၊ ပန်းခင်းကြားသို့ထိုင်ချလိုက်လျှင် သူမ၏အနီးသို့ လူတစ်ယောက် ဖျတ်ကနဲရောက်လာသည်။

"ဦးကြည်ဖြူအောင်. . "

လူကြီးမင်းအားမော့ကြည့်လိုက်သည့် ချစ်သက်လူ၏ မျက်ရည်ဥနေသည့်မျက်ဝန်းနုနု၊ မျက်နှာနုနုလေးက ကမ္ဘာပေါ်မှာအလှဆုံးပန်းချီလက်ရာ။

"ဘေဘီ. . "

သူမ၏လက်ကလေးကို ဖျတ်ကနဲဆွဲယူပြီး ဦးကြည်ဖြူအောင် ငုံ့စုပ်လိုက်လျှင်. . .

"အို. . "

ချစ်သက်လူ ပါးစပ်လှလှလေးဟကာ အံ့သြရင်ဖိုရပြန်သည်။ တစ်သက်လုံးက သူတော်စင်မလေးလို ကျွတ်တန်းဝင်ခဲ့သမျှ ယခုကျ သူမ ရှာန်လျှောရတော့မှာလား။

"ဘေဘီ. . အရမ်းနာနေလား"

လူကြီးမင်း၏အသံက အချစ်တို့ဖြင့်ပြည့်ဝပျော်ဝင်ပြီး အစွမ်းကုန်နူးညံ့တိုးလျနေလျှင် ချစ်သက်လူ ခေါင်းခါမိသည်။





အဲဒါ မာယာတွေ။ ကြည့်စမ်း. . အဆင်သင့်လက်ထပ်ရမယ့်သတို့သမီးတစ်ယောက်ရှိနေရက်နဲ့ နောက်ထပ်မိန်းကလေးတစ်ယောက်ကို သူမို့ဖြားယောင်းရက်တယ်။

"ဟင့်အင်း. . . ရှင်သွားပါ၊ ကျွန်မတစ်ယောက်တည်း ဝမ်းနည်းပါရစေ"

"ကိုယ်သိတယ်၊ ဘေဘီလည်း ကိုယ့်ကိုချစ်တယ်မဟုတ်လားဟင်"

သူက နတ်ဆိုးတစ်ယောက်လိုချောမွေ့လှပနေတာနှင့် သူမက ယစ်မူးကျဆုံးရမှာတဲ့လား။ ဝေးသေးတယ်။ တစ်သက်လုံး အောင်လံထူခဲ့တာပါနော်။ ခုအသက်အရွယ် (၂၈)နှစ်အထိပေါ့။

သူမ ခေါင်းမော့ပြီး ရယ်မောမိသည်။ သို့သော် ချစ်သက်လူ၏ရယ်သံက အသည်းအက်သံ။ ဒါကို ဦးကြည်ဖြူအောင်က ကျွမ်းကျင်သည့်လူလည်ကြီးတစ်ယောက်ပေမို့ သိပ်သိတာပေါ့။

"ရှင်က ကိုယ့်ကိုယ်ကို အတော်အထင်ကြီးတာပဲနော်၊ ရှင့်မှာ လက်ထပ်ရမယ့်မိန်းမတစ်ယောက်ရှိနေရက်နဲ့တောင်

လောဘကကြီးသေးတယ်၊ ဘာလဲ. . ကျွန်မကို ဒီသူဆင်းရဲမတော့ ငါတစ်ချက်လောက်တင်းလိုက်ရင် ပါမှာပဲဆိုပြီး စမ်းကြည့်တာလား"

"အို. . ဘေဘီ"

သူမ၏ နှင်းတွေနှင့်စိုစွတ်နေသည့်ကိုယ်လေးကိုဆွဲပွေ့ပြီး ဦးကြည်ဖြူအောင်အော်လိုက်မိပုံက ဒဏ်ရာအကြီးအကျယ်ရသည့်ခြင်္သေ့ကြီးနှယ်။

"ကိုယ့်ကို ဒီလိုမစွပ်စွဲလိုက်ပါနဲ့ဘေဘီရယ်၊ နှစ်ပေါင်းများစွာ သွေ့ခြောက်ကြေမွခဲ့ရတဲ့ကိုယ့်ဘဝဟာ တံလျှပ်တွေကိုပဲ ရေထင်ခဲ့ရပါတယ်၊ ဒီမနက်မှာ ကိုယ့်ဘဝအတွက် အိုအေစစ်လေး၊ ကိုယ့်ဘဝအတွက် စမ်းရေအိုင်လေးကို ကိုယ် မျက်ဝါးထင်ထင် မြင်လိုက်ရပါတယ်ကွယ်"

"ကျွန်မ မယုံဘူး"

ချစ်သက်လူအော်ဟစ်လိုက်ပုံက ,သွေးရူးသွေးတန်း။

အပြောကောင်းလိုက်တာ လူကြီးမင်းရယ်။ ဒါပေမယ့် ကျွန်မ မကျဆုံးချင်ဘူး။





"ချစ်တယ်ကလေးရယ်၊ ကိုယ် မေမြတ်ဆွေကိုလုံးဝလက်မထပ်ချင်တော့ဘူး၊ ကလေးကိုပဲ မြတ်မြတ်နိုးနိုးလက်ထပ်ချင်မိတယ်"

ပြောရင်းမှ ပွေ့ဖက်ထားသည့်သူမ၏ကိုယ်လုံးလေးကို ပိုမိုတင်းကျစ်လိုက်ပြီး ဦးကြည်ဖြူအောင် ချစ်သက်လူ၏မျက်နှာလှလှလေးပေါ် သူ့မျက်နှာချောချောကိုအုပ်မိုးလိုက်သည်။

ထို့နောက် ပန်းပွင့်လေးကို ပျားပိတုန်းကြီးဝတ်ရည်စုပ်သလို ကျွမ်းကျင်လိမ္မာလွန်းလှသည်။

ကလေးတစ်ယောက်ဖအေကြီး၊ ရည်းစားများစွာနှင့်ပွဲတွေ့ခဲ့ဖူးသူမို့ တောကျွမ်းသူမုဆိုးလို သူကျွမ်းကျင်ပီရိလေသမျှ အူရိုင်းမလေးချစ်သက်လူမှာ မလူးသာ၊မလွန့်သာ။

မဝွန်းရင်းကရှိလို့ ကန်စွန်းခင်းငြိသွားလေသလား။

ဦးနှောက်နှင့်ဟန်ဆောင်ငြင်းပေမယ့် ချစ်သက်လူ၏နှလုံးသားလေးခမျာလည်း ဖျတ်ကနဲဖူးပွင့်ဝေဆာကြီးရင့်သွားခဲ့သည်ပဲမဟုတ်ပါလား။

ပန်းခင်းကြားထဲမှာ အနမ်းတွေတမေ့တမောကြာရည်

သွားပြီးမှ ချစ်သက်လူ ရှန်းထွက်ဖို့အခွင့်ရသွားခဲ့သည်။ မျက်ရည်တွေဖြိုင်ဖြိုင်ကျရင်းမှ အားကုန်ခမ်းသည့်အသံနှင့် ချစ်သက်လူ မချိတင်ကဲရန်တွေ့မိသည်။

"ရှင် သိပ်ရက်စက်တာပဲ၊ ရှင် သိပ်ရက်စက်တယ်၊ ကျွန်မရှင့်ကိုမုန်းတယ်၊ အထင်သေးတယ်၊ သိပ်ရွံတယ်"

ပြောပြီး ချက်ချင်းပင် ဒယီးဒယိုင်နှင့် ချစ်သက်လူ အိမ်ထဲသို့ဝင်ပြေးသွားလျှင် ဦးကြည်ဖြူအောင် ကြေကွဲခံစားလို့ကျန်ခဲ့ရသည်။

"မင်းကို ငါတကယ်ချစ်တာပါဘေဘီရယ်၊ မင်းကိုပဲ ငါလက်ထပ်နိုင်အောင်ကြိုးစားမယ်"

ရင်ထဲမှာနင့်နေအောင်ခံစားရရင်းမှ ဦးကြည်ဖြူအောင်ကြုံးဝါးလိုက်ပေမယ့် အိမ်ပေါ်မှာလာပြီး မင်းမူခွစီးနေသည့်မေမြတ်ဆွေကို သူ သံပုံးတီးပြီးနှင်ထုတ်နိုင်ပါ့မလားဟု ဦးကြည်ဖြူအောင် ပူတွေးတောစိုးရိမ်နေမိတော့သည်။

# အခန်း(၁၁)

ပန်းတွေတပွေ့တပိုက်နှင့် မေမြတ်ဆွေအိမ်ထဲသို့ဝင်သွားချိန်တွင် ဖေဖေက တစ်ဖက်ခြံသို့ပန်းဖိုးသွားပေးဦးမည်ဆိုကာ ထွက်သွား၏။

သဒ္ဒါကြည်ဖြူမှာ အရာရာကိုတွေးတောပြီး ပန်းဥယျာဉ်လေးအနီးတွင် ဆွေးလျခံစားနေရ၏။

ငါ့ဘဝတော့ နေဝင်ပြီ။ တောင်စွယ်နေကွယ်တော့မယ်။ ဒီမေမြတ်ဆွေဆိုတဲ့မိန်းမက ငါတို့သားအဖရဲ့ချစ်ခြင်းကိုလည်း ခွဲမယ်။ ငါတို့သားအဖရဲ့ဘဝတွေကိုလည်း ဖြိုခွင်းနင်းချေလိမ့်မယ်။

နောက်ပြီး ငါ့နှင်းဆီဥယျာဉ်လေးကိုလည်း တစ်စစီစုတ်ပြတ်သတ်သွားအောင် လုပ်မှာသေချာတယ်။

ငါ ဒီမိန်းမကို ဘယ်လိုတိုက်ထုတ်ရမလဲ။ ဖေဖေကရော သူနဲ့ ဘယ်လောက်တောင်ပတ်သက်ခဲ့သလဲ။ ဒီလိုမှန်းသိရင် လူလူ့အစ်မနဲ့ပဲ ဖေဖေ့ကိုအောင်သွယ်ပေးပါတယ်။

ဟင်. . မဖြစ်နိုင်ပါဘူး။ လူလူက ငါ့ကိုကြိုက်နေတာမို့ သူ့အစ်မနဲ့ဖေဖေယူလို့မဖြစ်ပါဘူး။

သူမ လျှောက်တွေးပြီးဝမ်းနည်းကြေကွဲနေမိစဉ် သူမ၏ အနားသို့ ရေစက်ရေပေါက်များကျလာသဖြင့် လှမ်းကြည့်လိုက်မိသည်။

"ဟင်. . လူလူ. . "

ချောမောလှပသည့် လူလူ၏ဖြူစင်ကြယ်သည့်ဥပမိမြင်လိုက်ရလျှင် ကြည်ဖြူ နည်းနည်းအားတက်သွား၏။

သူ ရေလောင်းနေရာမှ ကြည်ဖြူ့ကိုကြင်နာစွာပြုံးပြနေသည်။ အင်း. . သူကယ်လိုက်လို့ ဒီနေ့ ငါ့ပန်းခင်းလေး ပြုတ်ပြုတ်မပြုန်းရတယ်။





"ကြည်ဖြူ. . လာလေ. . ပန်းပင်လေးတွေကို လာကြည့်ပါဦး"

ခါတိုင်းက ကြည်ဖြူစိတ်ညစ်လျှင် အပြစ်ကင်းစင်သည့် နှင်းဆီပန်းပင်လေးတွေကိုကြည့်ပြီး စိတ်ညစ်ပြေစမြဲ။ နှင်းဆီပင်လေးတွေမှ အဖူးလေးတွေအဆင့်ဆင့်ထွက်နေတာ၊ အရောင်လေးတွေ မခို့တရို့ဖြစ်နေတာ။

နောက် ပန်းတစ်ပွင့်၏ တစ်ဆင့်ပြီးတစ်ဆင့် ဖူးရာမှငုံ၊ ငုံရာမှပွင့်အာလှပလာကြတာတွေကို သူမစောင့်ကြည့်ပြီး ပျော်ရွှင်ခဲ့ဖူးပါသည်။

သို့သော် ယခုတော့ သူမ၏သောကတွေကို နှင်းဆီဥယျာဉ်လေးပင် မကယ်နိုင်ပါ။

"မကြည့်ချင်တော့ပါဘူးလူလူရယ်၊ ငါ အရမ်းစိတ်ညစ်တယ်"

သူကလေးအရမ်းခံစားနေရလျှင် လူလူ ရေပိုက်ကိုလွှတ်ချပြီး သူမ၏အနားသို့သွားပြီး ကပ်ထိုင်ချလိုက်သည်။

ယခုတော့ နှစ်ယောက်လုံး မြက်ခင်းပြင်ပေါ်မှာ။ တနည်းအားဖြင့် ပန်းခင်းတွေကြားထဲမှာမြုပ်လျက်။

သူမက စိတ်ပျက်လက်ပျက် ပုံ့ပုံ့လေးထိုင်ချနေသလို လူလူကလည်း သူကလေးအနီးမှာကပ်ထိုင်ပြီး ပခုံးလေးများကို ဖေးမလိုက်သည်။

“ကြည်ဖြူရယ်. . လောကကြီးထဲမှာ ဒီလောက်နဲ့သာစိတ်ညစ်နေရရင် တို့ဘဝတွေ ဘယ်မှာပျော်စရာရှိပါတော့မလဲကွာ”

“ဟာ. . လူလူကလည်း. . ဘာဒီလောက်ရမှာလဲ၊ ကိုယ့်ဖေဖေနောက်မိန်းမယူမှာ၊ အဲဒီနောက်မိန်းမကလည်း နည်းနည်းမှဟန်ပုံမပေါ်တာ ဘယ်လောက်စိတ်ညစ်စရာကောင်းလိုက်သလဲ၊ ဟန်ဟန်ပန်ပန်လေးဆို ကြည်ဖြူဒီလောက်စိတ်ညစ်မနေပါဘူး”

“အင်း. . ဒါလည်းဟုတ်တာပဲ၊ ဒေါ်မေမြတ်ဆွေကိုကြည့်ရတာ ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းလွန်းတယ်၊ ဒါပေမယ့်ကွာ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့၊ ကိုယ်တားဆီးလို့မရတဲ့ကိစ္စတွေအတွက် စိတ်မညစ်ပါနဲ့”

“လူလူပြောတော့လွယ်တယ်၊ ကြည်ဖြူက ကိုယ်တိုင်ခံစားရမယ့်လူရှင့် သိရဲ့လား”

“ဒါဆို ကြည်ဖြူလည်း ယောကျ်ားယူလိုက်ပေါ့၊ အန်ကယ်လည်း သူ့အိမ်ထောင်နဲ့သူ၊ ကြည်ဖြူလည်း ကိုယ့်အိမ်ထောင်နဲ့ကိုယ်လေ၊ ကဲ. . ဘာစိတ်ဆင်းရဲစရာရှိသလဲ”



“ဟင်. . ကြည်ဖြူက ကလေးပဲရှိသေးတဲ့ဟာ၊ ဘာတွေလာပြောနေတာလဲ”

အရှက်မျက်နှာလေးနှင့် သူမပိတ်အော်လိုက်လျှင် လူလူ သူမကိုအလွန်ကြင်နာသနားမိသည်။

“အဖြစ်ပြောပြတာပါကွာ၊ အခုမဟုတ်ဘူးလေ၊ နောက်တစ်နှစ်လောက်ကြာရင် ကြည်ဖြူဘွဲ့ရတော့ ပြောတာပါ၊ ကဲ. . ထ. . အိမ်ထဲဝင်၊ ဒီမှာ နှင်းတွေနဲ့ တော်ကြာ အအေးမိလိမ့်မယ်”

“မဝင်ချင်တော့ပါဘူးလူလူရယ်၊ အိမ်ထဲမှာ ကျားတစ်ကောင်ရောက်နေသလို ကြည်ဖြူစိတ်ကျဉ်းကျပ်လှပါတယ်”

“ဒါဆိုလည်း လူလူ့အိမ်လိုက်ခဲ့၊ ဒီနေ့ကျောင်းပိတ်တယ်မဟုတ်လား၊ အိမ်မှာထမင်းစား၊ မမက သိပ်ဟင်းချက်ကောင်းတာ”

ခါတိုင်းဆို ကြည်ဖြူငြင်းပယ်မှာဖြစ်ပေမယ့် ယခုကျ ဒေါ်မေမြတ်ဆွေနှင့်မျက်နှာချင်းမဆိုင်လိုသဖြင့် ကြည်ဖြူလိုက်ဖို့သဘောတူလိုက်သည်။

"လိုက်မယ်လူလူ၊ ကြည်ဖြူ ဒီနေ့ကျောင်းပိတ်တယ်"

"အိုကေ. . ခဏစောင့်၊ ဒီမှာ ပန်းပင်တွေ ရေပြီးအောင် လောင်းလိုက်ဦးမယ်"

ခဏကြာလျှင် ရေလောင်းလို့ပြီးသွားပြီမို့ ကြည်ဖြူနှင့်လူလူ တစ်ဖက်ခြံသို့ကူးသွားကြတော့သည်။



## အခန်း(၁၂)

ချစ်သက်လူထံမှပြန်လာသည့်အခါ ဦးကြည်ဖြူအောင်၏ စိတ်နှလုံးတွေ အလွန်နောက်ကျိနေမိသည်။

သူဟာ လူကြီးလူကောင်းတစ်ယောက်မို့ လက်ထပ်ခြင်းကို တန်ဖိုးထားပါသည်။

သူဟာ စိတ်ဓာတ်ညံ့ဖျင်းသည့်၊ မိန်းကလေးတို့၏အသည်းကို ထည်လဲစားသုံးတတ်သည့် စားနေကျကြောင်ဖားကြီးလည်း မဟုတ်ရပါ။

လောလောဆယ် မေမြတ်ဆွေ၏မာယာကွန်ယက်မှာ အမိခံနေရသည့် သနားစရာ သကောင့်သားတစ်ဦးသာဖြစ်ပါသည်။

သူနှင့်မေမြတ်ဆွေဟာ လွန်လွန်ကျူးကျူးလည်းမနေရသေးပါ။ ချစ်သူတို့သဘာဝ ပွေ့တာ၊ ဖက်တာ၊ နမ်းတာ၊ ရှူ့တာလောက်တော့ရှိပါသည်။

ဩော်. . လူ့စိတ်ဆိုတာလည်း ခက်လိုက်တာ။

အစက ချစ်သက်လူကိုမတွေ့ခင်တုန်းကတော့ မေမြတ်ဆွေကိုနှစ်သက်လှပြီး လက်ထပ်ဖို့အထိပင်စိတ်ကူးခဲ့မိသည်။

အင်း. . ယခုကျ မေမြတ်ဆွေဆိုတာ အဆင်းပဲရှိပြီး အချင်းမရှိသည့်မိန်းမမှန်း ချစ်သက်လူနှင့်ယှဉ်ကြည့်လေမှ ကွဲကွဲပြားပြားပေါ်ထွက်ခဲ့ပေပြီ။

မေမြတ်ဆွေသည် တစ်နေ့တစ်ဇီနေ့ သူ့ကိုယ်သူ မလှလှအောင်ခြယ်မှုန်းပြီး ယောကျ်ားရှာလို့ရသမျှ ကုန်အောင်ဖြုန်းမည့်သုံးမည့်မိန်းမမျိုးဖြစ်သည်။

ချစ်သက်လူကတော့ တကယ့်ဗိုင်းကောင်းကျောက်ဖိ၊ ဣန္ဒြေရှင်လေးဖြစ်ပြီး အိမ်မှုကိစ္စလည်းအထူးနိုင်နင်းသည့် မြတ်နိုးနှစ်သက်ဖွယ်မိန်းကလေးတစ်ယောက်ပါပေ။

အချိန်တော့မနှောင်းသေးဘူး။ သို့သော် နှုတ်လွန်၊ စကားလွန်တွေ့ရှိထားခဲ့ပြီမို့ မေမြတ်ဆွေသည် နောက်ဆုတ်ပေးမည့်ပုံမမြင်။

ငါဘယ်လိုလုပ်ရပ့ါ။ ကိုယ့်ဇာတ်ကို ဘယ်လိုဆက်ကရပ့ါ။ အတွေးတွေရှုပ်ထွေးလာမှုကိုဖျောက်ပစ်ပြီး ဦးကြည်ဖြူအောင် ကုမ္ပဏီသွားဖို့ပြင်ရသည်။

ကိုယ့်အခန်းတံခါးကို မမေ့မနှလျှော့ပိတ်ပြီး အထဲမှာ အဝတ်အစားလဲရသည်။ နို့မို့ မေမြတ်ဆွေသည် ရဲတင်းလွန်းသည့်မိန်းမပျိုပီပီ သူ့အခန်းထဲဝင်လာပြီး သူ့ကို မလှူးသာ၊ မလွန့်သာအောင် စီရင်ပေလိမ့်မည်။

ကိုယ့်အိမ်နှင့်ကိုယ်ပေမယ့်၊ ကိုယ်ကယောကျ်ားဖြစ်ပေမယ့် မုဆိုး၏လက်မှာ သားကောင်မဖြစ်လို၊ မကျဆုံးလိုသည်မို့ ဦးကြည်ဖြူအောင် အထူးသတိထားနေရပါသည်။ ထိုစဉ်. .

"ဒေါက်. . ဒေါက်"

"ကိုကို. . ကိုကို. . "

အစကတော့ သည်လိုခေါ်သံတွေကို နားဝင်ချိုခဲ့ပေမယ့် မကြာမီအချိန်ကပင် သူ့မှာရှိသည့်မောဟတွေကင်းစင်ခဲ့ပြီမို့ သည်အညှအချွဲတွေကို ဦးကြည်ဖြူအောင်ရွံရှာတတ်ခဲ့ပေပြီ။

သို့သော် တံခါးလာခေါက်မှတော့ ဖွင့်ပေးရဦးတော့မှာပေါ့။ ကုမ္ပဏီသွားဖို့လည်း အသင့်ပြင်ဆင်ပြီးပြီမို့ အတက်ချိတ်ကော့စ်ကို ဆွဲပြီး ဦးကြည်ဖြူအောင် တံခါးဖွင့်ကာအပြင်သို့ထွက်လိုက်သည်။

"ဟင်. . ကိုကို. . ကုမ္ပဏီသွားမယ်ဟုတ်လား၊ ကိုကိုက လည်းကွာ. . မေရောက်နေတုန်းများ အိမ်မှာနေပါဦး၊ မေသွား ချင်တာတွေလိုက်ပို့ပေးမယ်ဆို၊ ယုဇနပလာဇာတို့၊ စူပါဝမ်းတို့ နောက် ထူးထူးခြားခြားနေရာလေးတွေ လိုက်ပို့ပေးပါဦး"

သူ့ခါးကိုဖက်ပြီး ကျောကိုပါးနှင့်ကပ်ကာ ချွဲနွဲ့နေပုံလေး မှာ သနားစရာ။ သို့သော် ဒါတွေဟာ ရင်ထဲမှလာတာမဟုတ်ဘဲ နှုတ်ဖျားမှလာတာဖြစ်ကြောင်း ဦးကြည်ဖြူအောင်သိနေပါပြီ။

"အလုပ်ကအရေးကြီးကိစ္စတွေရှိလို့ပါမေရယ်၊ မေသွား ချင်တာတွေ နောက်နေ့တွေလိုက်ပို့မှာပေါ့၊ မေလည်း နေဦးမယ် မဟုတ်လား၊ တစ်ပတ်လောက်တော့. . "

"ကြည့်စမ်း. . ကြည့်စမ်း. . ကိုက. . မေ့ကိုပြန်စေချင် ပြီပေါ့လေ၊ တစ်ပတ်လောက်တဲ့၊ ဟင်း. . တစ်သက်လုံးနေမှာ ကိုရေ့. . တစ်သက်လုံးနေမှာ"





သူ့ကျောကုန်းကိုထုကာ မေမြတ်ဆွေချွဲနွဲ့ကောက်နေလျှင် ဦးကြည်ဖြူအောင် ပြုံးမိသည်။

မချိပြုံးပေါ့။ မေမြတ်ဆွေကတော့ ကျောဘက်မှချွဲနွဲ့ နေရာမှ ဦးကြည်ဖြူအောင်၏ရင်ဘတ်ရှေ့သို့ ရောက်လာပြန် သည်။

ဟာလာဟင်းလင်းဖြစ်နေသည့် ရင်ဘတ်လည်တိုင်နှင့် ပခုံး၊ လက်မောင်းတို့ဖြင့် ဦးကြည်ဖြူအောင်၏ရင်ခွင်ထဲမှာ ပွတ် သပ်မှီတွယ်နေလေသည်။

"မသွားပါနဲ့ကိုရာ. . နော်၊ မေ ပျင်းတာပေါ့လို့၊ ကိုကို့ သမီးကလည်း မေ့ကိုကြည်ဖြူတာမဟုတ်ဘဲနဲ့၊ ကိုသိပါတယ်၊ ဘယ်လိုလဲကွာ. . ကို. . မေ့ကိုမချစ်ဘူးလား၊ မသနားဘူးလား၊ မေ့ကို ရန်ကုန်ခေါ်ပြီး ပညာရှိနှိပ်စက်နည်းနဲ့ နှိပ်စက်မလို့လား ဟင်"

သနားစဖွယ် တီတီတာတာ တစာစာနှင့်ချွဲနွဲ့တောင်းပန် နေလျှင် ဦးကြည်ဖြူအောင် ခေါင်းကုတ်ရသည်။

သို့သော် ကိုယ်က ဒီညွှတ်ကွင်းကိုရှောင်လိုသည်မို့ ဦး ကြည်ဖြူအောင် ဒုက္ခရောက်နေရပါတော့သည်။

"မသွားမဖြစ်လို့ပါဆိုကွာ၊ မေကလည်း. . ဒီတစ်ရက်တည်းနော်၊ နောက်နေ့တွေကျ ကိုယ်လိုက်ပို့ပါ့မယ်"

ထိုစဉ် ဦးကြည်ဖြူအောင်၏ဟန်းဖုန်းမှ အသံမြည်လာသဖြင့် အတော်ပင်ဖြစ်သွားလေ၏။

သူ အော်ကျယ်အော်ကျယ်နှင့်ပင် ရှင်လန်းစွာဖုန်းပြောဖြစ်သည်။

"လာပြီဟေ့. . ငါအခုပဲလာနေပြီ"

"ကဲ. . မေ. . ကိုယ့်ကို လုပ်ငန်းရှင်တွေနဲ့တွေ့ပေးဖို့ ကိုယ့်မန်နေဂျာက လှမ်းအကြောင်းကြားပြီ၊ ခဏလေးပါကွာ၊ တစ်ရက်တည်းပါ၊ နောက်နေ့ကျ အရာရာမေ့သဘောအတိုင်းပဲ ဟုတ်ပြီလား၊ အဲဒီမှာ ကိုယ့်အိမ်ကိုယ့်ယာလိုသာ စိတ်တိုင်းကျနေပေတော့၊ လိမ္မာပါတယ်ကွာ၊ ချစ်ကလည်း. . "

မေ့ပါးလေးကိုလှမ်းဖျစ်ခဲ့ပြီး ဦးကြည်ဖြူအောင် အိမ်ပေါ်ထပ်မှပြေးဆင်းခဲ့သည်မှာ နောက်မှကျားလိုက်နေသည့်အတိုင်း။

မေမြတ်ဆွေဆိုတာလည်း (၃၇)မင်း ပန်းမကိုင်ဘဲနတ်ဝင်သူမို့ ဦးကြည်ဖြူအောင်အချိုးပြောင်းသွားတာကို ချက်ချင်းနားလည်လိုက်သည်။





"ဟင်း. . ဟင်း. . ဟင်း. . "

မေမြတ်ဆွေရင်ထဲမှ အသံတိတ်ရယ်မောရင်း ကြုံးဝါးလိုက်သည်။

"တွေ့ကြသေးတာပေါ့ဦးကြည်ဖြူအောင်ရယ်၊ ရှင်နဲ့ကျွန်မဘယ်သူကပိုလည်တယ်၊ အစွမ်းထက်တယ်ဆိုတာ ကြည့်ကြသေးတာပေါ့နော်"

ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြသေးတာပေါ့ကွာ။ ဦးကြည်ဖြူအောင်၏ကား ထွက်သွားသံကြားလိုက်ရလျှင် ဝရန်တာသို့ပြေးထွက်ပြီး မေမြတ်ဆွေလက်ပြလိုက်သေးသည်။

ရတယ်နော်။ မေမြတ်ဆွေဆိုတာ အသည်းနှလုံးမပါတဲ့စက်ရုပ်မို့ ငိုပြရမလား၊ ရယ်ပြရမလား၊ မဲ့ပြရမလား။

အားလုံးရတယ်လေ။

# အခန်း(၁၃)

နှင်းဆီဥယျာဉ်၏နောက်မှ အရုပ်အိမ်လေးထဲမှာ ချစ်သက်လူ၊ ဘုန်းခန့်လူလူနှင့် သဒ္ဒါကြည်ဖြူတို့ထမင်းစားနေကြသည်။

သူဌေးသမီးလေး သူတို့အိမ်မှာထမင်းစားသည်ကို ချစ်သက်လူကအံ့သြနေပြီး ဘုန်းခန့်လူလူကတော့ ပီတိတွေဖြာလျက်။

သာမန်စားပွဲ၊ ကုလားထိုင်လေးများနှင့် သာမန်ထမင်းစားခန်းလေးထဲမှာ သူတို့နှင့်အတူ သဒ္ဒါကြည်ဖြူထမင်းစားနေသည်မှာ အိပ်မက်သဖွယ်။

"စား. . ညီမလေး. . ဟင်းကတော့ ညီမတို့အိမ်မှာလို ဖွယ်ဖွယ်ရာရာတော့မရှိဘူးကွယ်"



ချစ်သက်လူအားတုံ့အားနာစကားဆိုလျှင် ကြည်ဖြူက ပြန်လည်နှစ်သိမ့်၏။

"ဟာ. . မမချစ်ကလည်း. . ကြည်ဖြူစားလို့ကောင်းပါတယ်၊ ဒီကင်ပွန်းရွက်ချဉ်ရည်ဟင်းနဲ့ ငါးဆုပ်ချက်လေး ဘယ်လောက်စားလို့ကောင်းလိုက်သလဲ၊ အိမ်မှာဆို အိမ်ဖော်တွေက ဖေဖေ့အကြိုက် ချိုချိုရဲရဲတွေပဲချက်တွယ်၊ ကြည်ဖြူက ချဉ်ချဉ်ငန်ငန်၊ စပ်စပ်ဟင်းတွေမှကြိုက်တာ. . သိလား"

"ဒါဆိုလည်း ကောင်းပါတယ်ဗျာ၊ ကြည်ဖြူစားလို့ကတော့ ကိုယ်တို့မောင်နှမက တစ်သက်လုံးတောင်ကျွေးထားချင်ပါတယ်"

"ဟင်းနော်. . လူလူ. . ထမင်းလေးတစ်နပ်ကျွေးပြီး လူပျို စကားပြောတော့မလို့လား၊ လူလည်မကျနဲ့"

"ဆောရီးပါကွာ၊ ကိုယ်က ရင်ထဲရှိတဲ့အတိုင်းပြောတာပါ၊ အမိုက်အမဲလေးကိုဗွေမယူပါနဲ့"

ထမင်းဝိုင်းလေးမှာ ရယ်သံများနှင့်စိုပြည်သွားစဉ် အိမ်ရှေ့မှအသံတစ်ခုကို သူတို့ကြားလိုက်ရသည်။

"အိမ်သားတွေ. . ဝင်လာခဲ့မယ်နော်"

"ဟင်း. . ဟိုမိန်းမလိုက်လာပြီ၊ သိပ်ရှုပ်တာပဲ၊ ဒီမှာပျော်နေတဲ့ဟာကို"

ကြည်ဖြူ့မျက်နှာလေးအိုသွားသလို လူလူတို့မောင်နှမလည်း စိတ်ညစ်သွားရသည်။

ဘာတွေလာရှုပ်ဦးမယ်မသိဘူး။ ဒေါ်မေမြတ်ဆွေဟာလာခြင်းကောင်းသည့်မိန်းမ,မဟုတ်။ နွားအုပ်ကိုဆွဲမည့်ကျားသစ်မ၊ ဝံပုလွေမ။

ကြည်ဖြူစိတ်မချမ်းမသာဖြစ်နေစဉ် ရဲတင်းလှသည့်မေမြတ်ဆွေမှာ မီးဖိုဖက်ရှိ ထမင်းစား,စားပွဲထိ တောက်လျှောက်ဝင်လာလေသည်။

သူ့အသွင်က ဖြူစင်သည့်နှယ် အယောင်ဆောင်ရိုး,အလျက်။

"ဟော. . ဘာတွေကြိတ်စားနေကြတာလဲ၊ ကြည်ဖြူတို့များ ဧည့်သည်ကိုထားခဲ့ပြီး လွတ်ရာလွတ်ကြောင်းလာရှောင်နေတယ်နော်၊ ယူတို့သားအဖကတော့ စံပါပဲ၊ အဖေကလည်း ဧည့်သည်ကိုထားခဲ့ပြီး ကုမ္ပဏီသွားတယ်၊ တကယ်ဆို ကိုယ်ကအလုပ်ရှင်ပဲ၊





ဒီတစ်ခုနေ့မသွားလို့ ဘာဖြစ်မှာတဲ့လဲ၊ ဟင်း. . သမီးကလည်း ဧည့်သည်ကိုထားခဲ့ပြီး ဒီဘက်လာရှောင်နေတယ်၊ လိုက်လည်းလိုက်တဲ့သားအဖပါပဲနော်"

ချစ်စဖွယ် ဖြူစင်သည့်ဟန်နှင့် ပြုံးပြုံးလေးပြောနေလျှင်ကြည်ဖြူကတော့ ကြည့်မရပါချေ။ အပိုတွေ၊ မူယာမာယာတွေ။

"ဒါကတော့အစ်မရယ်. . ဖေဖေကလည်း မသွားမဖြစ်လို့သွားရတာပါ၊ ကြည်ဖြူ့ကိုတော့ လာမပြောနဲ့လေ၊ အစ်မကကြည်ဖြူ့ဧည့်သည်မှမဟုတ်ဘဲ၊ ဖေဖေ့ဧည့်သည်ပဲဟာ၊ ဘာလို့ဧည့်ခံနေစရာလိုမလဲ"

"ဟင်. . ကြည့်စမ်း. . . ကြည့်စမ်း. . ယူတို့ရန်ကုန်ကဧည့်သည်ကိုဆက်ဆံတာ ဒီလိုပဲလား၊ မမတို့မန္တလေးမှာတော့ဧည့်သည်ကိုအရမ်းဂရုစိုက်တာ၊ ကိုယ့်အိမ်လာတဲ့ဧည့်သည်ဆိုရင် ဘယ်သူ့ဧည့်သည်ဖြစ်ဖြစ် တယုတယ၊ တလေးတစား၊ တမြတ်တနိုးနဲ့ကိုဧည့်ခံတာ၊ အရမ်းဧည့်ဝတ်ကျေတာပဲ"

ထမင်းစား,စားပွဲတွင်ဝင်ထိုင်ရင်း မျက်နှာချိုချိုလေးကိုရှုံ့ကာ၊မဲ့ကာ၊ ပြူးကာ၊ ပြကာနှင့်ပြောနေသော်လည်း လှပသူမို့ကြည့်လို့ကောင်းပါသည်။

အမှုအယာလုပ်ပသူ၏မာယာတွေကို သူတို့သုံးယောက်သား ငေးမောလျက်။

ကြည်ဖြူကတော့ မေမြတ်ဆွေကို စကားအရာမှာအလျှော့ မပေးနိုင်ပါချေ။

"အိုး. . .ဒါကတော့ ရန်ကုန်ကရန်ကုန်၊ မန္တလေးက မန္တလေးပဲ၊ ဒီရန်ကုန်မှာတော့ ကိုယ့်ဈေးသည်ဆိုရင် ကိုယ်ပဲဈေးခံတယ်၊ သူများဈေးသည်ကို ဈေးခံမနေနိုင်ပါဘူး"

"ဩော်. . ဒီလိုတဲ့လား၊ အားငယ်လိုက်တာကွယ်၊ မမမေမှာ တစ်ယောက်တည်းဘယ်လိုနေရမှန်းမသိတာနဲ့ ဒီဘက်ထွက်လာခဲ့တာ၊ ဆောရီးပါနော်"

ပခုံးတွန့်ကာ၊ လက်တခါခါနှင့် မေမြတ်ဆွေအိုက်တင်များ နေလျှင် ချစ်သက်လူအားနာမိသည်။

"အစ်မလည်း ဒီမှာနေလို့ရပါတယ်၊ နေပါ၊ နှင်းဆီဥယျာဉ်ထဲ လျှောက်ကြည့်ချင်လည်းကြည့်ပေါ့၊ အိမ်မှာ ဘယ်သူမှမရှိဘူးလားအစ်မ"

ချစ်သက်လူက လေးလေးစားစားနှင့်ပြောလျှင် ငယ်နုချင်သည့်မေမြတ်ဆွေမှာ ရှုံ့မဲ့စွာနှင့်. . .





"အစ်မ. . အစ်မနဲ့ ယူက တို့ထက်ငယ်လို့လား၊ တို့အသက် သုံးဆယ်မပြည့်သေးဘူး၊ ရှေ့လကျမှပြည့်မှာ"

"ဒါဆို မကြီးကငယ်တာပေါ့၊ ကျွန်တော့်မကြီးက (၂၈)နှစ်ပြည့်ပြီးကာစပဲရှိသေးတယ်"

ဘုန်းခန့်လူလူဝင်ပြောသော် မေမြတ်ဆွေ မကျေမနပ်ဖြစ်သွားရ၏။ ဟင်း. . မယုံနိုင်ပါဘူး။ လျှော့ပြောရင်ပြောမှာ။ ရုပ်ကြီးကဖြင့် ရင့်ထော်နေတာပဲ။

ကြည့်ပါလား. . ဝတ်စားထားပုံက။ လုံချည်အပွင့်ကြီးနဲ့။ အကျႌကလည်း ပုံရိုး။ ပါးစပ်ကတော့ မေမြတ်ဆွေထုတ်မပြောတော့ပါ။

"ဩော်. . ဒါဆိုလည်း ဆောရီးနော်၊ အစ်မမဟုတ်တော့ဘူး၊ ရွယ်တူတွေပေါ့၊ ကဲပါ. . အသက်ကအရေးမကြီးပါဘူး၊ ယူတို့အဖွဲ့နဲ့ခင်ဖို့က အဓိကပါ၊ သိတဲ့အတိုင်း ကိုကိုကအရင်းအလုပ်များနေတယ်မဟုတ်လား၊ တို့ကို လောလောဆယ်ဂရုမစိုက်နိုင်ဘူးဖြစ်နေတယ်၊ တို့ပျင်းရင် လာလည်မယ်နော်၊ ပန်းတွေလည်း ခူးရင်းပေါ့"

"ပိုက်ဆံပေးရင်ရပါတယ်၊ ဒီခြံက အလကားလျှောက်ပေးနေတဲ့ပန်းခြံမဟုတ်ဘူးလေ၊ မနက်ကတောင် ဘယ်လောက်ဖိုးရှိမယ်မသိဘူး၊ ဖေဖေကလည်း ပေးမှပေးရဲ့လားပဲ"

သဒ္ဓါကြည်ဖြူဝင်ပြောလိုက်လျှင် ဘုန်းခန့်လူလူတို့မောင်နှမမှာ အားနာလို့မဆုံး။

"ဟာ. . ကြည်ဖြူကလည်း. . ရပါတယ်၊ ဒီလောက်နဲ့ တို့လည်းမွဲမသွားပါဘူး၊ ကြည်ဖြူ့ဧည့်သည်ဟာ ကိုယ်တို့ဧည့်သည်ပေါ့"

"ဘယ်ဟုတ်မလဲလူလူရဲ့၊ နေ့တိုင်းဆို ဘယ်ကောင်းမလဲ၊ အားနာစရာတွေဖြစ်ကုန်မယ်၊ သူက တော်တော်နဲ့ပြန်မယ့်ပုံမပေါ်ဘူးနော်"

မေမြတ်ဆွေကိုရှေ့ထားပြီး ကြည်ဖြူပြောပစ်လိုက်တာအမြင်ကိုလည်းကပ်လို့ပါ။ အရွယ်နဲ့မမျှ (၁၆)နှစ်သမီးလေးလိုဝတ်စားနေထိုင်ပြီး ဖေဖေ့ကိုမရမချင်း အိမ်ပေါ်ကမဆင်းမည့်ဧည့်သည်ကို သူမခေါင်းပေါ်တင်မထားနိုင်။

ထိုအခါ မေမြတ်ဆွေကလည်း ငုံ့ခံမည့်အစားမဟုတ်ပါချေ။ တဟင်းဟင်းရယ်သွမ်းသွေးရင်း. . .





"ဟုတ်တယ်. . ဟုတ်တယ်. . ကြည်ဖြူပြောတာမှန်တယ်၊ ကိုယ်က တော်တော်နဲ့မပြန်သေးဘူးလေ၊ ကြည်ဖြူတို့ဖေဖေကအပြီးတောင်နေစေချင်တာ၊ တို့မှာ မန္တလေးမှာလည်း မိသားစုကရှိနေသေးတော့ ပြန်တော့ပြန်ရဦးမှာပေါ့လေ၊ နှင်းဆီပန်းကိစ္စကတော့ လွယ်ပါတယ်၊ ဒီဘက်ခြံကခူးရတာ အားနာပါတယ်၊ အလကားရတဲ့ ဟိုဘက်ခြံကပဲခူးလိုက်တော့မယ်"

"အင်. . "

ကြည်ဖြူမှာ ကိုယ့်အတတ်နှင့်ကိုယ်ဆိုသလို သူမ၏တက်သစ်စ နှင်းဆီဥယျာဉ်လေးမှခူးမည်ဆိုလို့ တော်တော်ပင်စိတ်ဆင်းရဲသွားမိ၏။

"ကဲပါ. . ဘာမဟုတ်တာလေးနဲ့ စကားပြောနေရတယ်၊ ဒီဘက်ခြံမှာပဲခူးပါ၊ ကျွန်တော်တို့ခြံကကိစ္စမရှိဘူး၊ ကြည်ဖြူ့ခြံလေးကတော့ ခုမှစိုက်ကာစဆိုတော့ သိပ်ခူးလို့မဖြစ်ဘူးလေ"

ငြင်းရခုန်ရတာ၊ စကားပြောရတာတွေ ငြီးငွေ့လာသဖြင့် ကြည်ဖြူ ထမင်းစားနေတာကိုလက်စသတ်လိုက်သည်။

သွားပြီ။ မေမြတ်ဆွေရောက်လာသဖြင့် လောကကြီးကဘယ်လိုမှသာယာမည်လည်းမဟုတ်တော့ပါ။

"ကဲ. . . မမတို့မောင်နှမကို ကျေးဇူးတင်ပါတယ်နော်၊ ကြည်ဖြူသွားစရာရှိသေးလို့ ပြန်လိုက်ပါဦးမယ်၊ ကိုယ့်အလုပ်ရှိတာသာ ကိုယ်ဆက်လုပ်ကြပေတော့"

ကြည်ဖြူ သည်ဘက်ခြံသို့ပြန်လာခဲ့လျှင် မေမြတ်ဆွေလည်း ပြန်လိုက်လာသည်။ သူမတို့အဖြစ်က မတည့်အတူနေလို့ခေါ်ရမလား။ တစောင်းစေးနဲ့မျက်ချေးလို့ပဲ ပြောရမလားမသိ။

ကြည်ဖြူ ကားတစ်စီးနှင့် သူငယ်ချင်းထံသို့ထွက်ခဲ့ချိန်တွင် မေမြတ်ဆွေကလည်း ဖုန်းတစ်လုံးနှင့်ဆက်သွယ်ချိန်းဆိုပြီး အပြင်ထွက်ဖို့ပြင်ဆင်နေလေသည်။



## အခန်း(၁၄)

ညနေ မေမြတ်ဆွေပြန်လာသည့်အခါ ကျော်မြတ်ယျာပါ အထုပ်အပိုးတွေနှင့်ပါလာခဲ့လေသည်။

အစက ဘယ်လိုအကြံအစည်နှင့် ဘယ်လိုအချိုးချိုးမည်မသိရသည့်မေမြတ်ဆွေသည် ယခုကျ စစ်ကူအဖြစ် သူမ၏ပဥ္စမံတပ်သားကိုခေါ်ထုတ်လာချေပြီ။

ဦးကြည်ဖြူအောင်မှာ ကိုယ်က မေမြတ်ဆွေနှင့်အပီအပြင်တွဲခဲ့သည့်အပြင် သူမတို့အိမ်မှာလည်းတည်းခဲ့၊ စားခဲ့ဖူးသည်မို့ကင်းကင်းပြတ်ပြတ်ပြောလို့၊ လုပ်လို့မရပါချေ။

ကိုယ်က သမီးရှင်မို့ လူလည်ကြောင်ပါးကျော်မြတ်ယျာကို လက်မခံချင်ပေမယ့် အခြေအနေအရ လက်ခံရပါသည်။

သမီးလည်း ကလေးမှမဟုတ်တာလေ။ ကိုယ့်အန္တရာယ်ကိုယ်ကြည့်ရှောင်တတ်မှာပါ။

ဧည့်ခန်းထဲမှလှမ်းကြည့်ပြီး ဦးကြည်ဖြူအောင်ရင်တွေပူနေမိဆဲ မေမြတ်ဆွေကတော့ ဒေါင်းမှလေးနှယ် ကားပေါ်မှ ကော့ကော့ကျော့ကျော့နှင့်ဆင်းလာခဲ့လေသည်။

"ဟော. . ကိုကိုတောင်ပြန်ရောက်နေပြီလား၊ ဆောရီးကိုရေ. . ဒီမှာ မောင်ကျော်က သူ ဟိုတယ်မှာမနေချင်ဘူး၊ မမနဲ့ လိုက်တည်းမယ်ဆိုလို့ စောင့်ခေါ်နေရတာ"

ကျော်မြတ်ယျာမှာ ခပ်တည်တည်နှင့်ပင် ဦးကြည်ဖြူအောင် ရှေ့ဆိုဖာမှာဝင်ထိုင်လိုက်သည်။

ခမ်းနားသည့်ဧည့်ခန်းအလယ်မှာ သူထိုင်လိုက်ပုံက ပိုင်စိုးပိုင်နင်းနှင့်။ ကိုယ့်အိမ်ကိုယ်နေသည့်နှယ်။

"အဲဒါ ပိုမကောင်းဘူးလားမမရဲ့၊ လူဆိုတာ တစ်ယောက်တည်းနေတော့ သေလူ၊ နှစ်ယောက်နေမှ ရှင်လူတဲ့၊ မမကို ဒီလို





တစ်ယောက်တည်းပစ်ထားရတာ စိတ်မဖြောင့်ပါဘူးဗျာ၊ ကျွန်တော်တို့မှာ မောင်နှမနှစ်ယောက်တည်းရှိတာ၊ ခါတိုင်းက ရန်ကုန်ဆင်းရင် ဟိုတယ်တွေမှာတည်းတာပါ၊ ခုတော့ မမပါလို့ စိတ်မချဘူး၊ ဒီမှာပဲ စည်းစည်းလုံးလုံးနေကြမယ်၊ မကောင်းဘူးလား"

"ကောင်းပါတယ်ကွာ၊ ဒီမှာပဲတည်းကြပေါ့၊ ဒီရက်ပိုင်းအတွင်း ငါလည်းအရမ်းအလုပ်ရှုပ်နေတာမို့ မေသွားချင်တာ၊ ဝယ်ချင်တာလေးတွေရှိရင် မင်းလိုက်ပို့နိုင်တာပေါ့"

ဦးကြည်ဖြူအောင်က စကားနှင့်နှိပ်ကွပ်ထားလျှင် ကျော်မြတ်ယျာကလည်း မခေပါချေ။

"ဟုတ်တာပေါ့အစ်ကို၊ ကျွန်တော်ပဲ မမကိုလိုက်ပို့လိုက်မှာပေါ့၊ အစ်ကိုအလုပ်အရမ်းရှုပ်နေတာ ဘယ်နှောင့်ယှက်လို့ဖြစ်မလဲဗျာ၊ ကျွန်တော်တို့အလိုက်သိရမှာပေါ့၊ ဒါပေမယ့် ဆယ်ရက်လောက်တော့နေဦးမယ်နော်၊ ဒီမှာ ကိစ္စလေးတွေပါလာလို့ပါ"

"ဟာ. . နေပါ. . နေပါ၊ အစ်ကိုကိုယ်တိုင် လျှောက်မပို့နိုင်တာတောင် စိတ်မကောင်းဘူး၊ ကိုယ့်အိမ်လိုပဲသဘောထားပြီးနေကြပါ၊ စားချင်တာရှိရင်လည်း ဒေါ်ကြူကိုချက်ခိုင်းပါ၊ ကဲ. . သမီးက ကျော်မြတ်ယျာကို အခန်းပြလိုက်ပါဦး"

အနားမှာ တစ်ချိန်လုံး အလိုမကျစွာကြည့်နေ၊ထိုင်နေသည့် ကြည်ဖြူဘက်သို့ ဖေဖေလှမ်းပြောလိုက်လျှင် သူမ မနေသာပေ။

ရှေ့မှလျှောက်သွားရင်း ကျော်မြတ်ယျာအတွက်ပေးဖို့ အခန်းကို ကြည်ဖြူစဉ်းစားရွေးချယ်ရ၏။

သူ့ကို အောက်ထပ်မှာပဲထားမယ်။ အခန်းတွေအများကြီး အပေါ်မှာရှိပေမယ့် ကျော်မြတ်ယျာနှင့်အတူမနေလိုပါ။

မြွေပွေးလိုကောက်ကျစ်ပြီး ဆင်လိုညာဏ်များမယ့်ရုပ်ကြီး။ မောင်နှမနှစ်ယောက်ပေါင်းပြီး ဘာတွေဘယ်လိုကြံစည်ဦးမည် မသိ။

ဒေဝဒတ်နှင့် စိဥ္စမာကာလို ယုတ်မာကောက်ကျစ်မယ့် လူတွေ။ အောက်ထပ်ရှိအခန်းကျယ်တစ်ခုရှေ့မှာ မတ်တပ်ရပ် လိုက်ပြီး ကျော်မြတ်ယျာကို သူမလှည့်ကြည့်လျှင်. . .

"အို:. ."

သူက နီးကပ်စွာရပ်နေသည့်အပြင် သူမကိုလည်း မထီ တထီအပြုံးနှင့် မြူမြူဆွယ်ဆွယ်ကြည့်နေသေး၏။ မုန်းလိုက်တာ။ မောင်နှမနှစ်ယောက်စလုံးကို လုံးဝမေတ္တာမရှိဘူး။





"အဲဒီအခန်းပဲ ရှင်နေရမှာ"

"အခန်းကိုမပြတော့ဘူးလား၊ ဆက်ဆံရေးကလည်း ကျဲပ့၊ ဒါပေ့ါလေ. . ကိုကိုတက်အောင်ချမ်းသာတဲ့သူဌေးသားအဖပဲ"

"ဘာမှမဆိုင်ဘူး၊ အခန်းပဲ၊ အခန်းပေ့ါ၊ ဘာပြစရာလိုမလဲ ရှင့်၊ အဲဒီမှာဝင်သွားလိုက်၊ အထဲမှာ မိုင်းဗုံးတပ်မထားဘူး၊ နေ စမ်းပါဦး. . ဆက်ဆံရေးကျဲတယ်ပြောရအောင် ရှင်တို့မောင်နှမ ကို ဖေဖေက ဘာတွေညွှ့ဝတ်မကျေလို့လဲ၊ ကြိုက်သလိုနေ၊ ကြိုက်သလိုစားခွင့်ပြုတဲ့အပြင် ကားလည်း ပေးသုံးထားတယ် လေ၊ ရှင်စကားပြောတာ ကြည့်ပြောပါ"

ကြည်ဖြူ မကျေမနပ်ဖြစ်နေတာတွေ့လျှင် ကျော်မြတ်ယျာ ပခုံးတွန့်လိုက်၏။ ရေရှည်တိုက်ပွဲတွေရှိသေးသဖြင့် ချက်ချင်း ပြဿနာမဖြစ်ရအောင် သူ စကားလျှော့လိုက်သည်။

"ဆောရီးပါဗျာ၊ ကိုယ်က ကြည်ဖြူကို ကိုယ့်ညီမလေးလို ချစ်လို့စတာပါ၊ ကဲ. . သွား. . သွား. . ကျေးဇူးတင်ပါသတဲ့ဗျာ"

သည်တော့မှ ကြည်ဖြူ သူ့ရှေ့မှ ခွာကနဲလှည့်ထွက်ခဲ့

လေသည်။ ဒင်း. . အိမ်ထဲတော့ ကျားဆိုးနှစ်ကောင်ဝင်နေပြီ။ ငါတို့သားအဖ သတိနဲ့နေမှဖြစ်တော့မယ်။



## အခန်း(၁၅)

ဦးကြည်ဖြူအောင် ကိုယ့်အခန်းထဲမှာ ပြတင်းပေါက်နားတွင်ရပ်ပြီး ချစ်သက်လူတို့၏နှင်းဆီလေးကို စီးကြည့်နေမိသည်။

လှပသည့်ရောင်စုံနှင်းဆီပွင့်များက လရောင်အောက်တွင် လှပမွှေးပျံ့လျက်။ တစ်ခါတစ်ခါတိုက်ခတ်လာသည့်လေပြည်ထဲမှာ နှင်းဆီရနံ့တို့စီးမျောသင်းပျံ့လို့ပင်နေလေသည်။

ကိုယ့်အခန်းကိုယ် အထဲမှသော့ချထားရသည့်အဖြစ်။ မေမြတ်ဆွေကဟာ အင်မတန်ရဲတင်းသည့်မိန်းမ။ ဘီလူးမလိုအစား။ သူလိုချင်လျှင် ရအောင်ယူဖို့ဝန်မလေး။ ကိုယ်က စည်း

စောင့်ပြီးရှောင်နေပေမယ့် သူက နည်းမျိုးစုံနှင့်ပွဲသိမ်းဖို့တတ်နိုင်သူဖြစ်သည်။

ကိုယ့်အခန်းထဲကိုယ်တောင် သော့ချနေရတာဟာ ချစ်သက်လူကိုတွေ့ရှိသွားလို့လည်းဖြစ်ပေမည်။ ကမ္ဘာဦးသူတို့ နေနဲ့လကိုတွေ့ဖူးသွားသလို ဦးကြည်ဖြူအောင် ချစ်သက်လူကိုတွေ့ရှိခဲ့သည်။

နေလိုလလို လှပထူးခြားတန်ဖိုးရှိသည့်မိန်းကလေးပါပဲ။ ဣန္ဒြေရှင်လေးဖြစ်သည့်အပြင် အဆင်းရောအချင်းပါပြည့်စုံသည့်ဒီမိန်းကလေးကို သူပိုင်ဆိုင်ခွင့်ရချင်သည်။

သို့သော် မေမြတ်ဆွေက နောက်ဆုတ်မည်မဟုတ်။ မေမြတ်ဆွေက သူ့ရဲ့တရားဝင်ချစ်သူ၊ လက်ထပ်မယ်လို့တောင်နှုတ်ကတိပြုခဲ့ဖူးသူ။

ကိုယ်ကယောကျ်ားမို့ လုပ်ချင်တာလုပ်ပစ်လိုက်လို့ရပေမယ့် ပွဲကမသေမသပ်ဖြစ်သွားနိုင်သည်။ ပြီး ကျော်မြတ်ယျာက ရှိသေးသည်။

သူ့အစ်မကိုအင်မတန်ချစ်ပြီး အစ်မအတွက်ဆို လူသတ်ဖို့ပင်ဝန်မလေးသည့်သူ။ သက်ပြင်းကိုအထပ်ထပ်ချရင်း အခန်း



အောင်းနေမိစဉ် ညနေက ထမင်းပွဲမှာ ကျော်မြတ်ယျာပြောသနာရှာတာကို ဦးကြည်ဖြူအောင်သွားသတိရမိသည်။

ဒီကောင် တကယ့်ကိုမလွယ်။

ညစာထမင်းစားနေကြစဉ်တစ်လျှောက်လုံး သူတို့သားအဖကတော့ အလိုက်သင့်စကားပြောကာ ထမင်းစားနေကြပေမယ့် ကျော်မြတ်ယျာတို့မောင်နှမကတော့ ချက်ချင်းပင်ဆက်ဆံရေးအေးစက်သွားတာကို မကျေနပ်ကြသူတွေပီပီ ကျော်မြတ်ယျာက. .

"အင်း. . လောကကြီးထဲမှာ ကြောက်စရာအကောင်းဆုံးဟာ ဘာလဲသိလားမမ"

ဇွန်းနှင့်ခက်ရင်းကို ပန်းကန်ပေါ် ချထားပြီး မောင်နှမနှစ်ယောက် အတိုင်အဖောက်တွေစလေသည်။

"ဟင့်အင်း. . ဘယ်သိမလဲ၊ ပြောပါဦးမဟာပညာရှိကြီးရယ်"

"လောကမှာ ကြောက်စရာအကောင်းဆုံးဟာ စိတ်လေဗျာ၊ စိတ်. . စိတ်၊ ဒါကြောင့် တရားဟောဆရာတွေကပြောတာ၊ စိတ်တစ်ခု ရုပ်ကိုးဆယ်လို့၊ လူ့စိတ်ဆိုတာ မျောက်စိတ်ပဲဗျ၊

ခု ဒီအပင်မှာကျက်စားပေမယ့် တော်ကြာ ဟိုအပင်ကိုကူးချင်ကူးတာ"

"အပင်တွေကတော့ ဘာအရေးလဲကျော်ရယ်၊ လူသားတွေကတော့ ဘယ်သည်းခံနိုင်မလဲ၊ လောကမှာ သစ္စာတရားဆိုတာလည်း အရေးပါသေးတာပဲမဟုတ်လား၊ လူ့ဂုဏ်သိက္ခာတို့၊ လူ့ကိုယ်ကျင့်တရားတို့ဆိုတာရော ရှိသင့်သေးတယ်မဟုတ်လား"

"ဒါပေါ့. . ရှိရမှာပေါ့"

ပြောပြီး မောင်နှမနှစ်ယောက် ထမင်းကို ရယ်ရယ်မောမောပင် ဆက်စားကြပြန်သည်။ ဦးကြည်ဖြူအောင် ထမင်းဆက်စားလို့မရတော့။

ဟင်း. . သူတို့ကပဲပြောရတယ်ရှိသေး။ ခုနေ သူ့ထက်သာသည့်မီလျံနာ၊ ဘီလျံနာတွေကသာ သူ့ကိုလက်ထပ်မည်ပြောကြည့်ပါလား။ ကြည်ဖြူအောင်ဆိုတာ လုံးဝလှည့်မကြည့်ဘဲကောက်ကောက်ပါသွားလိုက်မယ့်ဖြစ်ခြင်း။

ကျော်မြတ်ယျာက ပြောင်ပင် တိုက်ပွဲထပ်စင်လာသည်။

"အစ်ကိုကြီး. . မမကို ဘယ်နေ့လက်ထပ်မှာလဲ၊ အစ်ကိုကြီးကတိပေးထားတာ ဒီလထဲနော်၊ ကျွန်တော်တို့မောင်နှမလည်း



မင်္ဂလာကိစ္စအတွက် ကြိုတင်စီစဉ်ရအောင် ဆင်းလာကြတာမဟုတ်လား"

"ဟုတ်ပါတယ်ကွာ၊ အစ်ကိုအလုပ်တွေများနေလို့ ဒီလတော့နေပါဦး၊ ရှေ့လကျမှ လက်ထပ်ဖို့စီစဉ်ပါ့မယ်"

"ဒီလက ဘာဖြစ်လို့လဲ၊ လက်ထပ်တာပဲ၊ ဘာတွေခဲယဉ်းနေလို့လဲ"

"အို. . ကျော်ကလည်း. . ကိုကိုက တကယ်အလုပ်များလို့နေမှာပါ၊ သူ နိုင်ငံခြားသွားဖို့ရှိသေးတယ်လေ၊ ဟုတ်လားကိုကို"

"အင်း. . ဟုတ်တယ်"

"မမ. . ခင်ဗျား အဲလိုသာအလျှော့ပေးနေ၊ တော်ကြာကျန်ခဲ့လိမ့်မယ်၊ ခင်ဗျားတို့တွဲလာတာ ဘယ်လောက်တောင်ကြာပြီလဲ၊ မန္တလေးတစ်မြို့လုံး ခြေရာတွေထပ်နေပြီ"

"ကဲပါကွာ. . ငါတောင်းပန်ပါတယ်၊ ဒါတွေဖြစ်လာမှာပါ၊ ကဲ. . ကဲ. . ထမင်းဆက်စားကြပါနော်"

အားလုံး ငြိမ်သက်စွာပင် ထမင်းဆက်စားနေကြပေမယ့် ဘယ်သူမှစိတ်မပါကြတော့ပေ။ အင်း. . ဆုပ်လည်းစူး၊ စားလည်းရူးဆိုတာ ဒါမျိုးနေမှာပဲ။

ကိုယ့်နှလုံးသားကရော. . ပုတ်သင်ညိုလိုအရောင်ပြောင်းတတ်တဲ့နှလုံးသားလား။ ဦးကြည်ဖြူအောင် ခေါင်းခါမိသည်။

သူ့နှလုံးသားဟာ အရောင်ခဏခဏပြောင်းတတ်သည့်အပေါ်စားပုတ်သင်ညိုလိုတော့မဟုတ်ရပါ။

မေမြတ်ဆွေ၏အပြုအစု၊ အညှုအခွဲပိုမှုကြောင့် သာယာမိသည့်နှလုံးသားဟာ ယခုကျတော့မှ သူတကယ်အစစ်အမှန်၊ မြတ်နိုးတွယ်တာတန်ဖိုးထားရမည့် မိန်းကလေးကိုတွေ့ရခြင်းသာဖြစ်ပါသည်။

ကိုယ်က ခြေလွန်လက်လွန်မဖြစ်ရပေမယ့် နှုတ်လွန်၊ စကားလွန်တော့ရှိခဲ့ပေပြီ။

ထမင်းစားပြီးကြသည့်အခါ ခေါင်းကိုက်လို့ဆိုပြီး ဦးကြည်ဖြူအောင် ကိုယ့်အခန်းသို့တက်လာမိသည်။ သမီးလည်း ဘယ်လိုနေမည်မသိ။ သို့သော် ကျားစေဦးလဲကျော်မြတ်ယျာကိုတော့ သမီးလည်း ကောင်းကောင်းရှောင်တတ်ပေလိမ့်မည်။

ထိုစဉ် အခန်းတံခါးခေါက်သံကြားရသဖြင့် ဦးကြည်ဖြူအောင်တုန်လှုပ်သွားမိ၏။ ငြိမ်နေလို့လည်းမသင့်တော်ပေ။





ဘာပဲဖြစ်ဖြစ် ညအချိန်မတော်ကြီးမို့ တံခါးဖွင့်မပေးချင်တာလည်းအမှန်။

“ဒေါက်. . ဒေါက်. . ဒေါက်”

တံခါးကိုဖွင့်မပေးမချင်း အဆက်မပြတ်ခေါက်နေသည်ကြောင့် ရမ်းကားလှသည့်သူကို မျက်နှာချင်းဆိုင်ဖို့ ဦးကြည်ဖြူအောင် တံခါးဖွင့်ပေးလိုက်ရသည်။

“မေ. . ”

ထင်သားပဲ။ သူမမှအပ မည်သူရှိရဦးမှာတဲ့လဲ။ ညအိပ်ဝတ်စုံကလည်း တစ်ထပ်တည်း။ ပါးပါးလေးမို့ အနက်ရောင်ညဝတ်အင်္ကျီအောက်မှ ရှိုက်ကြီးဖိုငယ်အသွယ်သွယ်က အတိုင်းသား။ အသားဖြူဝင်းသူမို့ ညမီးရောင်အောက်မှာ မေမြတ်ဆွေ၏အသွင်က စွဲမက်ဖွယ်။

သို့သော် သူ့နှလုံးသားက ချစ်သက်လူထံမှာမို့ မေ့ကိုသူရင်မခုန်တော့ပါ။

“ဘာလဲမေ. . ဘာဖြစ်လို့လဲ၊ အချိန်မတော်ကြီးကွာ”

တကယ်လည်း ညသန်းခေါင်တိုင်တော့မှာမို့ သူ ညည်း

တွားမိသည်။ မေက သူ့ကို ချစ်စဖွယ်မျက်စောင်းလှလှလေး ချိတ်လိုက်၏။

"ဘာဖြစ်နေတာလဲကိုကို၊ မေ့ကိုများ သရဲသဘက်ကျနေတာပဲ၊ ကိုကိုနော်. . လေစိမ်းတွေတိုက်နေလိုက်တာ၊ ကိုယ့်ချစ်သူပဲကိုကိုရယ်၊ ချစ်သူတို့ဘာဝ ထွေးထွေးပွေ့ပွေ့လေးနေချင်သေးတာပေါ့လို့၊ ဘာလဲ. . ကိုကို. . မေ့ကိုမချစ်တော့ဘူးလား၊ ကို့စိတ်တွေ အာသဝေါကုန်ခမ်းသွားပြီလား. . ပြော. . "

တီတီတာတာနှင့်ချွဲနွဲ့ရင်း သူ့ရင်ခွင်ထဲသို့ မေမြတ်ဆွေတိုးဝင်လာလျှင် ဦးကြည်ဖြူအောင် တွန်းမဖယ်သာ။

ချစ်သူအရင်းခေါက်ခေါက်ကြီးမို့ အလိုက်အထိုက်တော့ပြန်ဖက်ရပေမည်။ သက်ပြင်းတစ်ခုကိုကြိတ်ချလိုက်ပြီး ဦးကြည်ဖြူအောင် မေ့ကိုအလိုက်သင့်ပြန်ဖက်လိုက်ရ၏။

မေမြတ်ဆွေက မျက်နှာလေးကိုမော့ပေးလိုက်သည်။ ဦးကြည်ဖြူအောင် စိတ်မပါပေမယ့် သူမ၏နဖူးလေးကို ငုံ့နမ်းရပြန်သည်။ ဒီလိုနဲ့ လုံးပါးပါးရတော့မယ်ထင်တယ်။

ကြဲစမ်း။ ကြဲစမ်း။ ရှဥ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာတဲ့အကြံတွေ ထွက်စမ်းပါ။





လောလောဆယ်တော့ ဦးကြည်ဖြူအောင် ဘာအကြံအစည်မှမထွက်။ ကိုယ်ကယောက်ျားမို့ "အိုး. . ဟင့်အင်း"၊ "သူသိပ်ကဲတာပဲ"ဆိုတာတွေနှင့် ငြင်းပယ်လို့မရ။

"အား. . အီး"

ယောက်ျားမို့ အတွေ့ကိုမရှောင်ချင်ပေမယ့် ကျော်မြတ်ယျာပါ အိမ်ပေါ်မှာရောက်နေသည်မို့ သူတို့မောင်နှမပစ်ခွင်းမည့်ကျော့ကွင်းမှာ ဦးကြည်ဖြူအောင် အမိမခံနိုင်ပါ။

"ဘာ. . ဘာဖြစ်လို့လဲကိုကို"

"အောင့်တယ်၊ အရမ်းအောင့်တယ်မေ၊ ကိုကို့မှာ ရင်ဘတ်ထဲအောင့်အောင့်နေတာ တစ်လလောက်ရှိပြီ၊ မေစိုးရိမ်မှာစိုးလို့သာမပြောသေးတာ"

နမ်းခွင့်မရလိုက်သဖြင့် မကျေမနပ်ဖြစ်သွားသည့်မေ့ကိုစည့်ခန်းထဲသို့ ဦးကြည်ဖြူအောင် ဦးဆောင်ခေါ်ခဲ့သည်။ စိတ်ကသိကအောက်ဖြစ်ရသည်မို့ တကယ်လည်း သူ့မှာချွေးစို့နေရပါသည်။

"ဆရာဝန်မပြဘူးလားကိုကိုရဲ့၊ ခုခေတ်ဆေးပညာတွေက အံ့မခန်းတိုးတက်နေတာ၊ မပေါ့ပါနဲ့ကိုရယ်၊ မနက်ဖြန်ကျရင် နာမည်ကြီးဆေးခန်းတစ်ခုခုမှာ ပြကြည့်ရအောင်နော်၊ ကိုယ့်မှာ ဘာရောဂါရှိသလဲဆိုတာသိရမှ ကုရမှာပေါ့ကိုရဲ့"

"အင်းပါမေရယ်၊ ပြလိုက်ပါ့မယ်၊ ကဲ. . မေ ဘာစားဦးမလဲ၊ ကိုကိုစီစဉ်ပေးမယ်လေ"

"နေပါစေတော့ကိုရယ်၊ ကဲ. . မေလည်းအိပ်တော့မယ်၊ မနက်မှတွေ့ကြတာပေါ့"

သူ့ကိုနှုတ်ဆက်ပြီး မေမြတ်ဆွေလက်လျှော့သွားတော့မှ ဦးကြည်ဖြူအောင် သက်ပြင်းချရသည်။ သူ အိပ်ယာသို့ပြန်ဝင်လာပြီး မှတ်မှတ်ရရပင် ချစ်သက်လူတို့ခြံဘက်ငုံ့ကြည့်ဖြစ်၏။

နှင်းဆီပွင့်ရောင်စုံတွေကြားမှာ အိမ်ကလေးကတိတ်ဆိတ်ငြိမ်သက်လျက်။ အေးချမ်းနူးညံ့လိုက်တဲ့မိန်းကလေးရယ်။ မင်းဘဝကတော့ ဖြောင့်ဖြူးသာယာလှပါတယ်။

ကိုယ့်မှာသာ မင်းကို အရူးအမူးချစ်မိသွားတဲ့စိတ်နဲ့၊ အိမ်





ပေါ်ကမောင်နှမကိုရှောင်ကွင်းချင်တဲ့စိတ်ကြောင့် ပူပင်သောကတွေခံစားနေရပါတယ်ကွယ်။

## အခန်း(၁၆)

"ဒေါက်. . ဒေါက်"

"ဘယ်သူလဲ"

"မ. . ပါ"

ကျော်မြတ်ယျာ တံခါးဖွင့်ပေးလိုက်လျှင် ညအိပ်ဝတ်စုံ အနက်နှင့် လှချင်တိုင်းလှနေသည့်မေမြတ်ဆွေကိုတွေ့လိုက်ရသည်။

"လှလိုက်တာဗျာ၊ မောင်တော့ မကို စိတ်မချတော့ဘူးဗျာ"

မေမြတ်ဆွေကို အငမ်းမရပွေ့ဖက်လိုက်လျှင် မေမြတ်ဆွေက မမေ့မလျော့ပင် အခန်းတံခါးကိုလော့ချလိုက်သည်။





ပြီးမှ ကျော်မြတ်ယျာခေါ်ဆောင်သွားရာကုတင်ပေါ်သို့ အလိုက်သင့်ရောက်သွား၏။

ကျော်မြတ်ယျာ၏အချစ်တွေက ကြမ်းကြမ်းတမ်းတမ်း။ လူငယ်ပီပီ မြတ်နိုးစွဲလမ်းမှုက အရူးအမူး။ မမဆွေက သမီးရင်း၊ သူကမွေးစားသားမို့ တိတ်တခိုးစွဲလမ်းခဲ့ရသည့်မမဟာ သူ့အတွက်တော့ ငယ်ဘဝထဲကအိပ်မက်နတ်သမီးပါပဲ။

ယခုမှ မမ သူ့ကိုချစ်တုံ့ပြန်ခဲ့တာ ဘာကြောင့်လို့လဲ။ ရှေးလူကြီးတွေပြောခဲ့သလို ထိပေါက်ပြီးထိလက်မှတ်ပျောက်တယ်ဆိုတာ သူပင်ဖြစ်မည်။

ကိုယ့်အသက်လောက်မြတ်နိုးရသည့် အိပ်မက်နတ်သမီးက ယခုတော့ ဦးကြည်ဖြူအောင်နှင့်လက်ထပ်တော့မည်။

သူခိုးရှိရာ ဥစ္စာထုပ်နဲ့လာဆိုသလို ကိုယ့်ချစ်သူကို သူများနဲ့လက်ထပ်ဖို့ လာပို့ရသည့်အဖြစ်ဟာ ကမ္ဘာပေါ်မှာ အဆိုးဆုံးဖြစ်မည်။

သူက မေမြတ်ဆွေကို မျက်နှာလှလှလေးအား တရှိုက်မက်မက်နမ်းဖို့အားယူနေစဉ် မေမြတ်ဆွေက သူ့ကိုတွန်းဖယ်ပြီး ကုလားထိုင်မှာသွားထိုင်သည်။

ကျော်မြတ်ယျာ အလွန်ဝမ်းနည်းအားငယ်သွားရသည်။ သူက မေမြတ်ဆွေကို အရိပ်တကြည့်ကြည့်နှင့် ပိုင်စိုးပိုင်နင်း ချစ်လိုသည်မဟုတ်ပါလား။

"ဘယ်လိုဖြစ်ရတာလဲ မ,ရယ်"

"အရေးကြီးတာတွေပြောရဦးမယ်ကျော်ရဲ့၊ အခု ဦးကြည်ဖြူအောင်က မမကိုလက်ထပ်ချင်ပုံမပေါ်တော့ဘူးသိလား၊ မမ ဘယ်လောက်အခံရခက်တယ်မှတ်နေသလဲ"

"ဒါဆိုလည်းမ,ရယ်. . တပ်ခေါက်ပြန်ကြရုံပေ့ါ၊ မောင်က လည်း မမ သိပ်ပြီးစိတ်ထက်သန်နေလို့သာ မပြောတာ၊ ကိုယ့် ချစ်သူကို ကိုယ်ပဲစင်းလုံးချောပိုင်ဆိုင်ချင်တာပေါ့နော်"

"အရေးထဲကွာ၊ မမ ကျော့်ကိုရှင်းပြဖူးသားပဲ၊ မမနဲ့ကျော်က မောင်နှမအရင်းမဟုတ်ပေမယ့် မောင်နှမအရင်းလိုပဲ အများက သိကြတာ၊ ဖေဖေနဲ့မေမေကလည်း လုံးဝသဘောတူမှာမဟုတ် ဘူး၊ ဒီကြားထဲက ရှေ့ဆက်တိုးရင် လူကြီးတွေလည်းအရှက်ရ မယ်၊ အမွေလည်းအဖြတ်ခံရမယ်၊ ချစ်ခြင်းမှာ ပျိုတယ်၊အိုတယ် ဆိုတာရှိသလားကျော်ရဲ့၊ အခုဆိုရင်ပဲ သူနဲ့ကဘာမှမဖြစ်ရသေး ဘူး၊ ကျော်နဲ့က ဖြစ်ပြီးနေပြီ၊ ကဲ. ."





"မေ့သဘောကတော့ မောင်ရယ်၊ ဦးကြည်ဖြူအောင်နဲ့ လက်ထပ်ခြင်းဟာ သူ့စည်းစိမ်တွေရဖို့ပါ၊ အဲဒီတော့ သူနဲ့မရ ရအောင်လက်ထပ်ရမယ်၊ ပြီးမှ တနည်းနည်းနဲ့ပြန်ကွဲပြီး မောင် နဲ့ တိတ်တဆိတ်လက်ထပ်ကြမယ်လေ၊ ဒါမှမဟုတ် ကိုယ့်မှာ ဥစ္စာပစ္စည်းရှိသွားပြီမို့ တစ်နေရာရာမှာသွားပြီး ဇာတ်မြှုပ်နေရင် လည်းရတာပဲ"

"မေ့စကားတွေက စိတ်ကူးယဉ်ဆန်လှပါတယ်လေ၊ ကဲ. တကယ်လို့ ဦးကြည်ဖြူအောင်က မေ့ကိုကွာမပေးရင် ဘယ့်နှယ့် လုပ်မလဲ၊ ဒီကကောင်ပဲအသည်းကွဲရမှာ၊ ဒီတော့ သူကလည်း မေ့ကိုလက်မထပ်ချင်တော့တဲ့အတူတူ အခြားနည်းကိုပဲစဉ်းစား ကြရအောင်"

"အခြားနည်း. . ဘာကိုပြောတာလဲကျော်"

"ဩော်ဗျာ. . သူလက်မထပ်ချင်တော့ဘူးဆိုလည်း နစ်နာ ကြေးအဖြစ် ထိုက်ထိုက်တန်တန်တောင်းလိုက်ပေ့ါ"

ကျော်မြတ်ယျာပြောလျှင် မေမြတ်ဆွေ အားပါးတရရယ် ချင်စိတ်ကို မနည်းထိန်းချုပ်ရသည်။

"ဩော်. . ကျော်ရယ်. . ရိုးလိုက်တာနော်၊ ဒီကမ္ဘာပေါ်မှာ လင်မယားကွဲရင်သာ တရားရုံးတွေက နစ်နာကြေးတွေ၊ လျော်ကြေးတွေတောင်းပေးကြတာလေ၊ ချစ်သူတွေကွဲလို့သာ နစ်နာကြေးတောင်းရကြေးဆိုရင် လူရယ်စရာတွေဖြစ်ကုန်မှာပေါ့"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီလူကြီး မေ့ကိုတွဲလာတာ (၂)နှစ်လောက်ရှိပြီမဟုတ်လား၊ အနည်းဆုံး ပွေ့တာ၊ ဖက်တာ၊ နမ်းတာ၊ ရှုံ့တာလောက်တော့ရှိတာပဲ၊ ဒီတော့ နစ်နာကြေးကို ယူကိုယူရမယ်၊ တရားဝင်တောင်းလို့မရရင် တရားမဝင် ကိုယ့်နည်းကိုယ့်ဟန်နဲ့တောင်းယူရမှာပေါ့"

ကျော်မြတ်ယျာ လက်သီးဆုပ်ပြီး လေးလေးနက်နက်ပြောနေလျှင် မေမြတ်ဆွေတွေဝေနေမိ၏။ သူမ ဦးကြည်ဖြူအောင်ကိုချစ်တာလည်း ငွေကြောင့်မဟုတ်လား။ ယခု ဦးကြည်ဖြူအောင် ဖွဲဖောက်နေပါချေပြီ။

ငါးမရလည်း ရေချိုးပြန်ရမှာပေါ့။ နှစ်ရှည်လများတွဲလာပြီးမှ အကျိုးမရှိအဖြစ်မခံနိုင်။ နဂိုထဲက အကျိုးလိုလို့ညောင်ရေလောင်းခဲ့သူမို့ ယခုအခြေအနေမှာ မေမြတ်ဆွေဆတ်ဆတ်ခါအောင်နာနေမိသည်။





သူမ သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ချလိုက်လျှင် ကျော်မြတ်ယျာ ပိုပြီးမကျေမနပ်ဖြစ်မိ၏။

"စိတ်ဆင်းရဲမနေစမ်းပါနဲ့မေရာ၊ သူမယူတော့ရော ဘာဖြစ်သလဲ၊ မေလည်း သူ့ကိုမချစ်ဘူးမဟုတ်လား"

ယခုထိ သူမကိုသဘောမပေါက်နိုင်သည့်ကျော်မြတ်ယျာအား မေမြတ်ဆွေ မျက်စောင်းထိုးမိသည်။

"မမစိတ်ဆင်းရဲနေတာက ငွေကြောင့်ကွ. . သိလား၊ ငွေကြောင့်. . ၊ တကယ့်ငွေပုံကြီးပေါ်မှာထိုင်ရခါနီးမှ သူကဖွဲဖောက်တော့မယ်လေ၊ ဘယ်လောက်အသည်းနာစရာကောင်းသလဲ"

"ဒါဆို မမဘယ်လိုချင်သလဲ. . ပြော. . မ,လက်ညှိုးညွှန်ရင်မြင်းမိုရ်တောင်ကြီးတောင်ရွှေ့ပစ်လိုက်မယ်"

"ကိုယ့်စကားကိုယ်မှတ်ထားနော်၊ မကတော့ သူ့ကိုလက်မထပ်ရလည်း ဘာမှမဖြစ်ဘူး၊ ငွေတော့လိုချင်တယ်"

"အိုကေ. . မောင်သဘောပေါက်ပြီ၊ ဒါပဲမဟုတ်လား"

လက်ကိုဝိုင်းပြလိုက်ပြီးလျှင် ကျော်မြတ်ယျာ မေမြတ်ဆွေကိုပွေ့ချီပြီး ကုတင်ပေါ်သို့ပွေ့တင်လိုက်သည်။

တကယ့်ကိုယုတ်မာသည့်ကြံစည်မှုကြီးတစ်ခု မကြာမီ မွေးဖွားလာတော့မည်ဖြစ်ကြောင်း သဒ္ဓါကြည်ဖြူနှင့် ဦးကြည်ဖြူ အောင်တို့သားအဖကတော့ သိမည်မထင်ချေ။



## အခန်း(၁၇)

"ရှင်သိပ်ရက်စက်တယ်၊ ကျွန်မ ရှင့်ကိုမုန်းတယ်၊ အထင် သေးတယ်၊ သိပ်ရွံတယ်"တဲ့။

တစ်ညလုံးအိပ်မရသည့်မျက်ဝန်းက အချစ်ကြောင့် ကြောင် တောင်ကန်းနေသလား။ အသက်လေးဆယ်ကျမှ အချစ်ကို ဒုတိယအကြိမ်ပြန်လည်ရှာဖွေတွေ့ရှိသည့် ဦးကြည်ဖြူအောင် မှာ ချစ်သက်လူ၏စကားလုံးလေးများကိုပြန်လည်ကြားယောင် ရင်း အိပ်ယာထက်မှာ ဘယ်လူးညာလှိမ့်ဖြစ်နေရသည်။

လူတွေဟာ အချစ်နဲ့မကင်းနိုင်ကြဘူး။ အချစ်မရှိတဲ့ကမ္ဘာ ကြီးဟာ အထီးကျန်ခြောက်သွေ့လွန်းလှတယ်။ အချစ်ကြောင့် သာ ကမ္ဘာကြီးစိမ်းလန်းစိုပြည်လာနိုင်တာပါ။

သူသေချာမချစ်သည့် မေမြတ်ဆွေကိုမြင်ယောင်ကြည့်မိလျှင် ဦးကြည်ဖြူအောင်စိတ်ပျက်မိသည်။ သူမကလည်း သူ့ကိုချစ်သည်မထင်။ မေတ္တာအတုအယောင်တွေနှင့် စခန်းသွားရမည်ဆိုလျှင် သူ့ဘဝဟာ ဘာမှအဓိပ္ပာယ်ရှိမည်မဟုတ်။

ချစ်သက်လူကို ပိုင်ပိုင်နိုင်နိုင်ချစ်ခွင့်ရဖို့သာ ဦးကြည်ဖြူအောင်တွေးတောနေမိသည်။ သမီးကလည်း ချစ်သက်လူဆိုရင်တော့ ကြည်ဖြူမှာပါ။ သူလည်း ဘုန်းခန့်လူလူကိုခင်သားပဲ။

အတွေးတွေနှင့် လူးလိမ့်နေရာမှ ဦးကြည်ဖြူအောင်တစ်ဖက်ခြံကိုမြင်ရသည့်ပြတင်းသို့ သွားရပ်မိပြန်သည်။ သူ့မှာဆယ်ကျော်သက်လေးတစ်ယောက်လို အချစ်ကိုအလူးအလိမ့်။

"ဟင်. . "

ည(၂)နာရီလောက်ကြီး လရောင်အောက်ကပန်းခင်းထဲမှာ တသိမ့်သိမ့်ငိုရှိုက်နေသည့် ချစ်သက်လူကိုလှမ်းမြင်လိုက်ရသဖြင့် ဦးကြည်ဖြူအောင် အရမ်းစိုးရိမ်သွားမိသည်။

ဘာဖြစ်လို့လဲ။ ကောင်မလေးဘာဖြစ်လို့လဲ။ သင့်တော်တာတွေ၊ မသင့်တော်တာတွေကိုပင်မစဉ်းစားနိုင်တော့ဘဲ ဦး





ကြည်ဖြူအောင်၏ခြေထောက်တွေက အချစ်၏စေစားရာသို့လိုက်ပါသွားမိကြသည်။

သူ့စိတ်ထဲမှာ ရွှေမြင်းမိုရ်တောင်တစ်တောင်လုံးကိုပင်ခုန်လိုက်ဖို့အသင့်။ တစ်ဖက်ခြံတံတိုင်းအနီးမှာ ကပ်ပေါက်နေသည့်သရက်ပင်မှတစ်ဆင့် သူ တစ်ဖက်ခြံထဲသို့ ရောက်ရှိသွားသည်။

မေ◌ာင်ငယ်မသိအောင် ခိုးပြီးမျက်ရည်ကျနေသည့်ကောင်မလေးအနီးသို့ ဦးကြည်ဖြူအောင် ခြေသံမကြားအောင်ရောက်ရှိသွားပြီး ကျောက်ရုပ်တစ်ရုပ်လိုရပ်နေမိသည်။

ချစ်သက်လူကို သူမထိရဲ၊ မကိုင်ရဲတော့ပါ။ သူမအထင်လွဲတာ မခံချင်တော့ပါ။ ရင်မှာစိုးရိမ်စိတ်ကြောင့်သာ သူကလေးအနီးသို့ရောက်ရှိလာခဲ့ပေမယ့် တွေတွေငေးငေးပဲကြည့်နေမိ၏။

ချစ်သက်လူ၏အသွင်ကလည်း လိပ်ပြာလွင့်နေသည့်နှယ်။ အနားမှာလူရှိတာလည်းမသိ။ အချိန်မတော်တာလည်းမသိချေ။

အရူးမလေးနှယ် နှုတ်မှတတွတ်တွတ်ရွတ်ဆိုနေလျက်။

"ဖေဖေနဲ့မေမေရယ်. . သမီး သူ့ကိုအရမ်းချစ်တယ်၊

လူလည်ပန်ကာ၊ စားနေကျကြောင်ဖားကြီးကိုမှ သမီးချစ်မိသွားခဲ့တယ်၊ သမီးကိုကယ်ပါဦး ဖေဖေနဲ့မေမေရယ်. .

သမီးချစ်မိသွားတဲ့သူဟာ ဘယ်လိုမှမချစ်သင့်၊ မချစ်ထိုက်တဲ့သူပါ၊ သူ့မှာ သမီးလေးတစ်ယောက်လည်းရှိတယ်၊ လောလောဆယ်လည်း လက်ထပ်ရမယ့်သူက အသင့်ပါ၊ သမီး သူ့ကိုမုန်းချင်တယ်၊ အရမ်းမုန်းချင်တယ်၊ ဒါပေမယ့် မုန်းလို့မရပါဘူး ဖေဖေနဲ့မေမေရယ်. .

ဘဝဘဝကရေစက်ကြောင့်၊ ဝဋ်ကြွေးတွေကြောင့် သမီးသူ့ကိုအရမ်းချစ်မိသွားပြီ၊ သူ့ကိုမြင်လိုက်ရင်ပဲ ရှေးနှစ်ပေါင်းများစွာက ကွဲကွာနေတဲ့ချစ်သူ၊ခင်ပွန်းကိုတွေ့လိုက်ရသလို ရင်ထဲမှာလှိုက်ခါချမ်းမြေ့မှုကြောင့် ရင်တွေအရမ်းခုန်မိတယ်၊

အခုတော့ အဲဒီရင်ခုန်မှုတွေ၊ သမီးရဲ့အချစ်တွေ အလကားရေစုန်မျောကုန်ရပါပြီရှင်. . ”

လရောင်ကိုမော့ကြည့်ရင်း မျက်ရည်အသွယ်သွယ်ဖြာစီးလျက် အရှုံးမလေးတစ်ယောက်လိုငိုညည်းနေသည့်ချစ်သက်လူ၏ရင်ဖွင့်သံလေးကို ကြားလိုက်ရလျှင် ဦးကြည်ဖြူအောင်ကြက်သီးမွေးညင်းထအောင်ပင် ကြည်နူးသွားမိသည်။





အူ့မှာ မျက်ရည်ကြည်တို့ပင် စို့ထွက်လျက်။

“အချစ်ရယ်. . ကိုယ်လည်း မင်းလိုပါပဲကွယ်”

“ဟင်. . ”

တစ်ယောက်တည်း ကွယ်လွန်သွားသည့်မိဘနှစ်ပါးကို ရင်ဖွင့်တိုင်တည်နေမိသည့်ချစ်သက်လူမှာ သူမ၏အနီးမှအသံကို ကြားလိုက်ရလျှင် လိပ်ပြာလွင့်မတတ် ရှက်ရွံ့ကြောက်လန့်သွားမိ၏။

အထိတ်တလန့်ပုံစံလေးနှင့် သူ့ကိုမော့ကြည့်ပြီး လှစ်ကနဲ အိမ်ထဲသို့ပြေးဝင်ဖို့ သူမကြိုးစားပေမယ့် မရလိုက်ပါ။

“အရမ်းချစ်တယ်ဘေဘီရယ်၊ ကိုယ်လည်း မင်းကိုမရရင်မဖြစ်ပါဘူး၊ မေမြတ်ဆွေကို ကိုယ်တကယ်မချစ်ပါဘူးကွာ၊ ဘေဘီ့ကိုပဲ လက်ထပ်မယ်”

သူမ၏အနီး မြက်ခင်းပြင်မှာကပ်ထိုင်ပြီး ဦးကြည်ဖြူအောင် ချစ်သက်လူကိုပွေ့ယူလိုက်သည်။

“အို. . ဘယ်ဖြစ်မလဲ၊ ရှင်တို့ချင်းလက်ထပ်တော့မယ့်ဆဲဆဲ ကျွန်မကြောင့်မပျက်စေချင်ပါဘူး၊ ကျွန်မ ဗီလိန်မဖြစ်ချင်ဘူး၊ ယောကျ်ားဖြစ်ပြီး စိတ်မတည်ကြည်တာလည်းမကြိုက်ဘူး”

သူ့အပေါ် မှရုန်းဆင်းဖို့ကြိုးစားရင်း ချစ်သက်လူငိုညည်းလျှင် ဦးကြည်ဖြူအောင် ရင်နာမိသည်။

"ကိုယ် သူ့အပေါ် အနေအထိုင်မလွန်ကဲခဲ့ပါဘူး၊ ဒီလိုပဲ ချစ်သူရည်းစားဆိုတာ လက်ထပ်ဇနီးမယားမှမဟုတ်ဘဲ၊ ကိုယ့်ကိုသစ္စာမရှိဘူးလို့လည်း ပြောလို့မရပါဘူး၊ ချစ်သူသက်တမ်းတလျှောက် သူ့ကိုလည်းအထိုက်အလျောက်ပေးကမ်းခဲ့တာပဲ၊ တကယ်လက်ထပ်တာကျတော့ ကိုယ်အရမ်းရင်ခုန်တဲ့ ချစ်သက်လူကိုပဲ လက်ထပ်ချင်မိပါတယ်၊ ပြင်ဆင်လို့ရသေးတဲ့အချိန်မှာ အချစ်ကိုတွေ့ရှိတဲ့အတွက် ကုသိုလ်ကံကိုကျေးဇူးတင်မိပါတယ်"

"အို. . မဖြစ်ပါဘူး၊ ကျွန်မကြောက်တယ်၊ ရှင်တို့လိုသူဌေးတွေကို မယုံပါဘူး၊ ကျွန်မတို့ကို အရူးမလုပ်စမ်းပါနဲ့ရှင်"

ခေါင်းလေးတခါခါနှင့် ကလေးလေးလို ခြေကန်ပေးရုန်းနေသည့်ချစ်သက်လူအား ဦးကြည်ဖြူအောင် အချစ်ဒီရေတွေ တရိပ်ရိပ်တက်မိသည်။

သူက အချစ်ကိုသိရှိနားလည်ပြီးသူမို့ အူကြောင်ကြောင်ကောင်မလေးကို အားပါးတရပင် ပွေ့ဖက်နမ်းရှုပ်ပစ်လိုက်သည်။



"အို. . အစ်ကိုကောင်းဘူး၊ မေမြက်ဆွေကိုလည်း ဒီလိုလုပ်တာပဲမဟုတ်လား"

မျက်နှာလေး ဟိုလှည့်ဒီလှည့်ရုန်းရင်းမှ ရန်တွေ့နေ၊ လေးက သဝန်တိုတာမှန်း သူကလေးသိရဲ့လား။

သူ ကြည်နူးစွာပြုံးဖြစ်သည်။

"အချစ်ရယ်. . ဒါ နှင်းဆီပန်းလှလှလေးမို့ ပျားပိတုန်းဝဲတာပဲမဟုတ်လား၊ ဒါလေးများကွာ၊ ဒါပေမယ့် ကိုယ် မင်းကိုအခုနမ်းတာလောက် သူ့အပေါ်မှာ မသာယာမိပါဘူး၊ ဝတ်ကျေတန်းကျေပါ"

"ကြည့်စမ်း. . ကြည့်စမ်း. . ဒီလောက်နမ်းရှုံ့နေတာများ ဒါလေးတဲ့၊ တော်ပြီ. . တော်ပြီ. . ကြာရင် မိသက်တို့ ခံသွားရလိမ့်မယ်"

ပြောပြောဆိုဆိုနှင့် သူမထပြေးလေလျှင် ဦးကြည်ဖြူအောင်ကလည်း ခြေလျင်လက်လျင်နှင့် လိုက်ဖမ်းသည်ပါပဲ။

"အချစ်ရယ်. . ကိုယ် မင်းကိုအမြန်ဆုံးလက်ထပ်မှာပါ၊ အမြန်ဆုံးလက်ထပ်ချင်တာပါ၊ ဒါမှ ပြဿနာတွေပြေလည်သွား

မှာ၊ ကိုယ်တို့အရွယ်က ခိုးရာလိုက်တဲ့အရွယ်တော့မဟုတ်ဘူး ပေါ့ကွာ၊ ဒါပေမယ့် ခိုးပြေးမှဇာတ်လမ်းကပြတ်မှာ၊ ကဲ. . ဘယ်လိုလဲ၊ အခုပဲခိုးပြေးကြရင် မကောင်းဘူးလား"

"အစ်ကို. . မနောက်နဲ့နော်"

"မနောက်ပါဘူးကွာ၊ တကယ်ပါ၊ ဒါမှမြန်မြန်နီးရမှာ"

ချစ်သက်လူကိုရင်ခွင်ထဲပွေ့ပြီး ဦးကြည်ဖြူအောင် မျှော်လင့်တကြီးကြည့်နေလျှင် သူမခေါင်းခါလိုက်သည်။

"ချက်ချင်းကြီးတော့မဖြစ်သေးပါဘူးအစ်ကိုရယ်၊ ကလေးမဟုတ်၊ သူငယ်မဟုတ်၊ ခိုးရာမလိုက်ချင်ပါဘူး၊ ခမ်းခမ်းနားနားလက်မထပ်ချင်တောင်မှ လူမြင်၊သူမြင်ကောင်းအောင်လက်ထပ်ပါနော်"

သနားစဖွယ် မော့မော့လေးတောင်းပန်နေသည့်ကောင်မလေးကို ဦးကြည်ဖြူအောင် ခါးကျိုးအောင်ပွေ့ညှစ်ပစ်ချင်မိ၏။ သူ့သဘောထားကို သူကလေးမယုံတာလား။ သဘောမပေါက်တာလားပင်။

"ဘေဘီရယ်. . ကိုယ်က ဘာဖြစ်လို့ခမ်းခမ်းနားနားလက်မထပ်ချင်ရမှာတဲ့လဲ၊ လက်ထပ်ချင်တာပေ့ါ၊ ခုဟာက အိမ်ပေါ်က





မေဘိုင်နှမကြောင့် ခိုးရာလိုက်မှ မြန်မြန်နီးရမှာမို့ပြောရတာပါ၊ အတူတူနေချင်လှပြီမိန်းမရယ်၊ ကိုယ့်အသက်လေးဆယ်ပြည့်ပြီးပြီ၊ အချိန်တွေနှမြောစရာကွာ"

"အိုး. . ဒါတော့ အစ်ကိုက မလည်ရှုပ်လုပ်ထားခဲ့တာပဲ၊ ကိုယ့်ဒဏ်ကိုယ်ခံပေါ့"

နှုတ်ခမ်းလေးစူပြီး သူမမျက်စောင်းထိုးလျှင် ဦးကြည်ဖြူအောင်ပိုချစ်ရပါသည်။ အံသွားကြိတ်သည့်အသံဖြင့် ကြိမ်းမောင်းပြီး ချစ်သက်လူကို အချစ်တံဆိပ်တွေခပ်နှိပ်နေသည့်အခါ တစ်ဖက်ခပ်လှမ်းလှမ်းပန်းရုံနားမှာ ဘုန်းခန့်လူလူနှင့်သဒ္ဓါကြည်ဖြူတို့နှစ်ယောက်မှာ အသံလုံးဝမထွက်ရဲဘဲနှင့် မျက်နှာတွေပူနေမိကြသည်။

ဘုန်းခန့်လူလူမှာ အစ်မရှင်မို့ မနေသာတော့ပါ။ ကြည်ဖြူနားနားကပ်ပြီး စိုးရိမ်တကြီးနှင့် လေသံဖြင့် အတင်းပြောမိသည်။

"ကြည်ဖြူ့အဖေကြီးက ကဲလိုက်တာကွာ၊ ကိုယ်တောင်ကြည်ဖြူ့ကို မနမ်းရသေးဘဲနဲ့ သူကတော့ ကိုယ့်အစ်မကို ရစရာမရှိအောင်ကို ပွေ့လိုက်၊ ဖက်လိုက်၊ ဖျစ်လိုက်၊ ညှစ်လိုက်၊ နမ်းလိုက်. . "

"အို. . တော်ပါတော့၊ တော်ပါတော့၊ နားရှက်လှပါပြီ၊ ကြည်ဖြူ့ဖေဖေက ရှင့်အစ်မကိုတကယ်ယူမှာရှင့်၊ သိရဲ့လား၊ အပျော်ကြံနေတာမဟုတ်ဘူး၊ အတည်ကြံနေတာသိရဲ့လား"

ကိုယ့်အဖေကိုထိသည်မို့ ကြည်ဖြူ ဆတ်ဆတ်ခါနာနေလျှင် ဘုန်းခန့်လူလူ သူမ၏လက်ကလေးကို သတိပေးသည့်အနေနှင့် ခပ်ညှစ်ညှစ်လေးဆုပ်ကိုင်လိုက်၏။

"တိုးတိုးကွ. . တိုးတိုး. . ယူ့အဖေကြီးက သူသာ သူများအစ်မကိုလာကြိုက်နေပေမယ့် သူ့သမီးလေး ခုလိုကိုယ်နဲ့စကားလာပြောနေတာတွေ့ရင်တော့ တို့နှစ်ယောက်လုံးကို သတ်လောက်တယ်"

"အိုး. . ဒါကတော့ သူ့အစ်မက အပျိုကြီးပဲ၊ ယူမယ့်သူမရှိလို့ အပျိုကြီးဖြစ်နေရတာ၊ ဖေဖေယူမှာပဲ ကျေးဇူးတင်ပါဦး"

"တင်ပါတယ်၊ ဒါပေမယ့် ကြည်ဖြူ့အဖေကြီးက တစ်ဖက်စောင်းနင်းကြီးပါကွာ၊ သူကျ တို့အစ်မကိုလာအမှုန့်ကြိတ်နေပြီး တို့ကျတော့ သူ့သမီးကို ကြည့်တောင်မကြည့်စေချင်တာ ဘယ်တရားမလဲ"





"ဟိတ်. . ယူနော်. . တို့နှစ်ယောက်က တရားဝင်ချစ်သူတွေမှမဟုတ်ဘဲ၊ ကြည်ဖြူကလည်း သူ့ကို ချစ်တယ်လို့မပြောရသေးပါဘူးနော်၊ ဖေဖေတို့က ချစ်သူတွေ၊ ပြောနေတာမကြားဘူးလား၊ ခိုးတောင်ခိုးပြေးတော့မယ့်ကိစ္စကြီး၊ ဒီတော့ လူလူ့အစ်မကို အမှုန့်ကြိတ်ရုံတင်မကလို့ အံရည်ပဲဖျော်သောက်သောက်. . ."

ကြည်ဖြူက အဖေရှင်ပီပီ နိုင်ထက်စီးနင်းပြောနေလျှင် လူလူမှာ မခံရပ်နိုင်ဖြစ်ရပေမယ့် ကိုယ့်အစ်မကလည်း မဟုတ်တာလုပ်သည်မို့ အားမတန်မာန်လျှော့ရပါသည်။

"မျက်နှာတော့ပူတာပေါ့ကြည်ဖြူရယ်၊ နေဦး. . သူတို့အခြေအနေတွေ ကိုယ်ဝင်ထိန်းလိုက်ဦးမယ်"

ပြောပြီး နေရာမှ လူလူထဖို့ပြင်လျှင် ကြည်ဖြူ သူ့ကိုဆွဲထားရသည်။

"နေပါစေ. . လူလူကလည်း၊ မနာလိုမရှိပါနဲ့၊ ယူ့အစ်မကို ဖေဖေတကယ်ယူမှာပဲဟာ၊ သဝန်တွေတိုမနေစမ်းပါနဲ့၊ လာ. တို့နှစ်ယောက် ခြံနောက်ဘက်သွားကြမယ်"

"အိုကေ. ."

"မအိုကေနဲ့ မဟုတ်တာလာလုပ်လို့ကတော့ သေမယ့်သာကြံ၊ ကြည်ဖြူတို့နှစ်ယောက်က လူငယ်တွေ"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ လူငယ်ဆိုတာ လူကြီးထက် အမှန်တရားကိုချစ်မြတ်နိုးရမယ်၊ အမှန်တရားဆိုတာရော လူလူသိရဲ့လား"

"ပြောပါဦးဆရာမကြီးရယ်"

"အမှန်တရားဆိုတာ သစ္စာတရားပေါ့လူလူရဲ့၊ ကဲ. . လာ. . နောက်ဘက်သွားစို့၊ ဖေဖေတို့ လွတ်လွတ်လပ်လပ်ဆွေးနွေးကြပါစေ"

ဘုန်းခန့်လူလူမှာ နှင်းဆီပင်တွေကြားမှ အစ်မဖြစ်သူနှင့် ဦးကြည်ဖြူအောင်တို့၏ ပူးကပ်နေသည့်အသွင်သဏ္ဌာန်ကို စိတ်မချ၊ လက်မချကြည့်ရင်းနှင့်ပင် ကြည်ဖြူဆွဲခေါ်ရာနောက်ဘက်သို့ ပါသွားရသည်။



"ကဲ. . ပြောစရာရှိတယ်ဆိုတာ ဘာလဲပြော"

အမှန်က ကြည်ဖြူ သူ့ခြံထဲသို့ရောက်လာရတာ တိုင်ပင်စရာရှိလို့ဖြစ်ပါသည်။

အိမ်ပေါ်မှာရှိသည့်ကျော်မြတ်ယျာတို့မောင်နှမကို သူမလုံးဝမသက်ာပါ။ ဘာအကြံအစည်တွေနဲ့ ရောက်နေကြသလဲ။

"ဒီလိုလူလူရဲ့၊ သူတို့မောင်နှမရဲ့ရုပ်တွေကြည့်ရတာ နည်းနည်းမှစိတ်မချရဘူးကွာ၊ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားကြမယ့်ရုပ်တွေ၊ ကြည်ဖြူအရမ်းကြောက်တယ်သိလား"

"ကျော်မြတ်ယျာက ကြည်ဖြူ့ကိုဘာလုပ်လို့လဲ၊ ကေန္တ.

"အိုကေ. . "

"မအိုကေနဲ့ မဟုတ်တာလာလုပ်လို့ကတော့ သေမယ့်သာကြံ၊ ကြည်ဖြူတို့နှစ်ယောက်က လူငယ်တွေ"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ လူငယ်ဆိုတာ လူကြီးထက် အမှန်တရားကိုချစ်မြတ်နိုးရမယ်၊ အမှန်တရားဆိုတာရော လူလူသိရဲ့လား"

"ပြောပါဦးဆရာမကြီးရယ်"

"အမှန်တရားဆိုတာ သစ္စာတရားပေါ့လူလူရဲ့၊ ကဲ. . လာ. . နောက်ဘက်သွားစို့၊ ဖေဖေတို့ လွတ်လွတ်လပ်လပ်ဆွေးနွေးကြပါစေ"

ဘုန်းခန့်လူလူမှာ နှင်းဆီပင်တွေကြားမှ အစ်မဖြစ်သူနှင့် ဦးကြည်ဖြူအောင်တို့၏ ပူးကပ်နေသည့်အသွင်သဏ္ဌာန်ကို စိတ်မချ၊ လက်မချကြည့်ရင်းနှင့်ပင် ကြည်ဖြူဆွဲခေါ်ရာနောက်ဘက်သို့ ပါသွားရသည်။



"ကဲ. . ပြောစရာရှိတယ်ဆိုတာ ဘာလဲပြော"

အမှန်က ကြည်ဖြူ သူ့ခြံထဲသို့ရောက်လာရတာ တိုင်ပင်စရာရှိလို့ဖြစ်ပါသည်။

အိမ်ပေါ်မှာရှိသည့်ကျော်မြတ်ယျာတို့မောင်နှမကို သူမလုံးဝမသင်္ကာပါ။ ဘာအကြံအစည်တွေနဲ့ ရောက်နေကြသလဲ။

"ဒီလိုလူလူရဲ့၊ သူတို့မောင်နှမရဲ့ရုပ်တွေကြည့်ရတာနည်းနည်းမှစိတ်မချရဘူးကွာ၊ အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစားကြမယ့်ရုပ်တွေ၊ ကြည်ဖြူအရမ်းကြောက်တယ်သိလား"

"ကျော်မြတ်ယျာက ကြည်ဖြူ့ကိုဘာလုပ်လို့လဲ၊ ကေန္တ.

နှမက ဖအေကိုချိုင်ပြီး မောင်က ကြည်ဖြူကိုရအောင်ယူမလို့ ထင်တယ်၊ သိုက်ဆရာတွေ၊ တကယ့်ဥစ္စာသိုက်ကို အပိုင်ကြံမလို့"

"ဟုတ်တယ်လူလူ၊ မေမြတ်ဆွေက ဖေဖေ့ကို အရမ်းလိုက်လျောသလို၊ ကျော်မြတ်ယျာကလည်း ကြည်ဖြူကို အရမ်းလိုက်လုံးတယ်"

"ကိုယ်ဘာလုပ်ပေးရမလဲ. . ပြော၊ ကိုယ့်လက်တွေ အရမ်းယားလာပြီ"

ဘုန်းခန့်လူလူ လက်သီးလက်မောင်းတန်းပြီးပြောလျှင် ကြည်ဖြူ အားကိုးတကြီးမော့ကြည့်မိသည်။

"အားကိုးပါတယ်လူလူရယ်၊ အိမ်ပေါ်ကမောင်နှမက အရမ်းမသင်္ကာစရာကောင်းနေတယ်သိလား၊ ကြောင်တွေ ကြွက်ချောင်းသလိုကို ချောင်းနေတော့တာ၊ နှင်ထုတ်ပစ်ရအောင်လည်း သူတို့နဲ့ဖေဖေက မရှင်းမရှင်းကြီးမဟုတ်လား"

"ဟင်. . ဒါဆို အစ်မကို သွားသတိပေးဦးမှပဲ"

ပြောရင်းမှ ဘုန်းခန့်လူလူ အိမ်ကလေးကိုကွေ့ပြေးဖို့ပြင်လျှင် ကြည်ဖြူ မျက်စောင်းထိုးမိသည်။





"သဘောပြောတာလူလူရဲ့၊ ကဲ. . လူလူ့ကို ကြည်ဖြူ အကူအညီတောင်းမလို့၊ ကူညီဖို့သာပြင်ပေတော့"

"ပြောပါတော့ကွာ"

လူလူ့အသံက အားလျော့နေလျှင် ကြည်ဖြူ သူ့ကို ကျောကုန်းကြီးအားထုပစ်လိုက်သည်။

"စိတ်ဓာတ်ကိုက မိုးစွန်တံမွတ် ကြယ်ကိုဆွတ်ဖို့နေနေ သာသာ ရည်းစားကအကူအညီတောင်းတာတောင် အင်တင်တင် ရှုပ်နဲ့. . သွား. . "

"ဟေး. . "

အသံခပ်အုပ်အုပ်အော်ပြီး ဘုန်းခန့်လူလူထခုန်နေလျှင် ကြည်ဖြူ မျက်မှောင်တွန့်သွားရ၏။ ဒီလူ ဘာကြောင်တာလဲ။

"ဘာလဲကွ၊ ဘာဖြစ်သွားတာလဲ"

"ကြည်ဖြူ ကိုယ့်စကားကိုယ်မှတ်ထားနော်၊ ပြောပြီး စလစ်ပဲဟော့၊ ပြောပြီး ဘွာမခတ်ရဘူး"

"ဘာလဲကွာ. . အူတူတူနဲ့"

ကိုယ်ဘာပြောမိမှန်း ကြည်ဖြူ မျက်လုံးပုတ်ခတ်ပုတ်ခတ်နှင့်စဉ်းစားနေလျှင် ဘုန်းခန့်လူလူက ထပ်မံအတည်ပြုပေး၏။

"ကြည်ဖြူပြောတာနော်၊ ကိုယ်အတည်ပြုလိုက်ပြီ"

"ဘာလဲဆိုကွာ၊ ကြောက်တောင်လာပြီ"

"ဩော်. . ကြည်ဖြူနဲ့ကိုယ် ရည်းစားဖြစ်ပြီလို့ ကြည်ဖြူ အသိအမှတ်ပြုလိုက်တာလေ"

"ဟင်. . ဟုတ်လို့လား၊ ကြည်ဖြူ အဲလိုပြောလိုက်လို့လား၊ ကြည်ဖြူဆိုလိုတာက လူလူအိုက်တင်ခံလွန်းလို့၊ အသည်းယား လို့ပါနော်၊ ကြည်ဖြူ့ကိုချစ်တယ်ဆိုပြီး ကြည်ဖြူခိုင်းတာလုပ် မပေးချင်ဘူးလို့ဆိုလိုတာပါ"

"နိုး. . နိုး. . နိုး. . မရဘူး၊ မရဘူး၊ မရတော့ဘူး၊ ပြော ပြီး အပြီးပဲ၊ ထွက်ပြီးသားဆင်စွယ် ပြန်မဝင်နဲ့တော့၊ ထွေးပြီး သားတံတွေး ပြန်မမျိုနဲ့တော့၊ ကြည်ဖြူနဲ့ကိုယ် တရားဝင်ချစ်သူ ရည်းစားတွေဖြစ်သွားပြီနော်၊ စိတ်ချပါကြည်ဖြူရယ်၊ ကိုယ်လည်း ယု့ဖေဖေလို အတည်ကြံတာပါ၊ ဒီတော့ ကြည်ဖြူလည်း ကိုယ့် မမလို အနမ်းခံဖို့သာပြင်ပေတော့"

အူမြူးနေသဖြင့် လူလူ ပေါက်ကရတွေလျှောက်ပြောနေ လျှင် ကြည်ဖြူစိတ်တိုမိသည်။





"တော်ပြီကွာ၊ အရည်မရ၊ အဖတ်မရတွေပဲ လျှောက်ပြော နေ၊ ကဲ. . ပြော၊ ကြည်ဖြူတောင်းတဲ့အကူအညီ ပေးမှာလား၊ မပေးဘူးလား"

"ပေးမှာပေါ့ကွ၊ ကိုယ့်ချစ်သူက လိုအပ်လို့တောင်းတဲ့ကိစ္စ ပဲ၊ ပြော. . အရိုးကြေကြေ၊ အရေခမ်းခမ်း၊ အသားပဲမကျန်၊ မကျန်. . "

သူ့ရုပ်က အရမ်းပျော်ရွှင်နေပုံပေါက်နေလျှင် ကြည်ဖြူ ရယ်မောဝမ်းသာပေးလိုက်ပါသည်။

"ဒီလောက်တောင်လည်း မဟုတ်ရပါဘူးလူလူရယ်၊ ကြည်ဖြူတောင်းချင်တဲ့အကူအညီက ညဘက်၊ညဘက် လူလူ ကြည်ဖြူတို့အိမ်မှာလာအိပ်ပါလားလို့ပါ၊ အရေးရယ်၊ အကြောင်း ရယ်ဆို ချက်ချင်းကူညီလို့ရအောင်လို့"

ဘုန်းခန့်လူလူ ချက်ချင်းအဖြေမပေးနိုင်ဘဲ ခေတ္တငေးငိုင် သွားလျှင် ကြည်ဖြူဝမ်းနည်းမိ၏။ သူတို့ယောက်ျားတွေချစ်တယ် ဆိုတာ အလကားပါ။ ဘာမှအနစ်နာမခံချင်ပါဘူး။

ဘုန်းခန့်လူလူထံမှ စကားပြန်ချက်ချင်းမရသဖြင့် ကြည်ဖြူ ဝမ်းနည်းစွာထရပ်ပြီး ပြန်ဖို့ပြင်လိုက်သည်။

ဘုန်းခန့်လူလူကိုနှုတ်ပင်မဆက်တော့ပါ။ အိမ်ရှေ့ပန်းရုံထဲမှာလည်း ဖေဖေတို့မရှိတော့ပြီထင်ပါသည်။ ကြည့်စမ်း. . ဖအေရော၊သမီးပါ ဒီဘက်ခြံထဲရောက်နေတော့ လူလူအထင်သေးသွားပြီပေါ့။

"ဆောရီးလူလူ. . တို့တောင်းပန်ပါတယ်၊ တို့သွားပြီ"

အသံတီးတိုးနှင့် သူမ တရွေ့ရွေ့ထွက်ခွာသွားလျှင် ဘုန်းခန့်လူလူ အသက်ဝင်လာပြီး ကြည်ဖြူကိုတားဆီးလိုက်သည်။

"အထင်မလွဲပါနဲ့ကြည်ဖြူရယ်၊ ကိုယ်စဉ်းစားနေလို့ပါ၊ မမကို တစ်ယောက်တည်းထားခဲ့လို့ရမရ စဉ်းစားမိလို့ပါ"

"ဟုတ်တယ်၊ တို့မှားပါတယ်"

"ကြည်ဖြူကလည်းကွာ. . ကြည်ဖြူမမှားပါဘူး၊ ကိုယ့်ချစ်သူကို အားကိုးလို့ခိုင်းတာပဲ၊ ကိုယ်လာအိပ်ပေးမှာပေါ့၊ မမအတွက်အဖော်ရဖို့ ဒေါ်ဒေါ်မြကိုခေါ်ထားပေးလိုက်မယ်၊ ကိုယ်လာစောင့်ပေးမှာပေါ့အချစ်ရယ်၊ အဲ. . ကြည်ဖြူ့ဖားသားကြီးသိရင်တော့ ကိုယ်ဘယ်အပေါက်ကပြေးရမှာလဲ"

"ဖေဖေသိလို့တော့မဖြစ်ဘူး၊ ဟိုလေ. . ကြည်ဖြူမဟုတ်





တာလုပ်ချင်လို့တော့မဟုတ်ဘူးနော်၊ လူလူ့ကိုလည်း အခန်းတစ်ခန်းထဲမှာ တိတ်တိတ်ထားပေးမှာပါ၊ အရေးကြုံရင် တစ်အိမ်တည်းရှိနေတော့ အားကိုးရတာပေါ့၊ မဟုတ်ဘူးလား"

"ဟင်. . ကိုယ်က ကြည်ဖြူ့အခန်းထဲမှာ ပုန်းစောင့်ပေးရမှာလားလို့ ပျော်နေတာ"

"ကြည့်စမ်း. . ကြည့်စမ်း. . လူကိုဘာအောက်မေ့နေသလဲ၊ သူ့မမလို. ."

အရှက်မျက်နှာရဲရဲလေးနှင့် ကြည်ဖြူ လူလူ့ကိုထုရိုက်နေလျှင် လူလူ သဘောကျစွာရယ်မောမိ၏။

"အဖိုလေးဆိုတာ ဒါပဲလေ၊ အဲ. . ကိုယ်ကလည်း လူဖိုလေးမို့ ကြည်ဖြူ့ဖေဖေလို လက်ရဲ၊ ဇက်ရဲမဟုတ်ပါဘူး"

"ဟော့. . ဟော့. . ကြည်ဖြူ့ဖေဖေကို ထိခိုက်ပြီးမပြောနဲ့"

"ဒါဆို ကြည်ဖြူလည်း ကိုယ့်မမကို ထိခိုက်မပြောနဲ့ပေါ့၊ မျက်နှာပူတယ်၊ ရှက်တယ်ကွ၊ သိရဲ့လား"

တစ်ယောက်နှင့်တစ်ယောက် စိတ်တွေတိုလာကြပြီး ကြည်ဖြူ အိမ်ရှေ့သို့ပြေးထွက်ခဲ့လျှင် အိမ်ရှေ့ပန်းရုံတွေထဲမှာ ဖေဖေတို့ကိုမတွေ့ရတော့ပါ။

ကေန္တ. . ပြန်သွားပြီဖြစ်ရမည်။ အုတ်တံတိုင်းနားမှ သရက်သို့ သူမမော့ကြည့်နေလျှင် နောက်မှ ဘုန်းခန့်လူလူရောက်လာပြီး သူကအရင် သစ်ပင်ပေါ်သို့ ကျင်လည်စွာတက်သွားသည်။

ပြီးမှ ကြည်ဖြူလက်တွဲခေါ်လိုက်ပြီး တစ်ဖက်ခြံသို့ပြန်ပို့ပေးလိုက်၏။

"မနက်ဖြန်ကစပြီး ကိုယ်လာစောင့်ပေးပါ့မယ်ကွာ၊ စိတ်မကောက်ပါနဲ့"

သူမလက်ကလေးကိုဖျစ်ညှစ်ပြီး ဘုန်းခန့်လူလူ ကတိပေးခဲ့သည်။



## အခန်း(၁၈)

နံနက်လက်ဖက်ရည်ဝိုင်းပြင်ဆင်ရာတွင် အရီးကြူနှင့်အတူကြည်ဖြူဝိုင်းကူပေးလေ၏။ မညိုကတော့ ဈေးသွားဖို့ပြင်ဆင်နေသည်။

အရီးကြူက ကြည်ဖြူအနားသို့ တံခါးဝကိုလှည့်တကြည့်ကြည့်လုပ်နေရင်းမှ တိုးကပ်လာလျှင် ကြည်ဖြူ ရင်တွေတုန်နေမိ၏။

"အရီးကြူ. . ဘာပြောမလို့လဲဟင်၊ ရင်တွေထိတ်လိုက်တာ"

"ရှူး. . တိုးတိုး. . ညကလေ အရီးကြူတရေးနိုးအိမ်သာ

ထသွားတော့ အပေါ်ထပ်ကဟိုမိန်းမ သူ့မောင်အခန်းဆီလာတယ်ကြည်ဖြူရဲ့"

"သူတို့မောင်နှမချင်း ဘာတွေတိုင်ပင်ကြံစည်မလို့ပါလိမ့်"

ကြည်ဖြူက သဘောရိုးနှင့်ပြောလျှင် အရီးကြူခေါင်းခါသည်။

"မောင်နှမချင်းကြံစည်တယ်ပဲထားပါဦး၊ သူ့ဝတ်ပုံစားပုံကလျှပ်ပေါ်လော်လီလွန်းတယ်၊ မောင်အခန်းထဲဝင်တာပဲကြည်ဖြူရယ်၊ ကိုယ့်လင်အခန်းထဲဝင်တာမှမဟုတ်ဘဲ၊ ခုတော့ အဝတ်အစားကမလုံမခြုံနဲ့၊ သတိထားနော်ကြည်ဖြူ. . သတိထား. . "

အရီးကြူ၏စကားကြောင့် ကြည်ဖြူအံ့အားသင့်ပြီး ခေါင်းတွေထူပူနေစဉ် ထမင်းစားခန်းထဲသို့ မေမြတ်ဆွေဝင်လာသည်။

သူမ၏ရုပ်က ခပ်ပြုံးပြုံးနှင့်နေသားတကျရှိလှသည်။

"ဟေး. . ကြည်ဖြူတို့ဘာလုပ်နေသလဲ၊ အံမယ်. . မညိုကလည်း ဈေးသွားတော့မလို့လား၊ မေလည်း ကူမယ်နော်၊ မေလည်း ကိုယ့်အိမ်မှာလို မချက်ရ၊ မပြုတ်ရတော့ မနေတတ်ဘူးဖြစ်နေတယ်"



"အို. . နေပါစေအန်တီ၊ ကြည်ဖြူတို့ဘာသာလုပ်ပါ့မပအန်တီက ဧည့်သည်ပဲ၊ ဧည့်သည်ကို ဘယ်ခိုင်းလို့ဖြစ်မလဲ"

ကြည်ဖြူငြင်းလျှင် မေမြတ်ဆွေက သဘောကောင်းစွရယ်လေ၏။

"ဘယ်ဧည့်သည်ဟုတ်မလဲသမီးရဲ့၊ အန်တီက တစ်နေ့ကအိမ်ရှင်ဖြစ်ရမှာလေ၊ ဒီတော့ အန်တီ့လက်ရာတွေနဲ့ရင်းနှီးအောင်ခုကတည်းက ဝင်ပြီးချက်ပြုတ်ပေးပါရစေကွယ်၊ ကြည်ဖြူတို့သားအဖကို စေတနာ၊ သဒ္ဓါပေါက်လွန်းလို့ပါ"

ခပ်ပြုံးပြုံးနှင့် မေမြတ်ဆွေ အတင်းပင်တာဝန်တွေဝင်ယူပြီး ပိုင်စိုးပိုင်နင်းတွေပြောနေလျှင် ကြည်ဖြူနှင့်အရီးကြူတို့ စိတ်အနှောင့်အယှက်ဖြစ်ရသည်။

ကြည်ဖြူ့ခေါင်းထဲမှာ မေမြတ်ဆွေ သူ့မောင်အခန်းထဲကိုအဝတ်အစားမလုံမခြုံနှင့်သွားသည်ဆိုသည့်စကားကလည်း သူမကို ထိတ်လန့်အော်ဂလီဆန်စေသည်။

အရီးကြူဟာ တစ်သက်လုံးဖြောင့်မှန်တည်ကြည်ခဲ့သူမို့မှသားစကားမဆိုလောက်။ ပုပု၊ မည်းမည်း၊ ဝဝလေးနှင့် ပျော

ပျောင်းနူးညံ့သည့်အရိုးကြုသည် စိတ်ဘောင်းရှိပြီး သူမကို သမီးလေးလိုလည်းချစ်ပါသည်။

ဒေါ်မေမြတ်ဆွေကို ကြည်ဖြူ မျက်မှောင်ကုပ်ကြည့်နေမိ၏။ ကြည့်ပါဦး. . ဝတ်ပုံစားပုံက။ အသက်သုံးဆယ်အရွယ်ပဲထားပါဦး။ အသက်နှစ်ဆယ်မပြည့်သေးသည့်သူမထက်တောင် ငယ်နုအောင်ဆင်ထားပုံက။

ဘောင်းဘီကဒူးအုပ်။ လူက ဖွံ့ထွားထွားမို့ ကျပ်ညပ်နေပုံက မကြည့်ရဲစရာ။

အပေါ်အင်္ကျီကလည်း ကြိုးတစ်ချောင်းတည်း။ ရင်ဘတ်တွေပေါ်ရုံတင်မက ရင်အုံတစ်ဝက်ပါ ဖို့အန်ထွက်နေအောင် အရှက်မရှိဝတ်ထား၏။

ကျောကုန်းကလည်း တစ်ဝက်လောက်ထိပေါ်နေသေးသည်။ အဖော်အချွတ်ကတော့ ရက်စက်သည်။ ကြည့်ရတာ ကြည့်ရဲစရာပင်မရှိ။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြဘဲ ကိုယ်စီအကဲခတ်နေကြလျှင် မေမြတ်ဆွေမြင်ရသည်က ဘောင်းဘီ





အရှည်၊ TRIစပို့ရှပ်လက်ရှည်နှင့် ခေတ်မီလှပလုံခြုံသည့် သ
ကြည်ဖြူကို တွေ့ရပါလိမ့်မည်။

ထိုစဉ် အခန်းထဲသို့ ဖေဖေရော ကျော်မြတ်ယျာပါ ရေ
ဆင့်နောက်ဆင့်ဝင်လာကြသည်။ မညီမှာလည်း ယခုထိစျေ
မသွားရသေး။ မေမြတ်ဆွေဆွဲထားမှုကြောင့် ဈေးခြင်းကိုကို
ပြီး ရပ်စောင့်နေရသည်။

“ဘာတွေဖြစ်နေလဲမမ”

ကျော်မြတ်ယျာမေးလိုက်ပုံက ခပ်တင်းတင်း။ ဟင်း. .
သူ့အိမ်လိုက်နေပြီး သူ့လုပ်စာစားနေရတဲ့အတိုင်းပဲ။

“ဩော်. . မမက ဒီမှာအလကားထိုင်ပြီး ပျင်းနေရလို
နေရခိုက် ချက်ပြုတ်ကျွေးဖို့တောင်းဆိုနေတာပါ”

“မမကလည်းဗျာ. . ဧည့်သည်ပဲ၊ တစ်ခါတလေ နားလိုက်
ပေ့၊ အိမ်မှာလည်း ချက်ရ၊ ပြုတ်ရ၊ စီမံရနဲ့၊ မမကိုက ဝါသနာပ
တယ်”

“အေးလေ. . ငါဝါသနာပါတာပဲ မောင်ကျော်ရယ်၊ ကဲ.
ဘယ်လိုလဲကိုကို၊ မေ ဈေးလိုက်သွားပြီး မညီနဲ့အတူဈေးလိုက်
ဝယ်မယ်၊ ကိုကိုတို့သားအဖကို ရှယ်ပြုစုပေးချင်တယ်”

"ရပါတယ်မေရဲ့၊ ချက်ချင်လည်းချက်ပေါ့၊ အဲ. . မေ တောင်းဆိုလို့ခွင့်ပြုတာနော်၊ ကိုယ့်သဘောကတော့ မေ့ကိုနား စေချင်တယ်၊ ခုဆို ကျော်မြတ်ယျာလည်း ဒီမှာလာနေပြီမို့ မေ သွားချင်တဲ့နေရာတွေ လိုက်ပို့ခိုင်းလို့ရတာပေါ့၊ ကားတစ်စီးယူ ထားလေ"

"ဩော. . ကိုကတော့ လိုက်မပို့နိုင်ဘူးပေါ့"

"ဆောရီးကွာ. . ခုရက်ပိုင်း ကိုယ်အလုပ်အရမ်းရှုပ်နေ တယ်၊ မေ့ကိုအားအရမ်းနာတယ်ကွာ၊ လိုတာတော့ပြောပေါ့မေ၊ ရွှေပင်ထွက်ဦးမလား၊ လိုသလောက်ယူလေ"

ဦးကြည်ဖြူအောင်ပြောလိုက်လျှင် မေမြတ်ဆွေ လှလှ လေးပြုံးလိုက်သည်။

"ကိုကိုက မေပြန်တော့မှအားတော့မယ်ထင်တယ်ဟုတ် လား၊ မေနားလည်ပါတယ်၊ ကိုကို မေ့ကို ကန်ထုတ်ချင်နေပြီ မဟုတ်လား၊ မေသိတယ်၊ မေသဘောပေါက်တယ်"

ပြောရင်းမှ မေမြတ်ဆွေ မျက်ရည်များကျလာပြီး ရှိုက် ကြီးတငင်ငိုလေလျှင် ဦးကြည်ဖြူအောင် ခြေမကိုင်မိ၊ လက်



မကိုင်မိဖြစ်သွားပြီး ကျော်မြတ်ယျာကတော့ လက်သီးကိုကျစ် ကျစ်ပါအောင်ဆုပ်၊ အံကိုတင်းတင်းကြိတ်၏။

"မမ. . မငိုနဲ့ဗျာ၊ ဒီယောကျ်ားမရလို့ မမ မသေဘူး"

မေမြတ်ဆွေက အမူပိုပိုနှင့် ပုံကျပန်းကျငိုနေပြီး ကျော် မြတ်ယျာကတော့ ဒေါသပုန်ထနေ၏။

အခြေအနေတွေကဆိုးဝါးလာသည့်အခါ ကြားမှ သဒ္ဓါ ကြည်ဖြူ လိမ်မာပါးနပ်စွာဝင်လိုက်သည်။

"ကဲ. . ဖေဖေ. . အလုပ်ကအရေးကြီးနေတယ်မဟုတ် လား၊ ညှိသည်တွေအတွက် စိတ်ချပါ၊ သမီးကြည့်ပြီး လိုအပ် တာတွေလုပ်ပေးလိုက်ပါ့မယ်၊ ဖေဖေသွားစရာရှိတာသာသွား ပေတော့"

ကြည်ဖြူပြောလိုက်လျှင် ဦးကြည်ဖြူအောင် ထွက်ပေါက် ရသွား၏။ သို့သော် မေမြတ်ဆွေက ပိုပြီးလည်ပါသည်။

မျက်ရည်ကျနေသည့်မျက်နှာကို ချက်ချင်းပြင်လိုက်ပြီး ပြုံးပြုံးရွှင်ရွှင်နှင့်ပင်. . .

"ကိုကိုသွားစရာရှိတာသွားပါ၊ မေ ဒီနေ့ ရွှေပင်ထွက် မှာ၊ ကျော်မြတ်ယျာကိုပဲပို့ခိုင်းလိုက်တော့မယ်"

"ကိုယ်တကယ်မအားလို့ပါမေရယ်၊ ကျော်မြတ်ယျာနဲ့ပဲ သွားလိုက်နော်၊ ကိုယ် ဘယ်လောက်ပေးခဲ့ရမလဲ"

"(၅)သိန်းလောက်ဆိုရပါတယ်ကိုကို၊ ဟိုလေ. . ပလက်တီနမ်ဆွဲကြိုးလေး၊ ဘာလေးလည်းဝယ်ချင်လို့ပါ"

"ရပါတယ်ကွာ၊ ကိုယ် ဒရိုင်ဘာနဲ့ပို့လိုက်မယ်"

ပြောပြီး အားလုံးကိုနှုတ်ဆက်ကာ ဦးကြည်ဖြူအောင် အလုပ်သို့ထွက်သွား၏။ အိမ်မှာ သဒ္ဒါကြည်ဖြူတစ်ယောက် တည်းကျန်ခဲ့သည့်အခါ မေမြတ်ဆွေနှင့်ကျော်မြတ်ယျာတို့မောင်နှမ၏ရယ်သံတွေက ထန်တင်းလို့နေလေ၏။

သူတို့ရုပ်တွေကိုကြည့်ပြီး သဒ္ဒါကြည်ဖြူ ဒေါသတွေ တနုံ့နုံ့ထွက်မိသည်။ ဟင်း. . ကာလပြောင်းပြန်ဆိုတာ ဒါပဲ။ သူတို့ကလည်း သူများအိမ်ပေါ်တက်လာသေးတယ်။ အရှက်မရှိတဲ့မျက်နှာတွေနဲ့။ ညေ့်သည်က ညေ့်သည်လိုမနေဘူး။

"ကဲ. . မညို. . ဈေးသွားတော့၊ ဒီစာရင်းအတိုင်းဝယ်ခဲ့၊ ဟိုအဒေါ်ကြီး လုပ်စရာရှိတာလုပ်တော့၊ မညိုပြန်လာမှ ဟင်းကိုမေချက်မယ်"





သူ့ကိုယ်သူ အိမ်ရှင်မတစ်ယောက်လို ဝင်ပြီးစီစဉ်နေသည့် မေမြတ်ဆွေကို ကြည်ဖြူမကျေနပ်။ ကြည့်စမ်းပါဦး. . ဖေဖေ့ဆီကလည်း တောင်းလိုက်တာ။ သူ့ဘာသာရှော့ပင်ထွက်မှာများ ငါးသိန်းတောင်တောင်းရတယ်။

အင်းလေ. . ဖေဖေကလည်း သူ့ရည်းစားဖြစ်ခဲ့ဖူးတော့ အားနာပြီး ပေးတာနေမှာပေါ့။

မီးဖိုထဲမှာနေရတာ စိတ်အီနွေးခြင့်အယှက်ဖြစ်လာသဖြင့် သဒ္ဒါကြည်ဖြူ ခြံထဲသို့ဆင်းခဲ့သည်။

ခြံထဲမှာ ပန်းပင်တွေရေလောင်းနေသည့် အချိန်ပိုင်းမာလီကြီးကို စိတ်ချမ်းမြေ့စဖွယ်တွေ့လိုက်ရ၏။

"ဟင်း. . သူရေလာလောင်းတာကလည်း သူ့ကိုယ်သူရိုက်ကွင်းဆင်းလာတဲ့မင်းသားများမှတ်နေလားမသိဘူး"

မျက်စောင်းထိုးပြီး ကြည်ဖြူရန်လုပ်လျှင် ဘုန်းခန့်လူလူရယ်မောရသည်။ ချစ်သူလေးပြောလည်း ပြောစရာ။ ကိုယ်ကလည်း နည်းနည်းလောက် အရောင်တင်ထားမိသည်မဟုတ်ပါလား။

မသိမသာလေးလို့ထင်မိပေမယ့် ကြည်ဖြူသိသွားသဖြင့် ဘုန်းခန့်လူလူ ရှယ်ရယ်ရယ်နေမိ၏။

"ဂျင်းဘောင်းဘီကလည်း အသစ်ကြီး"

ကြည်ဖြူက ဆက်လက်ကဲ့ရဲ့နေလျှင် ဘုန်းခန့်လူလူ အသည်းယားနေမိသည်။ မျက်နှာလှလှလေးကို ချစ်စဖွယ်ရှုံ့မဲ့ပြီး ဂါဝန်ဖားဖားလေးနှင့်ချစ်သူဟာ အရုပ်လေးလိုလှပပြီး ချစ်စရာကောင်းလှသည်။

"အသစ်မဟုတ်ပါဘူးကွာ၊ ဘေထုပ်ပါ"

"အိုး. . သူလား ဘေထုပ်ဝတ်မှာ၊ အင်္ကျီကလည်း TRI တံဆိပ်လား"

တကယ့်ကိုပင် စိုင်းစိုင်းလို နုဖတ်လန်းဆန်းနေသည့်ရုပ်မှာ ဂျင်းဘောင်းဘီနှင့်စပို့ရှပ်အစင်းကို စမတ်ကျကျဝတ်ထားပုံက ကြည်ဖြူကြွေသွားအောင်ပေါ့။

"ကဲပါကွာ. . ဒီမှာ အရမ်းရှက်နေရပြီနော်၊ ကိုယ့်ချစ်သူမာလီလက်သစ်. . အဲလေ. . မာဒဂ်လက်သစ်လေးကို တစ်ခုခုကျွေးပါဦး၊ ဒီမှာ. . အစောကြီးကတည်းက ဟိုဘက်ခြံ၊ ဒီဘက်





ခြံ နှစ်ခြံလုံးပြီးအောင် အလုပ်ကို လောဘဇောတိုက်နေရတာ၊ ဘာမှမစားရသေးဘူးကြည်ဖြူရဲ့"

သည်တော့လည်း သူမ လူလူ့ကို အရမ်းကြင်နာသနားသွားရသည်။

"ဟိုမောင်နှမကိုကြည့်မရလို့ ကြည်ဖြူလည်း ဘာမှမစားရသေးဘူးလူလူရဲ့၊ နေဦး. . တစ်ခုခုယူလာပေးမယ်"

"အိုကေ. . ကြည်ဖြူပါ ဒီမှာအတူစားနော်"

"ရက်(စ်). . "

ဂါဝန်လေးမပြီး ကြည်ဖြူ တိုက်နောက်ဘက်သို့ပတ်ဝင်သွားလျှင် ဘုန်းခန့်လူလူ ရေဆက်လောင်းနေလိုက်၏။ သူ့စိတ်ထဲမှာ အတွေးတွေက ချစ်သူလေးအတွက် စိုးရိမ်ပူပန်လျက်။

ဘာတွေဖြစ်လာဦးမှာလဲ။ ဟိုမောင်နှမပုံစံက တကယ့်လူလည်ပန်ကာတွေ။ ကြည်ဖြူတို့သားအဖက ရိုးရိုးသားသားတွေ။

အေးလေ. . ငါအတတ်နိုင်ဆုံး ကူညီစောင့်ရှောက်ရမှာပဲ။ နေ့ဘက်ကတော့ ကြည်ဖြူလည်းကျောင်းသွားနေမှာပဲ။ ကြည်ဖြူ အကူအညီတောင်းသလို ညဘက်ခိုးဝင်စောင့်ရှောက်ပေးရမယ်။

ထိုစဉ် မီးဖိုဘက်မှ ကြည်ဖြူ စတီးလင်ပန်းလေးနှင့်ထွက်လာသဖြင့် ဘုန်းခန့်လူလူ ဆီးကြိုလိုက်သည်။

နှင်းဆီပန်းဥယျာဉ်လေး၏အလယ်ရှိစားပွဲမှာ လင်ပန်းလေးကိုတင်လိုက်သည်။

"ထမင်းကြော်နဲ့ ကော်ဖီပဲရှိတယ်လူလူ၊ မုန့်မရှိတော့ဘူး၊ ဟိုလူစားသွားတာပေါ့၊ တကယ့်ကိုအစားကြီးတယ်၊ ကြည်ဖြူတို့တစ်အိမ်သားလုံးစာကို သူတစ်ယောက်တည်းစားပစ်တာလူလူရဲ့"

"ကဲပါကွာ. . ဒါဆိုလည်း ရပါတယ်၊ ကိုယ့်ချစ်သူရဲ့လက်ရာလေးမို့ အရမ်းစားလို့ကောင်းမှာသေချာတယ်"

"လူလူကလည်း မြှောက်နေပြန်ပါပြီ"

နှင်းဆီပန်းရနံ့လေးများနှင့် သာယာကြည်နူးဖွယ်ကောင်းသည့်နှင်းဆီခြံထဲမှာ ချစ်သူနှစ်ဦး နံနက်စာစားရတာ လူလူ့အတွက် အလွန်ကြည်နူးရပါသည်။

ပျော်လွန်းသဖြင့် ရုပ်က အပျော်တွေနှင့်ပြုံးဖြိုးနေသည့်အခါ ကြည်ဖြူမှာ သူ့ကိုကြည့်ပြီး မျက်စောင်းချိတ်မိပြန်သည်။

"ဘာဖြစ်နေတာလဲ. . ရုပ်ကြီးက"





"ဪ. . နှစ်ယောက်တည်းအတူနေရရင် သိပ်ပျော်မှာပဲလို့တွေးမိလို့ပါကွာ၊ အခုကိုပဲ အရမ်းပျော်နေမိပြီလေ"

တပြုံးပြုံးနှင့် ဘုန်းခန့်လူလူကြည်နူးနေသမျှ သဒ္ဓါကြည်ဖြူကတော့ ကန့်ကွက်သည်။

"အဲဒါ စိတ်ကူးယဉ်တာ၊ တကယ့်လူ့ဘဝကြီးဆိုတာ မလွယ်ပါဘူးနော်၊ ဘဝခရီးကလည်း အရှည်ကြီး၊ ဖေဖေပြောတယ်၊ ဘဝဆိုတာ ပင်လယ်ထက်ကျယ်တယ်တဲ့"

"အံမယ်. . အံမယ်. . သူတိုင်းထားတာကျနေတာပဲ၊ သူကျတော့ မိန်းမတွေတစ်ယောက်ပြီးတစ်ယောက်ယူပြီး. . "

"လူလူနော်. . ဖေဖေ့ကိုနှိမ့်ချမပြောပါနဲ့၊ ကြည်ဖြူမခံနိုင်ဘူး"

စားလို့ကုန်သွားသည့်ထမင်းကြော်နှင့် ကော်ဖီပန်းကန်ကိုစားပွဲပေါ်ပြန်တင်ပြီး ကြည်ဖြူ ဒေါသထွက်လာလျှင် ဘုန်းခန့်လူလူအလျှော့ပေးရပါသည်။

ဒါလေးကို အကွဲမခံနိုင်။ စကားနိုင်လုတာကအရေးမကြီး။

"ဆောရီးပါကွာ၊ ကိုယ်ကလည်း အမှန်တရားကိုဖော်ထုတ်

ချင်လို့ပါ။ ကဲကွာ. . ဘဝဆိုတာ ပင်လယ်ထက်ကျယ်တော့ရော ကိုယ်တို့နှစ်ယောက် အတူဖြတ်ကျော်ကြမှာပေါ့"

"လူလူက ကြည်ဖြူ့ကိုဘာလုပ်ကျွေးမှာလဲပြော၊ သူ့ကို ယူရင် ဖေဖေက အမွေဖြတ်မှာပါ၊ သေချာတယ်"

"မပူပါနဲ့ကြည်ဖြူရယ်၊ လူလူ့မှာ အရည်အချင်းတွေရှိပါ တယ်၊ အိမ်ထောင်တစ်ခုကို လှအောင်တည်ထောင်နိုင်ပါတယ်၊ ကြည်ဖြူ့မိဘတွေလောက်မချမ်းသာပေမယ့် ဝမ်းဝအောင်၊ ခါးလှအောင် ကျွေးနိုင်၊ ဆင်နိုင်ပါတယ်"

"ပန်းစိုက်ကျွေးမှာပေါ့. . ဟုတ်လား"

ကြည်ဖြူ့အသွင်က လှောင်ပြောင်ဟန်၊ သရော်ဟန်နှင့်။ ဘုန်းခန့်လူလူ မျက်လုံးတွေပင်ပြာသွားမိသည်။

အထက်လွှာမှချစ်သူလေးဟာ သူ့ကိုအထင်သေးလှပါ လား။ စကားပြန်ပြောနိုင်ဖို့ပင် ဘုန်းခန့်လူလူ အင်အားမရှိတော့။

စားသောက်ပြီးသွားသည့်ပန်းကန်များကို စားပွဲပေါ်တင် လိုက်ပြီး ဘုန်းခန့်လူလူ ပန်းပင်များကိုရေဆက်လောင်းရန်ပြင် လိုက်သည်။





ဘုန်းခန့်လူလူမျက်နှာညှိုးသွားလျှင် သဒ္ဓါကြည်ဖြူ စိတ် မကောင်းဖြစ်ရပြန်၏။ ချစ်သူဘဝဟာ ဒီလိုပဲလား။ တစ်ယောက် နှင့်တစ်ယောက် စကားနိုင်တွေလုလိုက်၊ စိတ်ကောက်လိုက်နှင့်။

သူမ လူလူ့ကိုလှမ်းပြီးတောင်းပန်လိုက်သည်။

"ဆောရီးလူလူ. . ယူ့အလုပ်ကို အထင်သေးလို့ပြောတာ မဟုတ်ပါဘူး၊ သူဌေးသား လူဖွံ့လူတေတွေထက်စာရင် လူလူ ကမှ လူငယ်ဖြစ်ပေမယ့် ကိုယ်ပိုင်လုပ်ငန်းတစ်ခုနဲ့ အခြေတင့် နိုင်ပါသေးတယ်၊ ကဲ. . ကြည်ဖြူ ကျောင်းသွားဖို့ပြင်ဦးမယ်၊ စိတ်မကောက်နဲ့နော်"

ပြုံးပြုံးလေးနှင့် စတီးလင်ပန်းလေးကိုင်ကာ ကြည်ဖြူ ထွက်သွားလျှင် ဘုန်းခန့်လူလူတစ်ယောက်တည်း ငေါင်ကျန်ခဲ့ ရလေသည်။

## အခန်း(၁၉)

အိမ်အောက်ထပ်ရှိ ကျော်မြတ်ယျာ၏အခန်းနားမှာ ကြည်ဖြူ့အစီအစဉ်အရ ဘုန်းခန့်လူလူရောက်ရှိနေရတာ ညရှစ်နာရီခွဲခန့်ကတည်းကဖြစ်သည်။

ကျော်မြတ်ယျာကို လုံးဝမသိကြသည်မို့ သူ့အနားမှာ ဘုန်းခန့်လူလူစောင့်နေပေးရသည်။

ကျော်မြတ်ယျာအခန်းနှင့် သူ့အခန်းကကပ်လျက်။ ကျော်မြတ်ယျာကတော့ သူ့အနားမှာ ဘုန်းခန့်လူလူရှိနေတာ ဘယ်သိမလဲ။

"လူလူ. . အိပ်ပျော်နေဦးမယ်နော်၊ သူ့အခန်းထဲကို ခိုး





ကြည့်လို့ရအောင်လည်း ကြည်ဖြူစီစဉ်ပေးထားသေးတယ်၊ ဒီမှာ ကြည့်. . ဒီပြက္ခဒိန်ကိုဖယ်လိုက်ရင် ဟိုဘက်ခန်းကိုချောင်းကြည့် လို့ရတယ်သိလား"

ကြည်ဖြူသတိပေးခဲ့သည်ကို ကြားယောင်ရင်း ဘုန်းခန့် လူလူ၏အလုပ်က နာရီဝက်တစ်ခါလောက် ဟိုဘက်အခန်းကို ချောင်းကြည့်ဖို့ပင်ဖြစ်သည်။

သူ့အတွက်စီစဉ်ပေးသည့်အခန်းမှာ ကုတင်နှင့် အိပ်ယာ နှင့်။ ကေန္တ. . ဒါ ညွှသည်တွေလာလျှင်တည်းဖို့ အပိုအိပ်ခန်း တွေဖြစ်ရမည်။

ညဆယ်နာရီလောက်ထိ အခြေအနေတွေက ငြိမ်းချမ် နေသည့်အခါ တစ်နေ့လုံး အလုပ်တွေလုပ်ခဲ့ရသည့်ဘုန်းခန့် လူလူမှာ ငိုက်ချင်ချင်။

စောပါသေးတယ်လေ။ စိတ်ကိုတင်းပြီး အိပ်ချင်ပြေအော ကိုယ့်အခန်းထဲမှာကိုယ် လူလူ အသံမထွက်အောင်လမ်းလျှော နေရသည်။

ညဆယ့်နှစ်နာရီလောက်အထိ အခြေအနေတွေက

အတိုင်းရှိနေသည့်အခါ ဘုန်းခန့်လူလူ ခေတ္တအိပ်ဖို့စဉ်းစားလိုက်သည်။

နာရီဝက်လောက်တော့ မှေးလိုက်ဦးမယ်။ သတိနဲ့အိပ်မှ။ တကယ်လည်း လူလူဟာ အအိပ်ဆတ်သူဖြစ်သည်။ ဘယ်လိုမှ မနေနိုင်တော့သည်မို့ ခေတ္တလောက် သူအိပ်ပစ်မိသည်။

နာရီကြည့်တော့ (၁၂)နာရီ။



"ဟင်. . "

သူဖျတ်ကနဲလန့်နိုးလာသည့်အခါ ညကြည့်လက်ပတ်နာရီကို အလန့်တကြားအရင်ကြည့်မိသည်။

"ဘုရားရေ. . "

ည(၁)နာရီခွဲ။

ဘုရား. . ဘုရား. . ငါ (၁)နာရီခွဲကြီးတောင် အိပ်ပျော်သွားမိပါလား။ (၁)နာရီခွဲဆိုတာ မကောင်းမှုတစ်ခုခုပြုလုပ်ဖို့ အချိန်ရတာပဲ။

ငါ့ကို ကြည်ဖြူ ယုံကြည်စွာအပ်နှံခဲ့တာ အလကားဖြစ်တော့မှာလား။ ရင်တွေတဒိုင်းဒိုင်းခုန်ရင်း ပြက္ခဒိန်အောက်မှ

အပေါက်လေးသို့ သူ လျင်မြန်စွာကပ်သွားပြီး ချောင်းကြည့်လိုက်၏။

"ဟာ. ."

မြင်ကွင်းကြောင့် နောက်သို့ပင် ဘုန်းခန့်လူလူ လန်ကျမတတ်။ ကျော်မြတ်ယျာနှင့်မေမြတ်ဆွေ တစ်ယောက်နှင့်တစ်ယောက် ဖက်တွယ်ပြီး ချစ်ပွဲဝင်နေလိုက်ကြတာ။

ခံပြင်းစိတ်ကြောင့် ဘုန်းခန့်လူလူ၏ရင်တွေက တဒိန်းဒိန်းခုန်လာပြီး လက်သီးကိုလည်း ကျစ်ကျစ်ပါအောင်ဆုပ်မိ၏။

ဒါဖြင့် ကျော်မြတ်ယျာနဲ့မေမြတ်ဆွေဆိုတာ မောင်နှမမဟုတ်ဘူးပေါ့။ ကလိမ်ကကျစ်တွေ။ ဒီအကြောင်းကို ဦးကြည်ဖြူအောင်နှင့်သဒ္ဓါကြည်ဖြူတို့သားအဖသိအောင် ဘယ်လိုလုပ်ရမလဲ။

သူကိုယ်တိုင်က ခိုးဝင်နေရသူမို့ ဦးကြည်ဖြူအောင်ကိုသွားနှိုးလို့မဖြစ်ပါ။ ထို့အတူ သဒ္ဓါကြည်ဖြူ့ကို သွားခေါ်လို့လည်း မသင့်တော်ချေ။ တစ်ယောက်တည်း တအုံနွေးနွေးနှင့် ပေါက်ကွဲနေရာမှ နောက်တစ်ခါ အခန်းထဲသို့ ဘုန်းခန့်လူလူထပ်ကြည့်လိုက်လျှင် မေမြတ်ဆွေကိုမတွေ့ရတော့ပါချေ။





ဘယ်လိုမှထင်မထားသည့်မကောင်းမှုကြီးကို မဖွယ်မရာမြင်တွေ့ခဲ့ရသည်မို့ ဘုန်းခန့်လူလူမှာ အထူးတုန်လှုပ်နေရသည်။

အင်း. . ဒီညအဖို့ နောက်ထပ်ဘယ်လိုမကောင်းမှုတွေများ ကြုံတွေ့ရဦးမှာလဲ။ သူသာ ဒီအိမ်သားတစ်ယောက်ဖြစ်ပါက ချက်ချင်းပင် ကျော်မြတ်ယျာ၏အခန်းကိုဆွဲဖွင့်ပြီး လက်သီးနှင့်ဆင့်ကာဆင့်ကာ ထိုးချလိုက်မိမည်။

ယခုတော့ သူ့နိုးခွေးကိုက်မအော်ဝံ့ဆိုသလိုပင် သူငြိမ်သက်နေလိုက်ရပါသည်။ မနက်ကျမှ ကြည်ဖြူ့ကိုပြောပြရမည်။ သဝိရိယနှင့်အိပ်ရင်း ဘုန်းခန့်လူလူ သည်ညကိုကုန်လွန်စေရတော့သည်။

## အခန်း(၂၀)

"ဟင်. . ဘာပြောတယ်လူလူ"

သဒ္ဓါကြည်ဖြူမှာ လုံးဝထင်မထားသည့်ပြဿနာမို့ လက်ထဲမှဇွန်းလွတ်ကျလုအောင်ပင် အံ့ဩထိတ်လန့်သွားရ၏။

ကြည်ဖြူနှင့်လူလူတို့မှာ ကြည်ဖြူ့အိမ်ထမင်းစားခန်းထဲတွင် ရှိနေကြသည်။ တစ်နေ့လုံး အလုပ်မအားကြသည်မို့ ညနေစောင်းမှ ကြည်ဖြူရှိရာထမင်းစားခန်းထဲသို့လိုက်လာပြီး ဘုန်းခန့် လူလူတိုးတိုးတိတ်တိတ်ပြောနေရ၏။

ကြည်ဖြူမှာ မနေ့က အရီးကြူပြောစဉ်က မယုံချင်သလို





ရှိသော်လည်း ယခု ချစ်သူကိုယ်တိုင်ထပ်မံပြောလာသည့်အခါ လုံးဝဥဿုံယုံကြည်ရပေပြီ။

"ဟုတ်တယ်ကြည်ဖြူ ညက (၁၂)နာရီကနေ (၁)နာရီခွဲအထိ ကိုယ်အိပ်ပျော်သွားမိတယ်၊ နောက် လန့်နိုးတော့ သူ့အခန်းထဲချောင်းကြည့်တဲ့အခါ ဒေါ်မေမြတ်ဆွေကိုပါတွေ့ရတယ်၊ တကယ့်ကို မဖွယ်မရာပုံစံပဲ၊ မောင်နှမချင်းတွေ့သလို ရိုးရိုးသားသားမဟုတ်ဘူး"

"ဘယ်လိုပုံစံမျိုးမို့လဲဟင်"

ကြည်ဖြူက မသိနိုးနနှင့်မေးလျှင် ဘုန်းခန့်လူလူစိတ်တိုသွား၏။

"ကြည်ဖြူကလည်းကွာ. . တစ်ယောက်နဲ့တစ်ယောက် ပွေ့လို့ဖက်လို့ပေါ့ကွ၊ မောင်နှမချင်းဆို ဖက်မလား၊ အိပ်ယာပေါ်မှာ နှစ်ယောက်အတူဖက်အိပ်နေမလား၊ ကဲ. . "

"တော်ပါပြီ. . တော်ပါပြီ၊ ဒီလောက်ဆို သဘောပေါက်ပြီ"

"တည့်တည့်ပြောတာပဲ၊ ပေါက်မှာပေါ့၊ ကဲ. . ဒီတော့ ဒီအတုအယောင်နှစ်ယောက်ကို လက်ပူးလက်ကျပ်ဖမ်းပြီး အိမ်ပေါ်ကနှင်ထုတ်ဖို့သာကြိုးစားကြစို့"

"လူလူကလည်း. . ညက ကြည်ဖြူ့ကိုလာခေါ်လိုက်ရင် ပြီးရော. . "

"ဩ. . ပြောတော့ လွယ်လိုက်တာ၊ ကိုယ်က ကြည်ဖြူ့ အစီအစဉ်အရ ဒီအိမ်ပေါ်ခိုးရောက်နေရတဲ့သူဆိုတာလည်း ထည့်တွက်ပါဦး၊ တော်ကြာ ကြည်ဖြူ့ဆီလာနှိုးဖို့ အိမ်ပေါ်တက်လာတုန်း အန်ကယ်နဲ့တွေ့ပြီး အချုပ်ခန်းထဲတန်းရောက်နေဦးမယ်"

လူလူရှင်းပြတာလည်းဟုတ်နေသဖြင့် ကြည်ဖြူ ဘာမှ မပြောတော့ပါ။ စိတ်ထဲကတော့ မကျေနပ်။

"လူလူအတွေးခေါင်နေတာနဲ့ တကယ့်ပြဿနာကြီး လက်လွတ်သွားရတယ်၊ ညက ဖမ်းမိလိုက်ရင် ပြီးပြီ"

"စိတ်မလျှော့ပါနဲ့ကွာ၊ ခုညတွေ့ရင် ကိုယ် ကြည်ဖြူ့ကို ဆက်ဆက်လာခေါ်ပါ့မယ်"

"လူလူကလည်း. . လူကြီးတွေပြောသလို သူခိုးလာတော့ ငါမနိုး၊ ငါနိုးတော့ သူခိုးမလာဆိုသလိုလည်း ဖြစ်နေပါဦးမယ်"

"မဖြစ်စေရပါဘူးကွာ၊ စိတ်ချပါ၊ တစ်ခုတော့ရှိတယ်နော်၊





အခု ကြည်ဖြူ့အစီအစဉ်အရ ကိုယ်က အိမ်ပေါ်ခိုးရောက်နေရတာမဟုတ်လား၊ အန်ကယ်နဲ့တိုးပြီး ဒုက္ခရောက်မှာတော့စိုးတယ်ကွာ၊ အဲဒီ့ကျရင် ကြည်ဖြူ ကိုယ့်ဘက်ကရှိနေရမယ်နော်"

"စိတ်ချပါလူလူရယ်၊ ကြည်ဖြူ သူ့ဘက်ကရပ်ပေးမှာပါ၊ တကယ်လည်း လူလူက စေတနာနဲ့လာပြီးစောင့်ရှောက်နေရတာပဲ၊ ကြည်ဖြူအကူအညီတောင်းလို့ လာနေရတာပဲဟာ"

ကြည်ဖြူ ထမင်းစားလို့ပြီးသွားချိန်တွင် ထမင်းစားခန်းထဲသို့ ကျော်မြတ်ယျာဝင်လာပြီး သူမအနီးမှာထိုင်နေသည့်ဘုန်းခန့်လူလူအား စူးစူးရဲရဲကြည့်နေ၏။

"မာလီကို ဒီလောက်အရေးပေးရသလားကြည်ဖြူ"

"ဒါ ရှင့်ကိစ္စမဟုတ်ဘူး၊ ကိုယ့်ကိစ္စသာကိုယ်တွေး"

ကြည်ဖြူကလည်း ကျော်မြတ်ယျာ၏စကားကို ပက်ကနဲ ပြန်ပြောပစ်လိုက်၏။

"ကြည်ဖြူ့ကိစ္စလည်း ကိုယ့်ကိစ္စပဲပေါ့၊ ကိုယ်တို့က မကြာခင် ဆွေမျိုးအရင်းကြီးတွေဖြစ်လာရမှာမဟုတ်လား"

"ကိုယ့်ဘက်ကိုယ်သိပ်အထင်ကြီးမနေနဲ့၊ လောကကြီးမှာ ဘယ်အရာမှ သေချာတယ်မရှိဘူး"

"တခြားကိစ္စတွေသာ မသေချာရှိရမယ်၊ ကိုယ်တို့အမျိုးတော်ဖို့ကိစ္စကတော့ အသေချာဆုံးပဲ၊ ဥပမာ. . မမနဲ့အန်ကယ် ယူလိုက်ရင်လည်း တို့နှစ်ယောက်ဟာ အမျိုး. . "

"ဝေးသေးတယ်"

"နောက်တစ်နည်းရှိသေးတယ်လေ၊ မမတို့မယူဖြစ်လည်း ကိုယ်တို့နှစ်ယောက်ယူလိုက်ရင် အမျိုးတော်တာပဲလေ"

"ဘာရှင့်"

"ဘာဗျ. . ခွပ်. . ခွပ်. . "

ကျော်မြတ်ယျာ၏ စော်စော်ကားကားစကားသံကိုကြားလိုက်ရလျှင် ကြည်ဖြူနှင့်လူလူတို့နှစ်ယောက်လုံး ဒေါသတွေကိုယ်စီထွက်သွားကြပြီး လူလူက ကျော်မြတ်ယျာ၏အင်္ကျီစကိုဆွဲပြီး မျက်နှာကို တခွပ်ခွပ်နှင့်ထိုးထည့်လိုက်သည်။

"ကောင်းတယ်. . ဒီလောက်တောင်စော်ကားလှတဲ့လူ"

ထိုစဉ် ဆူဆူညံညံအသံများကြောင့် မေမြတ်ဆွေပါပြေး





ဆင်းလာပြီး နှစ်ယောက်သားလုံးထွေးသတ်ပုတ်နေသည့်မြင်ကွင်းအတွက် တက်တော့ချက်တော့မည့်ရုပ်နှင့်အော်လေသည်။

"အောင်မလေး. . သေပါပြီ. . သေပါပြီ၊ အလို. . မာလီကလည်း လူပါးဝလှပါလား၊ သူကဘာမို့လို့ ငါ့မောင်လိုသူဌေးသားကို ရာရာစစ. . "

အနားမှာတွေ့သည့်တံမြက်စည်းနှင့် မေမြတ်ဆွေပါ လူလူ့ကိုဝင်ရိုက်မည်ပြင်လျှင် ကြည်ဖြူမခံနိုင်တော့ချေ။

"အန်တီ. . မတရားမလုပ်နဲ့နော်၊ အန်တီ့မောင်က ကြည်ဖြူကို ယူမယ်ပြောလို့ သူကဝင်ထိုးရတာ"

"ဟဲ့. . အဲဒီလိုပြောတော့ရော သူနဲ့ဘာဆိုင်သလဲ၊ နာစရာရှိ နင်ပဲနာရမှာ၊ ဘာလဲ. . နင်တို့နှစ်ယောက်က ရည်းစားတွေမို့လို့လား"

အရိုးကြူနှင့်မညိုတို့ပါ အသီးသီးရောက်လာကြပြီး ဝိုင်းဆွဲကြသဖြင့် ကျော်မြတ်ယျာနှင့်ဘုန်းခန့်လူလူတို့ ကွဲသွားကြပေပြီ။

နှစ်ယောက်လုံးပင် လက်သီးများကို ကျစ်ကျစ်ပါအောင်

ဆုပ်ထားပြီး ဒေါသကိုယ်စီထွက်နေကြလေသည်။ ကြည်ဖြူမှာလည်း မခံရပ်နိုင်ချေ။

မောင်က စကားနှင့်စော်ကားသလို အစ်မကလည်း သူ့မောင်ဘက်ကပါသည်လေ။

"အန်တီစကားပြောတာ ကြည့်ပြောပါ၊ ကိုယ့်မောင်က စော်ကားတာကို မတောင်းပန်တဲ့အပြင် ဝင်ကူညီတဲ့သူကိုတောင် အပြစ်တင်လိုက်သေးတယ်၊ သူနဲ့ကြည်ဖြူက အိမ်နီးချင်းတွေပဲ၊ သူငယ်ချင်းတွေပဲ၊ တစ်ယောက်ထိရင် တစ်ယောက်ကနာတာပေါ့"

"သူငယ်ချင်းဆိုရင် ဒီလောက်မနာပါဘူးအေ၊ သူငယ်ချင်းမကလို့ပေါ့"

သူလိုချင်သည့်စကားကိုသာ အထပ်ထပ်ပြောနေသည့် မေမြတ်ဆွေအား ကြည်ဖြူစိတ်မရှည်နိုင်ဖြစ်နေစဉ် ထမင်းစားခန်းထဲသို့ ဦးကြည်ဖြူအောင်နောက်ဆုံးဝင်လာလေသည်။

ဝရုန်းသုန်းကားပွဲမှာ ပြီးဆုံးလုနေပေပြီ။ ကျော်မြတ်ယျာ၏မျက်နှာတစ်ခုလုံး ဖူးယောင်ပွန်းပဲ့နေသလို ဘုန်းခန့်လူလူ၏ ရုပ်မှာလည်း ပျားတုပ်ခံထားရသည့်နှယ်။



"ဘာတွေဖြစ်ကြတာလဲ"

ဦးကြည်ဖြူအောင်၏အမေးကို မေမြတ်ဆွေက ငိုကြီး
ချက်မနှင့် အကယ်ဒမီရှုံးအောင်ဖြေလေသည်။

"ကိုကို့သမီးနဲ့ကိုကို့မာလီပေါ့၊ မေတို့မောင်နှမကို ဝိုင်းပြီး
နှိပ်ကွပ်နေကြတာလေ၊ ကျော်က ကိုယ့်ညီမလေးရယ်လို့ ကျီစယ်
တဲ့စကားကို ဟိုမာလီကောင်က ဝင်ပြီးထိုးတာ"

"အန်တီ. . စကားကို လွှန်လွှန်ကျူးကျူးမပြောပါနဲ့
ဖေဖေ. . သူ့မောင်ကသာ သမီးကိုယူရင် အမျိုးဖြစ်သွားတယ်
လို့ပြောတယ်ဖေဖေ၊ ကြည်ဖြူတို့က ကိုယ့်အိမ်ကိုယ်နေပြီး
အစော်ကားခံနေရမှာလား"

"မဟုတ်ဘူးအန်ကယ်၊ ကျွန်တော်ဒီလိုမပြောပါဘူး"

"ရှင် ပြောင်မလိမ်နဲ့၊ ရှင်ပြောလို့ ဟိုကဝင်ထိုးတာ"

"ကဲ. . ကဲ. . တော်ကြပါတော့၊ မောင်ကျော်မြတ်ယျာ
ကလည်း စကားကိုလွှန်လွှန်ကျူးကျူးမပြောပါနဲ့၊ သမီးကလည်း
ကိုယ်ကအိမ်ရှင်မို့ အတတ်နိုင်ဆုံးတော့သည်းခံပါကွယ်"

"ခုဟာက သမီးဘယ်လိုမှသည်းမခံနိုင်ဘူးဖေဖေ သူ
စကားနဲ့စော်ကားတာ"

"အေးပါကွယ်. . အေးပါ. . ကဲ. . ဒီတစ်ခါတော့ သည်းခံလိုက်ဦး"

"ဖေဖေ့ဧည့်သည်တွေကို ကြည်ဖြူလုံးဝမျက်နှာချင်းမဆိုင်ချင်ဘူးဖေဖေ၊ သမီး အဆောင်မှာသွားနေမယ်၊ သူတို့ပြန်မှပြန်လာမယ်"

"အို. . ဒါတော့ ဘယ်ဖြစ်မလဲသမီးရယ်၊ သူတို့ကလည်း အကြာကြီးတော့မနေပါဘူး၊ သည်းခံပြီး ကိုယ့်အိမ်မှာကိုယ်နေလိုက်ပါကွယ်၊ သမီးလည်း ကျောင်းသွားရတာနဲ့ တစ်နေ့လုံးကြာမှ ခဏတစ်ဖြုတ်မျက်နှာချင်းဆိုင်ရတာပါ"

ဦးကြည်ဖြူအောင်နှင့် သဒ္ဓါကြည်ဖြူတို့၏စကားများကို နားထောင်ပြီး မေမြတ်ဆွေနှင့်ကျော်မြတ်ယျာမှာ အံတကြိတ်ကြိတ်။

ကိုယ်က အရှုံးနှင့်ပြန်မဆုတ်နိုင်သည်မို့ ထွက်လုလုဒေါသတွေကို ပြန်မျိုချပြီး ဒီအိမ်မှာဆက်နေရပါဦးမည်။

မေမြတ်ဆွေ မာယာသုံးရပါ၏။

"အဟင့်. . . အဟင့်. . ကိုကိုရယ်. . မေတို့နေရတာ





တစ်ပြားသားမှကို သိက္ခာမရှိတာ့ပါလား၊ အလုပ်ကိစ္စတွေကလည်း မပြီးပြတ်သေး၊ မောင်ကျော်ရေ. . တို့မောင်နှမ တခြားမှာသာပြောင်းတည်းကြပါစို့ကွယ်၊ အဟင့်. . ရက်စက်လိုက်တာကိုကိုရယ်၊ ဩော်. . ယောကျ်ားတွေရဲ့အချစ်ဟာ တော်တော်ကြောက်စရာကောင်းပါလားနော်၊ ပုတ်သင်ညိုလို အရောင်အမျိုးမျိုးပြောင်းတတ်ပါပေရဲ့"

မေမြတ်ဆွေ ဖွဲ့.ဖွဲ့.နွဲ့.နွဲ့.နှင့် လူသေသလိုငိုနေသည်မှာ အလှပင်မပျက်။ တတ်လည်းတတ်နိုင်သည့်မိန်းမ။ ဘုန်းခန့်လူလူကတော့ ကြည်ဖြူကိုသာတစ်ချက်ကြည့်ပြီး ထမင်းစားခန်းထဲမှ နောက်ဘက်သို့လှည့်ထွက်သွား၏။

"ကိုကိုကိုစေတနာရှိလို့ သတိပေးရဦးမယ်၊ အဲဒီမာလီနဲ့ကိုကို့သမီးနဲ့ ထမင်းစားခန်းထဲမှာ မဖွယ်မရာမြင်လို့ ကျော်က ဝင်ပြောရင်းနဲ့ ရန်ဖြစ်ကြတာ၊ သမီးမွေးထားပြီး ပေါက်လွှတ်ပဲစားထားရင် ကြုံရာလူနဲ့ရသွားမှာပဲ၊ အဲဒီတော့မှ နောင်တတွေမရနဲ့"

"ဟင်. . ရှင်. . ရှင်. . ယုတ်မာလှချည်လား၊ မဟုတ်ဘူး

ဖေဖေ၊ သူတို့သာမောင်နှမ,မဟုတ်ဘဲနဲ့ မောင်နှမယောင်ဆောင်နေကြတာ၊ ခုမှတော့ မထူးတော့ပါဘူး၊ ကြည်ဖြူမြင်သလောက်ပြောပြမယ်၊ အရီးကြူလည်းသိတယ်"

"ဟင်. . နင်. . နင်တို့ မတရားလီဆယ်ပြီးမပြောနဲ့"

ကြည်ဖြူ့စကားကိုကြားလျှင် မေမြတ်ဆွေ ဒေါသတကြီးဖြစ်သွားပြီး နေရာမှာပင် ခေါက်ကနဲသတိလစ်သွားလေလျှင် သူမတို့မှာ ခြေမကိုင်မိ၊ လက်မကိုင်မိနှင့် မေမြတ်ဆွေကို သူမ၏အခန်းသို့လိုက်ပို့ရ၊ ဆရာဝန်ထံဖုန်းဆက်ရနှင့် အလုပ်ရှုပ်သွားကြတော့သည်။

ဒီတစ်ခါတော့ မေမြတ်ဆွေ တကယ်ပင်ဟတ်ထိသွားပြီထင်ပါသည်။ သူတို့၏မကောင်းမှုကြီးပေါ်မှာစိုးရိမ်လွန်းသွား၍ တကယ်ပင် သတိတွေလစ်သွားသည်ကြောင့် တော်တော်ကြီးကိုဆေးကုလိုက်ရပါတော့သည်။

အင်း. . အဆိုးထဲကအကောင်းလို့ပင် မေမြတ်ဆွေအတွက်ခေါ်ရလေမလား။ အားနည်းဖြူဖျော့နေမကောင်းဖြစ်သွားသည့် မေမြတ်ဆွေသည် အိမ်ပေါ်မှ ပြောင်းမပြေးရပြန်တော့ပါချေ။



## အခန်း(၂၁)

မေမြတ်ဆွေ၏အခန်းထဲမှာ ကျော်မြတ်ယျာနှင့် ဦးကြည်ဖြူအောင်၊ နောက် အရီးကြူပါစောင့်နေရသဖြင့် ကြည်ဖြူ့မှာ ညနေကအကြောင်းကို စကားမဆက်နိုင်တော့ချေ။

မေမြတ်ဆွေ ဒီလောက်သေကောင်ပေါင်းလဲမူးမေ့သွားရသည့်ကိစ္စအား ကြည်ဖြူပြောလို့မဖြစ်သေးပါ။

နောက်မှပြောရပေတော့မည်။ ည(၉)နာရီအထိ လူနာကညည်းနေလျှင် ကြည်ဖြူလည်းစိတ်မရှည်တော့ဘဲ အောက်ထပ်သို့ဆင်းလာခဲ့သည်။

ညှော်ခန်းမှတဆင့် နှင်းဆီဥယျာဉ်လေးဆီသို့ သူမဆင်း

လာခဲ့သည်။ ကိုယ့်အိမ်၊ ကိုယ့်ယာနှင့် ကိုယ့်နှင်းဆီခြံလေးထဲမှာ စိတ်ချမ်းသာရသည်မှာ မကြာသေး။

မိစ္ဆာမောင်နှမက အိမ်ထဲသို့ဝင်ရောက်နှောင့်ယှက်လာရသေးသည်။ ဒီမိစ္ဆာနှစ်ကောင်ကို ဘယ်လိုမောင်းထုတ်ရမလဲ။ ဒီမိစ္ဆာနှစ်ကောင်ရဲ့မကောင်းမှုကို ဖေဖေသိအောင်ဘယ်လိုဖော်ထုတ်ရမလဲ။

လရောင်၊ နှင်းရောင်အောက်မှာ မခို့တရို့ပွင့်ငုံနေကြရှာသည့်နှင်းဆီပန်းရောင်စုံလေးများကို ကြည်ဖြူလျှောက်ကြည့်ပြီး ဒုက္ခတွေကိုမေ့လျော့နေမိစဉ် နှင်းဆီပင်တွေကြားမှာ လူလူ့ကို ဘွားကနဲ ထိုင်လျက်သားတွေ့လိုက်ရ၏။

"အို. . လူလူ. . ဘာလုပ်နေတာလဲ"

လရောင်အောက်မှလူလူဟာ လနတ်သားတစ်ပါးနှယ် ချောမွေ့နေပေစွ။ ကြည်လင်လန်းဆန်းသည့်မျက်နှာလှလှမှာ အချစ်ရိပ်၊ အချစ်ရောင်တို့ဖြင့် တင့်ရွန်းလင်းလက်လျက်။

ဂျင်းဘောင်းဘီနှင့် တီရှပ်လက်ရှည်ချောကလက်ရောင် ဝတ်ထားပြီး ခေါင်းစွပ်အနက်လေးဆောင်းထားသည့် ခေတ်သစ်





လနတ်သားလေးက ကြည်ဖြူ့ကို ချစ်ရည်ရွှန်းသည့်မျက်ဝန်းရွဲရွဲကြီးများနှင့်မော့ကြည့်ပြီး သူ့အနားမှာထိုင်ဖို့ လက်ကမ်းကြိုဆိုလေသည်။

"ဟာ. . မထိုင်ချင်ပါဘူး၊ နှင်းတွေနဲ့. . "

မြက်ခင်းပြင်မှာနှင်းတွေရှိသဖြင့် ကြည်ဖြူ နှုတ်ခမ်းစူလျှင် လူလူက သူ့တီရှပ်လက်ရှည်ကိုချွတ်ပြီး ခင်းပေးလိုက်သည်။

"အို. . "

လရောင်အောက်မှာ ဝင်းပသည့်သူ့ကိုယ်လုံးက ဖွေးဖွေးလက်လက်။ ပပဝတီလို အရောင်တွေထွက်နေသလို။

အာနိုးကြီးလို၊ ရမ်ဘိုလို၊ ဗလကြီးက အယ်မနေပေမယ့် ကျစ်လစ်ဖွံ့ထွားသည့်သူ့ဗလက လှရဲ့၊ ပရဲ့ အနေတော်။

သူ့ကိုကြည့်ပြီး ကြည်ဖြူ အရှက်တွေသည်းနေမိလျှင် သူက ကြည်ဖြူ့လက်ကလေးကိုဖမ်းဆွဲပြီး သူ့အကျႌပေါ်မှာထိုင်ခိုင်းလိုက်၏။

"အာ. . လူလူသိပ်ဆိုးတာပဲ၊ ကြည်ဖြူ ဘွဲ့မရသေးဘူးသိလား"

ဘာမှမဆိုင်ဘဲနှင့် ပြောမိပြောရာတွေပြောနေမိသည့် ကြည်ဖြူ့ရင်မှာ ပရမ်းပတာခုန်လှုပ်လျက်။ ဘုန်းခန့်လူလူကတော့ ပြောမနေနှင့်။ စကားတစ်လုံးမှပြောလို့မရတော့တာ ဘာကြောင့် မသိ။

အစက ကြည်ဖြူတို့ကိုစောင့်ရှောက်ဖို့ ခြံထဲသို့ခိုးဝင်နေ ခဲ့ပေမယ့် ကြည်ဖြူဆင်းလာလိမ့်မယ်ထင်မထားပါ။

တကယ်ပါ။ သူက ချစ်သူကို ရိုးရိုးလေးချစ်ချင်တာပါ။ ရိုးရိုးလေးစောင့်ရှောက်ချင်တာပါ။

ဟိုတစ်နေ့က ကိုယ့်ခြံထဲမှာတွေ့ကြတာလည်း အရေးကြီး သည့်ကိစ္စပြောဖို့ပါပဲ။ ကိုယ့်ခြံထဲမှာဆိုသည့်အသိကြောင့် အိန္ဒြေ တွေစောင့်စည်းခဲ့မိပေမယ့် သူ့ဖေဖေက ကိုယ့်မမကိုပွေ့လား၊ ဖက်လားလုပ်နေတာတွေ၊ နောက် မနေ့ညက ကျော်မြတ်ယျာ နှင့်မေမြတ်ဆွေတို့ကိုမြင်ရပြီးသည့်အခါ လူပျိုရိုင်းလေး၏ ရင်ထဲမှာ ချစ်သူကို ပွေ့ကြည့်ချင်၊ နမ်းကြည့်ချင်မိသလိုလို။

ရဲလည်းမရဲပါ။ ချစ်သူကိုလည်း မိုးပေါ်ကအာသာဝတီ နတ်ပန်းလေးတမျှ တန်ဖိုးထားပါသည်။





အခက်အခဲတွေကြားမှာ၊ အရှုပ်အထွေးတွေကြားမှာ ချစ်သူအထင်လွဲမှာလည်း မခံနိုင်။ ကဲ. . . ဒီငမိုက်သား ဘာ လုပ်ရမှာလဲ။

သူ့အနားမြက်ခင်းပြင်မှာ၊ သူ့အင်္ကျီပေါ်မှာ ပွံ့ပွံ့လေးထိုင် နေရင်းမှ အရှက်တွေသည်း၊ အကြောက်တွေကြီးနေသည့်ချစ်သူ လေးကို သူ လက်ဖျားလေးနှင့်ပင်မထိဘဲ အဖျားတက်သလို မေးတဂတ်ဂတ်ရိုက်နေမိတော့သည်။

သည်အခါ သူမက မျက်စောင်းလဲ့လဲ့ချိတ်ပြန်သည်။

"ဘာဖြစ်နေတာလဲ၊ ကိုနော်. . ကြည်ဖြူကြောက်တယ်"

"ဟာ. . အသားလွတ်ကြီးပါလား"

သူမ၏ဘေးနားမှာ သူက လက်နှစ်ဖက်ကိုခပ်တင်းတင်း ပိုက်ပြီး ကြက်သီးတွေထနေလျှင် ကြည်ဖြူရယ်ချင်လာတော့၏။

"သွား. . လူဆိုး. . ဘာအကြံအစည်နဲ့ ခြံထဲရောက်နေ တာလဲ"

"ဟောဗျာ. . သူတော်ကောင်းကို မကောင်းထင်ဆိုတာ ဒါပေါ့၊ ကိုယ်ကတော့ ကိုယ့်အသည်းလေး အသက်ရှည်ရာ

အနှာမဲ့ကြောင်းအတွက်လာပြီး သက်တော်စောင့်လုပ်ပေးနေတာပါဗျာ"

"ဒါဆိုလည်းပြီးရော. . . လာ. . လူကြီးတွေလစ်တုန်း အိမ်ထဲခိုးဝင်ရအောင်"

"ခုမှတော့ မရဘူးကွာ၊ နည်းနည်းလောက်. . "

လူလူ့စကားကြောင့် ကြည်ဖြူ့မျက်နှာလေးမှာ အရှက်ကြောင့်ရဲကနဲ။

ထပြေးချင်သော်လည်း သူက လက်ပိုက်ဖြုတ်ပြီး လက်တစ်ဖက်နှင့်ဆွဲကိုင်ထားလေသည်။

"ကိုနော်. . ဘာလဲ. . ဘာနည်းနည်းလဲ"

"ဟုတ်သားပဲ၊ ဒါမျိုးဆိုတာ ခွင့်မတောင်းရဘူး"

ပြောပြီး သူမကို လူလူပွေ့ဖက်လိုက်လျှင် ကြည်ဖြူမှာ အလန့်တကြားရုန်းကန်နေမိသည်။ လူလူကလည်း အတင်းပင် လက်နှစ်ဖက်နှင့်ပွေ့ဖက်လျက် နဖူးဆံစလေးကို မွှေးကြည့်ဖို့ကြိုးစားနေ၏။

"ဩ. . မင်းက ဒီလိုကိုး၊ တော်တော်အကြံပက်စက်တဲ့ကောင်၊ ခုလည်း မေ့အခန်းထဲကနေ ကျော်မြတ်ယျာပြလို့ ငါ





ဆင်းကြည့်တာ၊ မင်းကွာ. . ငါ့မျက်နှာကိုတော့ ထောက်သင့်ပါတယ်"

ဘွားကနဲရောက်လာသည့် ဦးကြည်ဖြူအောင်၏ဒေါသမျက်နှာကြီးကြောင့် နှစ်ယောက်သား ကြောက်လန့်တကြားထရပ်လိုက်ရသည်။

"မဟုတ်ဘူးဖေဖေ. . သမီးတို့က. . "

"တော်. . တိတ်. . ဘာမှဆင်ခြေတက်မနေနဲ့တော့၊ ငါမျက်စိနဲ့မြင်နေရပြီပဲ၊ ဟေ့. . မောင်လူလူ. . မင်းအဆင့်အတန်းနဲ့ ငါ့သမီးကိုများ တက်ချိုင်ရတယ်လို့ကွာ၊ မင်းဟာ သိုက်တူးသမားပဲ၊ အကြံသမားပီပီ သူများကို မတရားစွပ်စွဲလိုက်ကြသေးတယ်"

"ဖေဖေ. . "

"အန်ကယ်. . "

"ဟေ့ကောင်. . မင်းထွက်သွား၊ ဘာလဲ. . ငါ ရဲကိုဖုန်းဆက်လိုက်ရမလား၊ သမီး. . အိမ်ပေါ်ပြန်တက်စမ်း၊ သမီးကို ဒီအဆင့်လောက်နဲ့တော့ ဖေဖေဘယ်သဘောတူနိုင်မလဲ၊ ချစ်

သက်လူမျက်နှာကိုထောက်လို့ ဒီကောင့်ကို ဒီလောက်လိုက်လျော နေတာ၊ ဟော့. . သွားတော့"

နောက်ဆုံး ဘုန်းခန့်လူလူ သရက်ပင်မှတဆင့် ကိုယ့်ခြံထဲသို့ခေါင်းငိုက်စိုက်နှင့် ပြန်ဝင်သွားရလေသည်။ ကြည်ဖြူ ဖေဖေ့ကို စကားပြောဖို့ကြိုးစားပေမယ့် ဖေဖေက ဒေါသတွေထွက်နေရသည့်ကြားထဲ အကြံသမားကျော်မြတ်ယျာကလည်း ချက်ချင်းပင် ဖေဖေ့အနားသို့ရောက်ရှိလာလေ၏။

"အန်ကယ်. . မမ မေးနေပါတယ်"

"အေး. . အေး. . ကဲ. . သမီး. . အိမ်ပေါ်တက်၊ ကိုယ့်အခန်းကိုယ်သွားတော့"

သဒ္ဒါကြည်ဖြူ ဘာမှမတတ်နိုင်တော့ပါချေ။ မျက်နှာလေးကို လက်ဝါးနှစ်ဖက်နှင့်အုပ်လျက် ငိုရှိုက်ရင်း သူမ ကိုယ့်အခန်းသို့ ပြေးတက်ခဲ့ရပါတော့သည်။

ဝေးပြီထင်ပါရဲ့လူလူရယ်။ အိမ်ပေါ်မှာ မိစ္ဆာတွေပဲကြီးစိုးနေပြီထင်ပါရဲ့ကွယ်။



# အခန်း(၂၂)

ညဦးပိုင်းက ငိုရင်းရှိုက်ရင်း မောပန်းစွာအိပ်ပျော်သွားခဲ့သည့်သဒ္ဒါကြည်ဖြူမှာ ညလယ်ခေါင်ကြီး တံခါးတွေတဒေါက်ဒေါက်နှင့်လာခေါက်သောကြောင့် တံခါးဖွင့်ပေးလိုက်ရလျှင် တံခါးပေါက်ဝမှာ အရီးကြူ မညိုနှင့် ကျော်မြတ်ယျာတို့ကိုတွေ့လိုက်ရသည်။

"ဘာလဲ. . အရီးကြူ. . ဘယ်သူဘာဖြစ်လို့လဲ"

သူတို့မျက်နှာတွေမကောင်းကြသဖြင့် ဖေဖေများဘာဖြစ်လို့လဲဟု ကြည်ဖြူထိတ်လန့်စွာတွေးမိစဉ် ကျော်မြတ်ယျာက အောင်နိုင်သူအပြုံးနှင့် ပြောလေသည်။

"ဘာမှမဟုတ်ပါဘူးကြည်ဖြူ တို့အစ်မနေမကောင်းလို့ သူ့အခန်းထဲကိုခဏလောက်လိုက်ကြည့်ဖို့ခေါ်တာပါ"

"ဒါများ ရေးကြီးခွင်ကျယ်လုပ်လို့ ကြည်ဖြူကတော့ ဖေဖေများဘာဖြစ်သလဲလို့"

ပုံစံကြည့်ရတာ အရီးကြူနှင့်မညိုလည်း ဘာမှသိပုံမပေါ်ပါ။ သုံးယောက်သား ကျော်မြတ်ယျာနောက်မှ အူကြောင်ကြောင်နှင့်လိုက်သွားကြရပြီး မေမြတ်ဆွေနေသည့်အခန်းရှေ့သို့ရောက်ကြ၏။

"ရှူး. . တိုးတိုး"

ကျော်မြတ်ယျာက ပါးစပ်မှာလက်ညှိုးတပ်ပြီး သတိပေး၏။ ပြီးမှ အခန်းတံခါးကို ဖြည်းညင်းစွာဖွင့်လိုက်လေသည်။

"ဟင်. . "

"အို. . "

"ဟာ. . "

ကြည်ဖြူ မညိုနှင့် အရီးကြူတို့သုံးယောက် အာမေဋိတ်သံပေါင်းစုံထွက်ပြီး ကြက်သေသေသွားကြသည်မှာ ဖေဖေနှင့်





မေမြတ်ဆွေကို အိပ်ယာပေါ်မှာအတူဖက်အိပ်လျက်ပုံစံတွေ့လိုက်ကြရလို့ပါပဲ။

သူမတို့သုံးယောက်လုံး ကိုယ်စိတ်နှစ်ပါး အစွမ်းကုန်ဆင်းရဲနေကြရဆဲ ကျော်မြတ်ယျာ၏ငှက်ဆိုးထိုးသံကြီးက ထွက်ပေါ်လာပြန်သည်။

"မြင်တဲ့အတိုင်းပဲ၊ ညက မမ နေကောင်း၊ မကောင်းသိချင်လို့ ငါတက်လာတော့ အန်ကယ် မမအခန်းထဲကိုဝင်သွားတာတွေ့လိုက်ရတယ်၊ ဒီအခြေအနေရောက်နေတာတောင် နင့်အဖေက မမကိုမယူချင်ဘဲ ရှောင်ထွက်ချင်နေသေးတယ်၊ နေဦး. ဒီပုံစံကို ငါဓာတ်ပုံရိုက်ယူထားဦးမယ်"

"အို. . မရိုက်နဲ့"

ကျော်မြတ်ယျာက အသင့်ပါလာသည့်ကင်မရာဖြင့် ထိုပုံစံကြီးကို (၂)ကွက်၊ (၃)ကွက်၊ ရှုထောင့်အမျိုးမျိုးမှရိုက်ယူလိုက်လျှင် သဒ္ဓါကြည်ဖြူအော်ငိုမိလေသည်။

သို့သော် ဖေဖေတို့နှစ်ယောက်ကတော့ တုတ်တုတ်မျှမလှုပ်ပါ။ ရှက်လို့ပဲ ဆက်ပြီးအိပ်ချင်ယောင်ဆောင်နေတာလား။

တကယ်အိပ်ပျော်နေရောလားဆိုတာ ကြည်ဖြူမသိ။

ကျော်မြတ်ယျာကိုကျော်ခိုင်းပြီး ကြည်ဖြူတို့သုံးယောက်သား ရှက်ရွံ့စွာနှင့် အောက်ထပ်သို့ပြေးဆင်းခဲ့ရလေသည်။

"ဘယ်လိုလုပ်ကြမလဲအရီးကြီးရယ်၊ ဖေဖေကလည်း ဒီမဂေါင်းဆိုးဝါးမဆိများ သွားအိပ်နေရသေးတယ်၊ ခုမှတော့ ယူရတော့မယ်ထင်တယ်နော်"

အောက်ထပ်ဧည့်ခန်းထဲမှာ သုံးယောက်သား ခပ်ငူငူထိုင်နေကြပြီး ကြည်ဖြူကတော့ လူးလိှမ့်ငိုကြွေးလိုက်ချင်သည်။

သေတာနဲ့ဘာထူးသေးလဲ။ ဒီလိုမိစ္ဆာမောင်နှမနဲ့သာ အတူတစ်သက်လုံးနေကြရမယ်ဆိုရင် သူမတို့သားအဖရဲ့ဘဝဟာ တမြည့်မြည့်သေဆုံးသွားကြရမှာပါ။

"ဖေဖေရယ်. ."

သေဆုံးသွားသူလို ဖေဖေ့ကိုတ,ရင်း ကြည်ဖြူ မျက်ရည်ဖြိုင်ဖြိုင်ကျနေလျှင် အရီးကြီးဖျောင်းဖျရပါသည်။

"ဒါ သက်သက်လုပ်ကြံတာပါကြည်ဖြူရယ်၊ ဆရာကြီးဟာ သင်းကိုမချစ်တော့ပါဘူး၊ အရီးကြူပြောသလိုပဲ သူတို့မောင်နှမ ဟာ မရိုးဘူးကွယ့်၊ မောင်နှမ,မဟုတ်ဘဲ လင်မယားပဲဖြစ်ရမယ်၊ ဟိုညက ဟိုမိန်းမ ဟိုကောင့်အခန်းထဲ အဝတ်အစားကပိုကရိုနဲ့ ဝင်တာ လုံးဝမရိုးသားဘူး၊ ခုတော့ သူတို့က အကြံဦးသွားတယ်"

"အရီးကြူကလည်း. . သူတို့ကို မပိုင်ဘဲနဲ့သွားစွပ်စွဲလို့ မရဘူးနော်၊ ကြည်ဖြူတော့ ဖေဖေ့ကိုပဲစိတ်နာတယ်၊ ဟိုဘက်ခြံ ကမမချစ်သက်လူလို အေးအေးလေးမျိုးဆို ကြည်ဖြူသဘောတူ နိုင်သေးတယ်၊ ဒီလိုစုန်းမမျိုးနဲ့တော့ သဘောမတူနိုင်ပါဘူး၊ တစ်အိမ်လုံးကိုဒုက္ခပေးမယ့် .ဘီလူးမ. . "

"ဘာပဲပြောပြော ဆရာကြီးကို သူ့အခန်းထဲမှာ တွေ့ထား ပြီလေ၊ ဟိုကလိမ်ကကျစ်ကောင်က ဓာတ်ပုံတောင်ရိုက်ထား လိုက်သေးတယ်"

"ပြောပါဦးမညိုရဲ့၊ နင်ကလည်း ဘာမှကိုဝင်မဆွေးနွေး တော့ဘူးလား"

ကြည်ဖြူ မညိုကိုဟောက်လိုက်လျှင် အသားညိုပေမယ့်



သဘောကောင်းသည့် ရွက်ကြမ်းရေကျိုမလေးက စိတ်ဆင်းရဲ ကိုယ်ဆင်းရဲရုပ်နှင့်ပြန်ပြော၏။

"မမကလည်း. . မမတို့တောင် မကြံတတ်တဲ့ပြဿနာကြီး ကို မညိုက ဘယ်လိုကြံစည်တတ်မှာလဲ၊ မညိုထင်တာတော့ ဆရာကြီးဟာ ဆေးမိနေတာဖြစ်ရမယ်"

"အဲ. . ဟုတ်သားပဲ"

အရှုံးအပေါစကားများမှန်သလိုပဲ မညိုပြောသည့်စကား ကိုကြားမှ ကြည်ဖြူတို့သုံးယောက်သား အပေါ်ထပ်သို့ပြန်တက် ပြေးကြလေ၏။

အအိပ်ဆတ်သည့်ဖေဖေဟာ ငိုသံ၊ ယိုသံ၊ ဆူသံ၊ ညံသံ ကြားထဲမှ မနိုးတာ ဆေးခပ်ထားလို့ပေါ့။

အိပ်ဆေးလား၊ မူးယစ်ဆေးတွေလား။ တစ်ခုခုတော့ တစ်ခုခုပဲ။

"မညိုပြောတာဟုတ်တယ်၊ ငါအော်ငိုတာလည်း ဖေဖေ မနိုးဘူး၊ ဟိုမိစ္ဆာနှစ်ကောင် ကလိမ်ကကျစ်လုပ်ထားတာဖြစ်ရ မယ်၊ လာ. . လာ. . အဲ. . မညို. . နင်. . လူလူ့ဆီဖုန်းဆက် စမ်း၊ ခုချက်ချင်းလာပါလို့"

သူမပဲ့သုံးယောက် အပေါ်ထပ်သို့ရောက်ပြီး မေမြတ်ဆွေ၏အခန်းတံခါးကို ရုတ်တရက်ဖွင့်လိုက်ကြလျှင် မေမြတ်ဆွေက ကုတင်ပေါ်မှာထိုင်နေပြီး ကုတင်ဘေးကုလားထိုင်ပေါ်မှ ကျော်မြတ်ယျာနှင့်စကားပြောနေ၏။

ဦးကြည်ဖြူအောင်ကတော့ ယခုထိ သူမျှားကုတင်ပေါ်မှာ မလှုပ်မယှက်။

ဘွားကနဲဝင်လာသည့် ကြည်ဖြူတို့သုံးယောက်ကိုကြည့်ပြီး မိစ္ဆာနှစ်ကောင်မှာ အံ့အားတသင့်နှင့် မျက်စိမျက်နှာတွေ ပျက်လျက်။

"ဖေဖေ. ."

စောစောက ရုတ်တရက်မို့ ရှက်ပြီး ရဲရဲမကြည့်ရဲခဲ့သည့် ကြည်ဖြူမှာ အခုက၊ ခပ်တည်တည်နှင့်ပင် ဖေဖေ့အနားသို့တိုးကပ်လျှောက်သွားလိုက်သည်။

ထင်မထားသည်မို့ မိစ္ဆာမောင်နှမမှာ အိုးတိုးအမ်းတမ်း။

"အရီးကြီး. . ဖေဖေ့ကိုလာကြည့်ပါဦး၊ အိပ်ဆေးတွေမိတာလား၊ အဆိပ်ပဲခတ်ခံထားရသလား၊ လာကြည့်ပါဦး"



မေဒါသချုပ် … ပြင့် သူမ၏အသံ … အက်အက်။

ကျော်မြတ် … ပြည်းမခေပါ။ ခပ်ထန်ထန်ရုပ်နှင့် ကြည်ဖြူ … သည်။ ကြည်ဖြူနှင့်အရီးကြီး လောက်ကို … မှု …

"ဟဲ့ကောင်မ … အရှက်မရှိ ကိုယ့်အဖေက မယား အခန်းထဲမှာ ခိုးလုင်ခိုးယည်နဲ့မိထားတာကောင် တစ်ခါပြန်လာ ရဲသေးတယ်၊ နင်တော်တော်အရှက်မရှိပါလား"

သူမကလည်း ကိုယ့်အဖေထိတော့ တက်ကက်လန်အောင် ပြန်ရန်တွေ့လိုက်သည်။

"နင်သာအရှက်မရှိတာ၊ ကြည့်စမ်းပါဦး. . ဘယ်လိုမောင်မျိုးတွေများ လင်နဲ့အတူနေတဲ့နှမအခန်းထဲကိုဝင်မှာတဲ့လဲ၊ အရီးကြီးပြောတဲ့ မောင်နှမယောင်ဆောင်ထားတဲ့ အကြံအဖန်လင်မယားတွေမို့ပေါ့. . က…

ဒေါသကြောင့် သူမ စကားလုံးကြမ်းကြမ်းနှင့်တုံ့ပြန်လျှင် မေမြတ်ဆွေသွေးဆုတ်သွားပြီး ကျော်မြတ်ယျာကတော့ သူမ၏ပါးကို ဖြန်းကနဲရိုက်ချလိုက်၏။

"ခွေးမ. . မတရားစွပ်စွဲဦး၊ နင်သာ မာလီနဲ့ ညတိုင်းချိန်းတွေ့နေတာ ငါမသိဘူးမှတ်လို့လား၊ ဒါကြောင့် နင့်ပါးစပ်က စကားလုံးကြမ်းကြမ်းတွေထွက်ရဲတာ၊ မဟုတ်တာပြောရဲပြောကြည့်၊ နောက်တစ်ခါပြောရင် သတ်ပစ်မယ်"

အံသွားကြိတ်ပြီး သွားစေ့သံနှင့် ကျော်မြတ်ယျာခြိမ်းခြောက်လျှင် ကြည်ဖြူဆတ်ဆတ်တုန်သွားမိသည်။

လောလောဆယ် အရိုးကြူနှင့်သူမပဲ အိမ်မှာရှိသည်မဟုတ်ပါလား။ ဖေဖေ့ကိုကြည့်လိုက်တော့လည်း အိပ်ယာပေါ်မှာ အိပ်ပျော်လျက်။ အိပ်ပျော်နေတာလား။ သတိလစ်မေ့မျောနေတာလားပင် မသိနိုင်တော့ပါချေ။

ဖေဖေ့ဘက်ကြည့်လိုက်၊ ကျော်မြတ်ယျာကိုကြည့်လိုက်နှင့် ကြည်ဖြူကြောက်ရွံ့နေမိခိုက် မေမြတ်ဆွေက ဝင်ပြီးအော်ထုတ်လိုက်ပြန်သည်။

"သွား. . အရှက်မရှိတဲ့မိန်းမတွေ၊ နင့်ဖေဖေဆိုပေမယ့် အခု ငါယောကျ်ားဖြစ်သွားပြီ၊ နင်တို့ထွက်တော့"

လောလောဆယ် ဘာမှမတတ်နိုင်သည်မို့ ကြည်ဖြူနှင့်



အရိုးကြူမှာ အားမတန်မာန်လျှော့ပြီးထွက်ခဲ့ရသည်။

ဘုန်းခန့်လူလူကိုမျှော်နေတာလည်း မိုးလင်းသည်အထိ သူကပေါ်မလာပါချေ။ ကေန္တ. . ဖေဖေပြောဆို၊ ဟိန်းဟောက်လွှတ်လိုက်လို့များ အကြောက်လွန်သွားလေသလား။

ခြော်. . ချစ်သူကလည်း အရေးကြီးတော့ အားမကိုးရပါလားလေ။ ချစ်ခြင်းကိုသယ်ဆောင်လာတဲ့လေပြည်ဟာ သူမကို ဘယ်အခါများမှတိုက်ခတ်နှစ်သိမ့်စေနိုင်ပါ့မလဲကွယ်။

ယခုတော့ သဒ္ဓါကြည်ဖြူ့ခမျာ မျက်ရည်စက်လက်နှင့် သောကပရိဒေဝကို ရင်မှာပိုက်ပြီး ပူပြင်းသည့်ကန္တာရအလယ်မှာ တစ်ယောက်တည်း လျှောက်လှမ်းနေရသည့်နှယ်။

ပူလောင်ကျွမ်းမြေ့ရပါဘိလေ။

## အခန်း(၂၃)

စုန်းကားထဲက မှော်ဆရာတွေ ပညာပြိုင်နေကြသလိုပဲ။ အစွမ်းထက်လှသည့် မိစ္ဆာမောင်နှမက မနက်လင်းလျှင် နောက်တစ်ဆင့်တက်ချေပြီ။

မျက်နှာထားတင်းတင်းနှင့် စီမံခန့်ခွဲနေပုံက တကယ့်ကိုကြောက်စရာ၊ ရွံ့စရာ။ တိကောင်လိုလူ၊ မြွေလိုလူ၊ ဝံပုလွေလိုလူ။

စိတ်ထဲမှ အထပ်ထပ်အခါခါကျိန်ဆဲရင်း လူလူတို့ခြံဘက်သို့ သူမသွားပြီး အကူအညီတောင်းဖို့ပြင်သောအခါ ကျော်မြတ်ယျာက လုံးဝအပြင်ထွက်ခွင့်မပြုပါချေ။

"အခြေအနေတွေရှုပ်ထွေးနေလို့ ဘယ်သူမှအပြင်မထွက်ရဘူး၊ ငါ့ကိုမလိုမ့်တပတ်လုပ်လို့ရမယ်မထင်နဲ့၊ သေသွားမယ်"



ဘာပဲပြောပြော [illegible]ကိုကြောက်နေရသည်ပါပဲ။

ဖေဖေ့ကြည့်တော့[illegible]ည်း ငေါင်တိငေါင်တောင်။ ဇကန္တမူးယစ်ဆေးတွေ အဆမတန်ထိုးပေးထားခဲ့သလားမသိ။

နံနက်(၇)နာရီခွဲလောက်ထိ ရင်တထိတ်ထိတ်နှင့်နေနေကြရာမှ အိမ်ရှေ့သို့ ကားတစ်စီးဝင်လာလျှင် ကိုယ့်လူတွေလားဟု ကြည်ဖြူ မျှော်လင့်တကြီးလှမ်းကြည့်မိ၏။

"ဟင်း. . "

တစ်ယောက်မှ သူမ သိတာမပါ။ ပုံစံကြည့်ရတာ ကျော်မြတ်ယျာ၏အစီအစဉ်ပဲဖြစ်ရမည်။

"ကြွပါခင်ဗျာ. . ကြွပါ. . ရှေ့နေကြီးတို့အားမယ့်အချိန် စီစဉ်လိုက်ရတာပါ၊ ဟော. . မမတောင်ဆင်းလာပြီ"

ခြံထဲသို့ နောက်ထပ်ကားတစ်စီးဝင်လာပြီး လက်ထပ်ပွဲအတွက် သက်သေလိုက်မည့်လူများ ဆင်းလာကြပြန်သည်။ [illegible]လူတွေပါပဲ။ သဒ္ဒါကြည်ဖြူမှာ ထမင်းစားခန်းနှင့်ဧည့်ခန်းအကူးမှချောင်း[illegible]နေရ၏။

ဧည့်ခန်းထဲမှာ သတို့သားဝတ်စုံနှင့်ဖေဖေ။ နောက် အလှ

ဆုံးပြင်ဆင်ထားသည့် ဒေါ်မေမြတ်ဆွေ၊ နောက် ကျော်မြတ်ယျာ၊ ရွှေနေကြီးနှစ်ယောက်နှင့် သက်သေလေးယောက်။

ဘရုတ်သုက္ခမင်္ဂလာလက်မှတ်ထိုးပွဲကတော့ မမျှမတ။ ကျော်မြတ်ယျာက မင်္ဂလာယူပြီး သူမထံလှမ်းအော်ပြန်၏။

"ကြည်ဖြူ. . စားသောက်စရာတွေယူခဲ့လေ"

သူခိုင်းထားသည်မို့ အရီးကြူ မညိုနှင့် သူမတို့သုံးဦးမှာ မုန့်များနှင့်လက်ဖက်ရည်ပွဲများ ယူခဲ့ကြရ၏။

သည်ပွဲမှာ ဦးဆောင်ဒါရိုက်တာကြီးက ကျော်မြတ်ယျာ။ ဖေဖေကတော့ အိပ်ချင်မူးတူးရုပ်နှင့် ထုံထုံထိုင်းထိုင်း။ သို့သော် ကြည်ဖြူမျက်ရည်ကျနေတာကိုတော့ ဖေဖေမြင်ပါသည်။

"သ. . မီး. . ဘာဖြစ်. . လို့. . လဲ"

လေဖြတ်ထားသူလို အာလေးလျှာလေးနှင့် သုံးလေးခွန်း ဆက်တိုက်မေးနေလျှင် ကြည်ဖြူ မျက်ရည်တသွင်သွင်စီးကျမိ၏။

ဖခင်မေတ္တာဆိုတာ ဒါပဲ။ မသမာသူတွေကြောင့် ထုံထိုင်း မူးဝေနေရသည့်ကြားထဲမှပင် သမီးအတွက်ပူပန်စိတ်က အထင်း သား။ ကျော်မြတ်ယျာက သူမကိုအော်ထုတ်ပစ်လိုက်သည်။





"ဟာ. . ဒီကောင်မလေးကိုကသည်းတယ်၊ အဖေနောက် မိန်းမယူသွားတာများ ဒီလောက်ငိုနေစရာလား၊ သွား. . လုပ် စရာရှိတာလုပ်ချည်"

သူမတို့ကိုနှင်ထုတ်ပြီး ဧည့်ခန်းထဲမှာ ကျော်မြတ်ယျာနှင့် သူ့မိတ်ဆွေများဦးစီးကာ ဖေဖေနှင့်မေမြတ်ဆွေတို့၏မင်္ဂလာ လက်မှတ်ထိုးရန်ကိစ္စကို ဆောင်ရွက်နေကြ၏။

ကြည်ဖြူမှာ နှလုံးသားတွေတင်းကျပ်နာကျင်နေပြီး ဦးခေါင်း တစ်ခုလုံး မူးနောက်အော်ဂလီဆန်လာမိ၏။ သွားပြီ. . ငါတို့ သားအဖဘဝတော့ သွားပါပြီ။

ထမင်းစားခန်းထဲမှာ အရီးကြူ မညိုနှင့် ကြည်ဖြူတို့သုံး ယောက် ခေါင်းချင်းဆိုင်ပြီးမျက်ရည်ကျနေကြစဉ် အိမ်ရှေ့ဘက် မှအသံများကြားလိုက်ရသဖြင့် ကြည်ဖြူတို့သုံးယောက်သား အားတက်သွားမိကြပြီး ဧည့်ခန်းဘက်သို့အပြေးသွားလိုက်ကြ သည်။

ဧည့်ခန်းထဲမှာ ဘုန်းခန့်လူလူနှင့်ရဲအရာရှိများ။

"မလှုပ်နဲ့၊ ခင်ဗျားတို့မောင်နှမကို မတရားဖြားယောင်း သွေးဆောင်မှု၊ ခြိမ်းခြောက်မှု၊ လိမ်လည်မှုတွေနဲ့ ဖမ်းလိုက်ပြီ"

ရဲအရာရှိတစ်ဦးက သေနတ်နှင့်ချိန်ထားပြီး ကျန်ရဲအရာရှိ

များက သူမတို့မောင်နှမထံသွား ကျော်မြတ်ယျာက ဒေါသ
တကြီးတုံ့ပြန်၏။

"ကျုပ်တို့ကို ဘာဖြစ်လို့ အသားလွတ်စွပ်စွဲရတာလဲ၊ ဘာ
အထောက်အထားတွေရှိလို့လဲ၊ ခင်ဗျားတို့ကို အသရေဖျက်မှုနဲ့
ပြန်ပြီးတရားစွဲမယ်"

ရှေ့နေများနှင့် သက်သေများမှာ အံ့အားသင့်လျက်။

ရဲအရာရှိများက အားလုံးကိုပြောပြလိုက်ပြီး ဒ သင့်ပါလာ
သည့်ဆရာဝန်ကလည်း ထောက်ခံ၏။

"ဦးကြည်ဖြူအောင်ရဲ့အသွင်ကိုကြည့်ပါ၊ ဒါ မှန်မဟုတ်
ပါဘူး၊ မှုးယစ်ဆေးတွေ အဆမတန်ထိုးသွင်းခံထ လို့ တုံထိုင်း
ပြီး မှုးဝေနေတဲ့ရုပ်ပါ၊ ဒါကြောင့် ကျော်မြတ်ယျာ
တလည်း မောင်နှမအရ ... မြှုပ်နှံ ... နဲ့ သမီး
... ဘာမှမတော်တဲ့အမျိုး သူကိုနှစ်ယောက် ... လင်မယား
... ပါ"

အို. . "

ဝင်. . "

တာ. . "

ပရိသတ်များအားလုံး အာမေဋိတ်သံအမျိုးမျိုးနှင့်အံ့သြ





ကြိစဉ် ကျော်မြတ်ယျာက ဒေါသတကြီး နှင့် သဒ္ဓါကြည်ဖြူ
အနားသို့ ရုတ်တရက်ရောက်ရှိသွားပြီး ဓားနှင့်ထိုးလိုက်၏။

"အရှုပ်မ. . သေစမ်း"

သူတို့အကြောင်းကို ကြည်ဖြူဖော်သည်ထင်ပြီး ကျော်
မြတ်ယျာပေါက်ကွဲသွားခြင်းဖြစ်သည်။ သို့သော် သူ့အရိပ်အခြည်
ကြည့်နေသည့်ဘုန်းခန့်လူလူကလည်း စိုးရိမ်သောကကြောင့်
ထက်လျင်သည့်အဟုန်ဖြင့် သူ့ကိုတွန်းပစ်လိုက်လေရာ
ကျော်မြတ်ယျာ၏ဓားက ဘုန်းခန့်လူလူ၏ပခုံးသို့ ရှပ်ထိသွားလေ
သည်။

"အား. . ကို. . သေပါပြီ"

ကြည်ဖြူမှာ ဘယ်သူ ... ရှက်ဖိုင်တော့ဘဲ ဘုန်းခန့်လူလူ
ကိုသာ ဖေးမထားမိသည်။ ရဲအရာရှိများမှာလည်း ကျော်မြတ်
ယျာနှင့်မေမြတ်ဆွေကို လ ... ထိတ်ခတ်လိုက်ကြသည်။

တရားခံများကို ရဲကား ... မသွားမီ ရဲအရာရှိများက
ဦးကြည်ဖြူအောင်နှင့်ကြည်ဖြူကိုရှင်းပြကြသည်။

"ကျွန်တော်နဲ့လူ ... သူငယ်ချင်းတွေပါ၊ သူက ဥယျာဉ်
မှူးလုပ်ပြီး ကျွန်တော်ကတော့ ရဲတပ်ဖွဲ့ထဲဝင်ခဲ့တယ်၊ မနေ့
ကတည်းက ဒီအိမ်မှာဒီလိုဖြစ်နေပါတယ်ဆိုပြီး သူလာပြောထား

ခဲ့တယ်၊ သူ့စိတ်ထဲမှာ ကြည်ဖြူ့အတွက် အရမ်းစိုးရိမ်နေလို့ ဒီညလည်း ဒီအိမ်ထဲသူ ခိုးဝင်ခဲ့တယ်တဲ့၊ ည(၁၁)နာရီခွဲလောက်ကျတော့ သူတို့နှစ်ယောက် ဦးကြည်ဖြူအောင်ကို ဆေးတွေထိုး၊ ဒေါ်မေမြတ်ဆွေအခန်းထဲထည့်၊ နောက် အိမ်သားတွေကိုနှိုးပြနဲ့ ကလိမ်စေ့ငြမ်းဆင်ပြီး ခြိမ်းခြောက်မတရားမှုတွေလုပ်နေတာမို့ ခုမနက်အချိန်ကိုက်ပြီး ကျွန်တော်တို့ရောက်လာရတာပါ။ ကဲ. ကြည်ဖြူ. . ကျေးဇူးတင်စရာရှိရင် သူ့ကိုသာတင်ပေတော့ဗျို့၊ ကျွန်တော်ကတော့ ခင်ဗျားတို့မင်္ဂလာဆောင်ကျမှ အားပါးတရလာပြီးစားတော့၊ ဝါးတော့မယ်"

သူတို့ကိုနှုတ်ဆက်ပြီး ရဲကားနှင့်ထွက်ခွာသွားကြလျှင် ပထမဦးဆုံး သူမတို့မိသားစုဆရာဝန်က လူလူ့ကိုဆေးထည့်ပေး၏။

"ရှုပ်ထိသွားတာပါ၊ သေကွင်းနဲ့အဝေးကြီး"

လူငယ်နှစ်ယောက်၏အခြေအနေကိုသိပြီးမှ ဆရာဝန်ကြီးက ပြုံးပြုံးကြီးနှင့်ပြောပြီး ဦးကြည်ဖြူအောင်ကိုကုသပေးဖို့ လှည့်လိုက်လျှင် တိုက်ထဲသို့အပြေးလေးဝင်လာသည့်ချစ်သက်လူကို အရင်မြင်လိုက်ရသည်။

"အစ်ကို. . မသေကောင်း၊ မပျောက်ကောင်းအစ်ကိုရယ်"





ကြိုက်မရှက်၊ ချစ်မရှက်တဲ့။ ဘယ်သူ့ကိုမှမမြင်နိုင်ဘဲ ဦးကြည်ဖြူအောင်ကိုပြေးဖက်လိုက်လျှင် ဆရာဝန်ကြီးမှာ မျက်နှာပူချင်ချင်။

"ကဲ. . ကဲ. . သူလည်း သေကွင်းနဲ့အဝေးကြီးပါ၊ ကျွန်တော်ကုပေးပါရစေဦး"

ဧည့်ခန်းထဲမှာ ဖေဖေ၊ ချစ်သက်လူနှင့် ဆရာဝန်ကြီးကိုထားခဲ့ပြီး ဘုန်းခန့်လူလူနှင့် သဒ္ဒါကြည်ဖြူတို့ နှင်းဆီဥယျာဉ်လေးထဲသို့ဆင်းခဲ့ကြသည်။

နှင်းဆီဥယျာဉ်လေး၏အလယ်မှ စားပွဲခုံနှင့်ခုံပုလေးများမှာ အတူထိုင်ဖြစ်ကြသည့်အခါ ကြည်ဖြူ သူ့ဒဏ်ရာလေးကိုကြင်နာစွာအုပ်ကိုင်မိသည်။

"သနားလိုက်တာကိုရယ်၊ ကြည်ဖြူကတော့လေ ဖေဖေကို့ကို မတရားပြောလိုက်လို့များ ကြည်ဖြူ့ကိုပစ်သွားပြီလား၊ စိတ်နာသွားပြီလားရယ်လို့ အားငယ်ဝမ်းနည်းလိုက်ရတာလေ"

"အား. . ကျွတ်. . ကျွတ်. . အောက်ဆင်းထိုင်ကြမယ်ကွာ၊ ဝေးတယ်"

ထိုင်ခုံလေးများမှာထိုင်နေရာမှ လူလူ မြက်ခင်းပေါ်သို့

ဆင်းလျှင် ကြည်ဖြူမျက်စောင်းမထိုးရက်တော့ပါ။ သူ့အချစ်လေပြည်ကိုသိနေပြီလေ။

"ပိုလိုက်တာကိုရယ်"လို့တော့ သူ့ရင်ခွင်မှာ မျက်နှာအပ်ပြီးနွဲ့နွဲ့လေးပြောမိတာပေါ့။

"ကျွတ်. . ကျွတ်. . မပိုပါဘူးအချစ်ရယ်၊ ကိုလေ. . အစကကို့မှာ မာနတွေအများကြီးရှိတယ်လို့ထင်မိတာ၊ ခုကျ ကြည်ဖြူကိုချစ်လွန်းတော့ မာနတွေဘယ်ပျောက်ကုန်တယ်မသိပါဘူးကွာ၊ ကြည်ဖြူနဲ့ဝေးရမှာပဲ အရမ်းစိုးရိမ်မိတယ်လေ၊ ဒီတော့ ယောကျ်ားမကြီးကဘယ်လိုပဲ မှီချိုးမျှစ်ချိုးပြောပြော မျှော့လိုပဲကပ်နေရတာပေါ့"

"ကိုနော်. . တော်တော်အသားယူ. . ဟင်း. . "

သူမက ချစ်စနိုးဖြင့် ရင်ဘတ်ကိုဖွဖွထုလျှင်. . .

"အား. . သေပါပြီကွာ၊ ရက်စက်လိုက်တာ"

"ဘာဖြစ်လို့လဲကို၊ အနာကိုထိသွားလို့လားဟင်"

ကြည်ဖြူက စိုးရိမ်စကြီးနှင့် မော့မော့လေးမေးလျှင် ဘုန်းခန့်လူလူကလည်း အိုက်တင်အပြည့်နှင့်။

"နာတာပေါ့အချစ်ရယ်၊ တစ်ကိုယ်လုံးကို အထိမခံနိုင်အောင်နာနေတာ"





အယုယခံချင်သဖြင့် ဘုန်းခန့်လူလူ ကဲသဲနေလျှင် ကြည်ဖြူပညာပေးလိုက်သည်။

"အို. . ဆောရီးနော်ကို. . ကြည်ဖြူ နောက်ဆုတ်လိုက်မယ်"

သူဆွဲပွေ့ထားသဖြင့် ရင်ခွင်မှာမှီနေရသည့်ကြည်ဖြူက နောက်သို့ဆတ်ကနဲခွာထွက်လျှင် ဘုန်းခန့်လူလူမှာ ပြုံးဖြီးဖြီး။

"အား. . ရတယ်. . ရတယ်. . ဒီလောက်ကတော့ရတယ်၊ မှီထား၊ ဟိုထု. . ဒီထုသာမထုမိစေနဲ့"

"ဟင်း. . ကိုယူလည်ကြီး. . "

ချစ်သူနှစ်ဦး၏ရယ်သံလေးများက နှင်းဆီဥယျာဉ်လေးထဲမှာ လေပြည်ညှင်းနှယ် ရှပ်တိုက်သွားစဉ် ဆရာဝန်ကြီး ကားနှင့်ပြန်ထွက်သွားတာကို သူတို့တွေ့လိုက်ကြသည်။

"ဖေဖေ့ဆီသွားကြည့်ရအောင်ကို၊ ဖေဖေ့ခမျာ မူးယစ်ဆေးတွေထိုးခံထားရလို့ ထုံထိုင်းနေရတာ သနားပါတယ်"

"ချစ်ကလည်းကွာ. . အန်ကယ့်ကို မမပြုစုလိမ့်မှာပေါ့၊ သွားပြီးမရှုပ်နဲ့၊ ငရဲကြီးတတ်တယ်"

ချစ်သူကို ရင်ထဲမှာပွေ့ရင်း ဘုန်းခန့်လူလူကဲနေလျှင် ကြည်ဖြူ မျက်စောင်းထိုးမိ၏။

"ကိုကိုတို့ယောက်ျားလေးတွေဟာ အဲလိုချည်းပဲနော်၊ ချစ်သူက အခွင့်အရေးလေးနည်းနည်းပေးတာနဲ့ အကုန်အသုံးချတော့တာပဲ"

"အာ. . ဒီလိုတော့မပြောပါနဲ့ချစ်ရယ်၊ ဒါ အခွင့်အရေးယူတာမဟုတ်ရပါဘူး၊ ကြည်ဖြူ့အတွက်ဆို ကို့မှာ မအိပ်နိုင်၊ မစားနိုင်နဲ့ အမှုတော်တွေထမ်းပေးခဲ့တာလည်း ကြည့်ပါဦးကွယ်၊ တန်ပါတယ်နော်"

ပါးမို့မို့လေးကိုမွှေးကြူရင်း ဘုန်းခန့်လူလူ မချိမချဉ်ပြုံးနေလျှင် သည်တစ်ခါတော့ အသည်းယားလှသဖြင့် ကြည်ဖြူ သူ့ရင်ဘတ်ကြီးကို တကယ်ပင်ထုထည့်လိုက်၏။

"အား. . အား"နှင့် ကျီးကန်းကြီးလို သူအော်နေလည်း လှည့်မကြည့်တော့ဘဲ ဖေဖေ့ထံသို့ကြည်ဖြူပြေးသွားခဲ့လျှင် နှင်းဆီဥယျာဉ်လေးထဲမှာ ချစ်ခြင်းကိုသယ်ဆောင်လာသည့်လေပြည်ညှင်းတို့က လူလူ့ကိုလှောင်ပြောင်ပြီး တသုန်သုန်တိုက်ခတ်နေခဲ့လေသည်။

**သီရိကြယ်စင်**